# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၅၄]


ဒါန၃ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

# ရေဘေးသင့်ပြည်သူများ ရှင်သန်ရပ်တည်နိုင်ရေး အားသွန်ခွန်စိုက်လုပ်ဆောင်ခဲ့ လူမျိုး၊ ဘာသာခွဲခြားမှုမရှိဘဲ ဘေးဒုက္ခခံစားနေရသူများကို ဝိုင်းဝန်းကူညီစောင့်ရှောက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တီးတိန်မြို့ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးလှထွန်း၊ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ရဟတ်ယာဉ်များဖြင့် ချင်းပြည်နယ် တီးတိန်မြို့သို့ရောက်ရှိရာ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်းနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရေဘေးသင့်ဒေသနှင့် အလုပ်အကိုင်အခွင့်အလမ်း

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း စံချိန်တင်မိုးရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားကာ ပြည်သူအများစု လူမှုစီးပွားဘဝများ ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ကြရပါသည်။ ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အလုပ်အကိုင်များဖန်တီးပေးရေး အစီအမံလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

ဤသို့ အလုပ်အကိုင်များ ဖန်တီးပေးသည်ဆိုရာတွင် အဓိကအားဖြင့် ရေဘေးသင့်ဒေသများ၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ပါသည်။ ရေဘေးသင့်ဒေသများရှိ လူငယ်လူရွယ်များအား အပ်ချုပ်စက်သင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ဝါးအခြေခံသင်တန်း၊ သဘာဝသီးနှံသင်တန်း၊ ပန်းရန်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ မုန့်ဖုတ်နှင့်ဇာထိုးနည်းသင်တန်း၊ ပရိဘောဂသင်တန်း၊ လက်သမားသင်တန်း၊ ကြိမ်ထိုးသင်တန်း၊ မွေးမြူရေးနှင့်ကုသရေးသင်တန်းအစရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိပါသည်။

ထိုသို့ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားတတ်မြောက်ပြီးသော လူငယ်လူရွယ်များအား ပြည်တွင်းအလုပ်အကိုင် ခန့်ထားပေးနိုင်မည့်နေရာများနှင့် ချိတ်ဆက်ပေးနိုင်ရန် လိုပါသည်။ သို့မှသာ ရေဘေးသင့်ဒေသများ၌ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးရခြင်း အကျိုးကျေးဇူးသည် အောင်မြင်မှုရရှိသည်ဟု ဆိုနိုင်ပါသည်။ သို့မဟုတ်ချေက "တတ်ပြီးပညာ မလေ့လာ မကြာမရှည်ပျောက်တတ်သည်"ဟူသောစကားအတိုင်း သင်ကြားပေးရခြင်းသည် အချည်းအနှီးဖြစ်သွားနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်ပြီးသူများအား လုပ်ငန်းခွင်ရှိရာ နေရာများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။

ရေဘေးသင့်ဒေသနေ ပြည်သူများအနေဖြင့် ပြန်လည်ထူထောင်ရေးကာလတွင် မိမိတို့၏ မူလလုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်သူများရှိသလို ပြန်လည်မဝင်ရောက်နိုင်သည့်အခြေအနေမျိုးလည်း ရှိနိုင်ပါသည်။ ထိုအခါ အသက်မွေးဝမ်းကျောင်းပညာတစ်ခုခု သင်ယူတတ်မြောက်ထားခြင်းသည် အလုပ်အကိုင်ရရှိနိုင်ရန် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်လာပါသည်။ မိမိတို့သင်ယူထားသော အသက်မွေးဝမ်းကျောင်းပညာများသည် အလုပ်အကိုင်တစ်ခုခုရရှိနိုင်မည် ဖြစ်ပါသည်။ ဤကဲ့သို့သော သင်တန်းများကို ရေဘေးသင့်ဒေသများ၌ တစ်ကြိမ်မက တိုးချဲ့ပေးသင့်ပါသည်။ တတ်မြောက်ပြီးပညာများကို အကျိုးရှိစွာ အသုံးချသင့်ပါသည်။ ရေဘေးသင့်ဒေသများ၌ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးနိုင်မှုနှင့် လုပ်ငန်းခွင်အလုပ်နေရာများ ဆက်စပ်ပေါင်းကူးပေးနိုင်မှသာ ရေဘေးသင့်ဒေသနေပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပေးရာ ရောက်မည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

မွန်အမျိုးသားပါတီ၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၄ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FMတို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

# စားသုံးရန်မသင့်သော အစားအသောက်များဖျက်ဆီး

**လက်ပံတန်း စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့မစည်ပင်သာယာဈေးကြီးအတွင်း စက်တင်ဘာ ၂၂ ရက်က သာယာဝတီခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်သန်းနှင့် တာဝန်ရှိသူများပါဝင်သော မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့သည် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသော ပြည်သူများစားသုံးရန်မသင့်သည့် အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိစေရန် အသိပေးကြေညာပြီး စားသုံးရန်မသင့်သော အစားသောက်များကို စည်ပင်သာယာရုံးဝင်းအတွင်း မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာ-ထိုင်းနှစ်နိုင်ငံ စွမ်းအင်ဆိုင်ရာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်း




**နေပြည်တော် စက်တင်ဘာ ၂၃**

ပထမအကြိမ် မြန်မာ-ထိုင်းနှစ်နိုင်ငံစွမ်းအင်ဆိုင်ရာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းကော်မတီ ( The First Myanmar-Thailand Joint Working Group Meeting on Energy Cooperation -MTJWG) အစည်းအဝေးကို မြန်မာနိုင်ငံ၌ ပထမအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ယင်းကဲ့သို့ အစည်းအဝေးများ ကျင်းပရန် ဇွန် ၁၅ ရက်က နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပခဲ့သော မြန်မာ-ထိုင်းနှစ်နိုင်ငံ စွမ်းအင်ကဏ္ဍပူးပေါင်း ဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် တစ်စပ်တည်း ကျင်းပခဲ့သော ပထမအကြိမ် Joint Working Committee-JWC အစည်းအဝေးဆုံးဖြတ်ချက်အရ JWC အစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ်နှင့် တစ်နှစ်လျှင် လေးကြိမ် အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျ ကျင်းပလျက်ရှိသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံစွမ်းအင်ဝန်ကြီးဌာနများမှ ဒုတိယအတွင်းဝန်များဦးစီးကာ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ဓာတ်ငွေ့ပိုက်လိုင်းနှင့် ပြည်တွင်းပိုက်လိုင်းကွန်ရက် အဆင့်မြှင့်တင်ရေး လုပ်ငန်းများ၊ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းများ၊ ရေရှည်စွမ်းအင်လုံခြုံမှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များ၊ သဘာဝဓာတ်ငွေ့ရည် တင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းများ၊ ရေနံချက်စက်ရုံနှင့် ရေနံထွက်ပစ္စည်း အမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးမှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစသည့် Upstream နှင့် Downstream ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံနည်းပညာကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံတွင် High Technical Vocational School ဖွင့်လှစ်နိုင်ရေးကိစ္စများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကဏ္ဍလိုက် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မူကြိုကျောင်းများသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ အသင်းပိုင် မူကြိုကျောင်းများတွင် လိုအပ်လျက်ရှိသော အသုံးအဆောင်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းအတွင်းရှိ အသင်းရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသော တန်ဖိုးငွေကျပ် ၈၈ သိန်းကျော်တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းမျိုးစုံ ၁၆ မျိုးကို ခရိုင်အလိုက် မိခင်နှင့်ကလေး အသင်းပိုင်မူကြိုကျောင်းများ၏ တာဝန်ခံများထံသို့ ပေးအပ်ခဲ့သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၆၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၂၃၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၁ |
| ဥရောပ | တစ်ယူရို | ၁၄၅၉.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၉.၈၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၃၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၅၉ |
| တရုတ် | တစ်ယွမ် | ၂၀၂.၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၅၂ |

ခင်ရတနာ-စုစည်းသည်။





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့ ရာဇဂြိုဟ် ရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေ၊ တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တီးတိန်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ထွန်းဝှမ်းရိပ်သာ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ မိမိအနေဖြင့် ကလေးမြို့ နယ်မြေခံတပ်ရင်းတွင် တာဝန်ထမ်းဆောင်စဉ်ကပင် ချင်းပြည်နယ်သို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ကြောင်း၊ ချင်းပြည်နယ်တွင် သဘာဝဘေးကျရောက်ချိန်၌ မိမိလာရောက်ရန် ကြိုးစားခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် နှစ်ကြိမ်တိုင်တိုင် ခရီးစဉ်ကို ဖျက်ခဲ့ရကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လအတွင်း တိုင်းဒေသကြီးလေးခုနှင့် ပြည်နယ်နှစ်ခုတို့တွင် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးနှင့် ရှင်သန်ရပ်တည်နိုင်ရေးအတွက် အားသွန်ခွန်စိုက် လုပ်ဆောင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသားအားလုံး ကလည်း လူမျိုး၊ ဘာသာခွဲခြားမှုမရှိဘဲ ဘေးဒုက္ခခံစားနေရသူများကို ဝိုင်းဝန်းကူညီစောင့်ရှောက်ခဲ့ကြကြောင်း။

ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည့်အတွက် မူလအနေအထားသို့ ပြန်လည်ရောက်ရှိအောင်၊ ယင်းမှတစ်ဆင့် မူလထက် ပိုမိုကောင်းမွန်သောအနေအထားသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်အပါအဝင် ရေဘေးသင့်ဒေသများတွင် ပျက်စီးသွားသည့် နေအိမ်များကို ပြန်လည်ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ နေရာရွှေ့ပြောင်းတည်ဆောက်ရန် လိုအပ်သည့် နေအိမ်များကိုလည်း မြို့ပြအင်္ဂါရပ်နှင့်အညီ စနစ်တကျ ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်း။

တီးတိန်မြို့ ပတ်ဝန်းကျင်ကျေးရွာများမှ ပျက်စီးသွားသော နေအိမ်များကို တီးတိန်မြို့၌ နေထိုင်လိုပါက ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင် ဆက်လက် နေထိုင်လိုပါကလည်း ကူညီပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကာ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့်လည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် အစွမ်းကုန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ဒေသခံ ပြည်သူများကလည်း ရွေးကောက်ပွဲကာလတွင် တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိအောင် ကူညီဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရွေးကောက်ပွဲနေ့တွင်လည်း နိုင်ငံ့အကျိုး၊ ဒေသအကျိုးကို အကောင်အထည်ဖော်နိုင်မည့် ကိုယ်စားလှယ်များကို ပါတီစွဲ၊ ဒေသစွဲမထားဘဲ ရွေးချယ်တာဝန်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တီးတိန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တီးတိန်မြို့ ကယ်ဆယ်ရေးစခန်း အမှတ်(၂)သို့ရောက်ရှိပြီး ကယ်ဆယ်ရေးစခန်း၌ ယာယီအမိုးတဲများ စီစဉ်ဆောင်ရွက်ပေးထားမှုနှင့် ကယ်ဆယ်ရေးစခန်း အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ယင်း၌နေထိုင်လျက်ရှိသည့် သဘာဝဘေးဒဏ်သင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တီးတိန်မြို့ ကယ်ဆယ်ရေးစခန်း အမှတ်(၂)၌ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်စဉ်။
(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတက ကယ်ဆယ်ရေးစခန်း၌ နေထိုင်လျက်ရှိသည့် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ အဝတ်အထည်၊ စောင်နှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ချင်းပြည်နယ် တီးတိန်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားခဲ့သောကြောင့် အဆိုပါကျေးရွာများမှ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းနှစ်ခု ဖွင့်လှစ်ထားရှိရာ အမှတ်(၁)ကယ်ဆယ်ရေးစခန်းကို စကောလမ်း နှစ်ခြင်းဘုရားရှိခိုးကျောင်းတွင် ကဂင်ကျေးရွာမှ အိမ်ထောင်စု ၄၁ စုနှင့် လူဦးရေ ၁၉၈ ဦးကိုလည်းကောင်း၊ အမှတ်(၂)ကယ်ဆယ်ရေးစခန်းကို ကမ်းဟောက် ဘောလုံးကွင်း၌ ဝေါင်မွာလ်ကျေးရွာနှင့် ထင်ဇန်ကျေးရွာများမှ အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၂၈၈ ဦးကို လည်းကောင်း ပြောင်းရွှေ့ထားရှိပြီး ပြည်နယ်အစိုးရအဖွဲ့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တီးတိန်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ကလေးမြို့ ရာဇဂြိုဟ်ရေလှောင်တမံသို့ရောက်ရှိပြီး တမံကြံ့ခိုင်မှုအခြေအနေ၊ တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေပိုလွှဲမှရေကျော်ကျမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် လုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်မော်နိုင်က ဇူလိုင်လလယ်ခန့်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကိုမန်ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ထူးကဲစွာ မိုးရေချိန်စံချိန်သစ်များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ရာဇဂြိုဟ် ရေလှောင်တမံအတွင်း ရေဝင်ရောက်ခဲ့မှုနှင့် ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ၊ ရေလှောင်တမံအတွင်း သစ်တုံးများ မျောပါဝင်ရောက်ခဲ့မှုနှင့် ဆယ်ယူခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၄ ကော်လံ ၁ သို့*



ရာဇဂြိုဟ်ရေလှောင်တမံ ရေပိုလွှဲတွင် ပိတ်နေသည့် သစ်တုံးများ၊ အမှိုက်များအား စက်ယန္တရားများဖြင့် (၁-၈-၂၀၁၅)ရက်က ရှင်းလင်းနေစဉ်။
(ဆည်/မြောင်း)

# ချင်းပြည်နယ်မှ သဘာဝဘေးသင့်ပြည်သူများ၏ စကားသံ

**ချင်းပြည်နယ်၌ ကိုမန်ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားခဲ့သည့်အတွက် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်၌ နေအိမ်ပေါင်း ၁၁၂၆ လုံး ပျက်စီးဆုံးရှုံးခဲ့သည်။**

အချို့နေရာများ၌ မြေသားခိုင်မာမှုမရှိ၍ အန္တရာယ်ရှိပြီး ဆက်လက်နေထိုင်ရန် မသင့်ဘဲပြောင်းရွှေ့ရမည့်အခြေအနေများ ဖြစ်ပေါ်လာခဲ့သည်။ ယခုကဲ့သို့ မမျှော်လင့်ဘဲ သဘာဝဘေးအန္တရာယ်ကို တွေ့ကြုံခံစားခဲ့ကြရသည့် ဒေသခံပြည်သူများ၏ စကားသံအချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**ပြာခပန်း**
**နည်းပြ(၂)၊ မူလတန်းပြဆရာမ**

ကျွန်မတို့က ခုနစ်လပိုင်း မိုးရွာတာကတော့ ၁၅ ရက်က စရွာတယ်။ ကျွန်မက အဲ့ဒီကျောင်းရဲ့ ကွာတားမှာ နေပါတယ်။ အဲ့ဒီကွာတားကနေ



မြေပြိုတဲ့ အခြေအနေရောက်တော့ ကျွန်မတို့က အထက(၂) ကယ်ဆယ်ရေးစခန်းကို ရောက်ခဲ့ရပါတယ်။ ကျွန်မတို့ကို အစိုးရဘက်ကနေပြီးတော့လည်း ကူညီတယ်၊ ပြီးတော့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းဘက်ကလည်း ကူညီတယ်။ ကျွန်မတို့ အခုထိတော့ ကောင်းကောင်းမွန်မွန်နေနေပါတယ်။ ကျွန်မတို့ကျောင်းကြီးကလည်း ပြိုနေပြီဆိုတော့ ကျွန်မတို့ ကျောင်းလည်းပဲ အဲ့ဒီအထက(၂)မှာ တက်ပြီးတော့ အိမ်ရှင်ကျောင်းကတော့ မနက်ပိုင်းမှာ သူတို့တက်တယ်၊ နံနက် ၇ နာရီကနေ မွန်းတည့် ၁၂ အထိ၊ ကျွန်မတို့က မွန်းလွဲ ၁ နာရီကနေ ညနေ ၆ နာရီ ၁၅ မိနစ်အထိ တက်ရပါတယ်။ အခုလို ကျွန်မတို့ ပြည်နယ် နေရာဒေသအထိ သမ္မတကြီးကိုယ်တိုင်လာပြီးတော့ အားပေးစကားတွေပြောတယ်၊ ပြီးတော့မှ အလှူပစ္စည်းတွေပေးတယ်။ အမျိုးမျိုးအဘက်ဘက်ကနေ ကူညီပေးတဲ့အတွက် သမ္မတကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်။

**သိက္ခာတော်ရဆရာဒေါက်တာ ဆခါး**
**ကချင်နှစ်ချင်းအသင်းတော်**
**သင်းအုပ်ဆရာ**

ဒီလို သဘာဝဘေးအန္တရာယ်



ကြုံတွေ့တဲ့အခါမှာ မမျှော်မှန်းနိုင်တဲ့ အနေအထား ဖြစ်တာကတစ်ကြောင်း၊ မကြုံဖူးတဲ့ အနေအထားဖြစ်တဲ့အတွက်ကြောင့် တစ်ခါတည်း ဖြစ်တာနဲ့ လန့်ပါတယ်။ အဲ့ဒါက သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့မှာ မကြုံဖူးတဲ့ မိုးရွာသွန်းမှုကလည်း အဆက်မပြတ် ခုနစ်ရက်လောက် ကြုံတဲ့အခါမှာ မြေကြီးကမခံနိုင်လို့ ဖြစ်တဲ့သဘောပဲလို့ ခံယူလိုက်ပါတယ်။ သို့သော်လည်း ဒီလိုဖြစ်လာတဲ့အခါ လူနေထိုင်မကောင်းတော့တဲ့ နေရာတွေက ရွှေ့ပြီးတော့ တခြားသင့်တော်တဲ့နေရာကို အစိုးရက လုပ်ပေးနိုင်ရင်တော့ အကောင်းဆုံး မျှော်မှန်းထားတဲ့အရာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေရာကိုပဲ နှစ်သက်ပါတယ်။ သို့သော်လည်းပဲ လုံးဝမသင့်တော်တော့တဲ့အထဲက နေဖို့မကောင်းတော့ဘူး၊ ပြောင်းရမှာဆိုတဲ့ အချက်ဖြစ်လာရင်တော့ ကျွန်တော်တို့က အသက်အိုးအိမ်ဆိုတာ အရေးကြီးတဲ့အတွက် နေထိုင်လို့ မကောင်းတော့ဘူးလို့ သတ်မှတ်လိုက်တယ်ဆိုရင် ပြောင်းဖို့ရွှေ့ဖို့ကိုလည်း ဆုံးဖြတ်ပြီးသား ဖြစ်ပါတယ်။

သမ္မတကြီးကို တောင်းဆိုချင်တာကတော့ အခုလောလောဆယ် အိမ်ခြေ ၇၀၀ လောက် ပြောင်းရွှေ့ဖို့ သေချာသလောက်ဖြစ်နေပါပြီ။ ဒီလို ပြောင်းရွှေ့တဲ့အခါမှာလည်း ပြောင်းရွှေ့သွားတဲ့ အိမ်ထောင်စုမိသားစုတိုင်းကိုလည်း သမ္မတကြီးက အကောင်းဆုံး နှစ်သိမ့်ပေးတဲ့အနေနဲ့ ကူညီပေးဖို့ တောင်းဆိုလိုပါတယ်။ နောက်ပြောင်းရွှေ့တဲ့အခါမှာလည်း ဘုရားကျောင်းတွေ ဆောက်တဲ့အခါမှာလည်း အတတ်နိုင်ဆုံးကူညီပြီးတော့ အကောင်းဆုံးဆောက်လုပ်ပေးခြင်းကအစ၊ မြေကြီးကိစ္စကအစ အားလုံးဖြည့်ဆည်းပေးနိုင်ရင်တော့ အကောင်းဆုံးဖြစ်မှာပါ ဆိုတာကို သမ္မတကြီးကို တင်ပြချင်ပါတယ်။

**ဦးခွန်လျှံထွန်း**



ကျွန်တော်တို့ ဟားခါးမြို့နယ်က အရင်ကဆို ဒီလို သဘာဝဘေးအန္တရာယ် ကြုံဖူးတဲ့မြို့နယ်တော့ မဟုတ်ဘူးပေါ့လေ။ အခုဟာက မမျှော်လင့်ဘဲနဲ့ သဘာဝဘေးအန္တရာယ်ကြုံတွေ့တဲ့အခါကျတော့ ကျွန်တော်တို့ နှစ်ပေါင်းဒီလောက်ကြာမှ တစ်ခါမှ မကြုံတွေ့ဖူးတဲ့ အခြေအနေကို တွေ့ရပါတယ်။

မြေကလည်း ပြိုတာမဟုတ်ဘဲနဲ့ အကုန်လုံး အက်ကွဲတာ။ ပြီးတော့မှ နေလို့ မရအောင်ကို တော်တော်ပျက်စီးတာတွေ့ရပါတယ်။ အခုလောလောဆယ် အဲဒီမှာ ကျွန်တော်တို့ မနေနိုင်တော့ဘဲ တခြားကယ်ဆယ်ရေးစခန်းမှာ သွားနေရပါတယ်။ အခုဆို ကယ်ဆယ်ရေးစခန်းမှာ နိုင်ငံတော်က ကူညီထောက်ပံ့တာနဲ့ NGO အဖွဲ့တွေကလည်း ကူညီထောက်ပံ့တာနဲ့ တော်တော်လေးကို အဆင်ပြေနေပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကိုလည်း အခုလိုလာပေးတဲ့အတွက် အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

**ဒေါ်ခွာကီး**



ဟားခါးမှာနေတာ အသက် ၄၀ လောက်ရှိပြီ။ အန်တီက ဒီဟားခါးဇာတိ မဟုတ်ဘူးလေ။ အန်တီက ဒီဟားခါးနဲ့ မိုင် ၂၀ လောက်ဝေးတယ်။ အဲဒီမှာနေတယ်။ ဈေးရောင်းတာ အခုသိပ်မကောင်းပါဘူး။

**ဦးကမ်လင်းထန်း**
**တီးတိန်မြို့ မြို့မိမြို့ဖတစ်ဦး**




ကျွန်တော်တို့ မိုးကြီးပြီးတော့ ရွာတွေပျက်စီးနေတဲ့အချိန်မှာ လတ်တလော ဆန်ရေစပါးအခက်အခဲကြုံရပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့ မမျှော်လင့်ဘဲနဲ့ နယ်မြေခံတပ်ရင်းကနေ ဆန်၊ ဆီ၊ ကုလားပဲတွေ ထောက်ပံ့ပေးတဲ့အတွက် တပ်ရင်းကိုလည်းကောင်း၊ တပ်မတော်နဲ့အားလုံးကိုလည်းကောင်း၊ ကျွန်တော်တို့မြို့မိမြို့ဖတွေနဲ့ တစ်မြို့လုံးက အထူးကျေးဇူးတင်ပါတယ်။ ဒ့ါအပြင် လက်ရှိအစိုးရသစ်တက်လာတဲ့အချိန်မှာ ခုတင် ၁၀၀ ဆေးရုံကို ကျွန်တော်တို့ရခဲ့ပါတယ်။ ခုတင် ၁၀၀ မရခင်တုန်းကဆိုရင် ကျွန်တော်တို့ လူနာတွေကို အနည်းနဲ့အများ ကလေးမြို့ကိုသွားလိုက်၊ ဖလမ်းမြို့ကို သွားလိုက်ပေါ့။ ဒီအချိန်မှာတော့ သွားစရာမလိုတော့ဘဲနဲ့ ဒီမှာ အထူးကုဆရာဝန်တွေရှိလို့ ပြည်သူတွေအတွက် များစွာအကျိုးဖြစ်ထွန်းခဲ့ပါတယ်။ ကျေးဇူးလည်းအများကြီး တင်ပါတယ်။ **(သတင်းအဖွဲ့)**

*စာမျက်နှာ ၃ မှ*

ထို့နောက် နိုင်ငံတော်သမ္မတက ဆည်ကြခိုင်ထိန်းသိမ်းမှုလုပ်ငန်းများ မျက်ခြည်မပြတ် ဆောင်ရွက်ရန်နှင့် ရေဝေရေလဲဒေသများ၌ ရွှေ့ပြောင်းတောင်ယာခုတ်ခြင်း၊ တရားမဝင် သစ်ထုတ်လုပ်ခြင်းများကြောင့် သစ်တောများပြုန်းတီးမှုမဖြစ်အောင် ကာကွယ်တားဆီးရန် လိုအပ်ပါကြောင်း၊ ယခုရေကြီးရေလျှံမှုကြောင့် နုန်းဖုံးသွားသော လယ်မြေများ၌ စပါးစိုက်ပျိုးရန် အချိန်မမီတော့သည့်အတွက် အောက်တိုဘာလကုန်ခန့်တွင် ပြန်လည်ထွန်ယက်ပြီး ဆောင်းသီးနှံများဖြစ်သည့် နေကြာနှင့် ပဲအမျိုးမျိုးကို စိုက်ပျိုးရန် လိုအပ်ပါကြောင်း။

ထိုကဲ့သို့ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သောမျိုးနှင့် ထွန်စက်များကို ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း၊ တောင်ပေါ်ဒေသတွင် ဖြစ်ပေါ်နေသည့် သဘာဝတောင်ပြိုရေကန်နေရာများကို ကွင်းဆင်းစစ်ဆေးပြီးပါက အန္တရာယ်မဖြစ်စေဘဲ ရေလမ်းကြောင်း ပြန်ဖွင့်နိုင်မည့် နည်းလမ်းများကို တင်ပြဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထိုကမ်းများကြောင့် အန္တရာယ်ဖြစ်နိုင်သည့် ကျေးရွာများရှိပါက ကြိုတင်သတိပေးထားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကလေးမြို့သို့ရောက်ရှိပြီး အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# မြန်မာနှင့် စင်ကာပူ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် Media Crisis Management သင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၂၃**

ပဋိပက္ခများနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ ဌာနများအနေဖြင့် မီဒီယာဖြင့် ကာကွယ်နိုင်ရန်နှင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန် ဖြေရှင်းနိုင်ရန်ရည်ရွယ်ကာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် စင်ကာပူသံရုံးတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် Media Crisis Management သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ပဋိပက္ခများဖြစ်ပွားရာတွင် ပဋိပက္ခများ ပို၍ မကြီးကျယ်စေရန်၊ လျော့နည်းသွားရန်၊ ပျောက်ပျက်သွားရန်နှင့် ပြည်သူများထံ အမှန်သတင်းများရောက်ရှိစေရေးဆောင်ရွက်နိုင်ရန်၊ သတင်း၏ နောက်ဆက်တွဲနှင့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့်ဆိုးကျိုးများ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်နိုင်ရန်၊ စီမံဆောင်ရွက်နိုင်ရန်စသည့် ကိစ္စရပ်များကို နည်းပြများက အတွေ့အကြုံများနှင့်ယှဉ်ပြီး ပို့ချခဲ့ပါကြောင်း၊ ပြည်သူအတွက် သတင်းအမှန်ကို ပေးနိုင်မှသာ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စင်ကာပူသံရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ် မစ္စတာကော်ချီချင်နှင့် သင်တန်းနည်းပြများ၊ တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသားသင်တန်းသူများကို သင်တန်းမှရရှိခဲ့သည့်အတွေ့အကြုံနှင့် ဗဟုသုတဆိုင်ရာများကို မေးမြန်းခဲ့ရာတွင် "အခုအချိန်မှာ မီဒီယာလောက က အလွန်အရေးကြီးနေပါပြီ။ ကျွန်တော်တို့ဌာနတွေအနေနဲ့လည်း ဒီလိုသင်တန်းတွေ တက်ရောက်ရတဲ့အတွက် လုပ်ငန်းဆိုင်ရာကိစ္စတွေမှာ ကျယ်ကျယ်ပြန့်ပြန့် သတင်းထုတ်ပြန်ပေးနိုင်မှာဖြစ်ပါတယ်။ အလားတူ ပြည်သူထံမှ သတင်းပိုင်းဆိုင်ရာတွေကိုလည်း ပိုပြီးကျယ်ကျယ်ပြန့်ပြန့် သိလာနိုင်မှာဖြစ်ပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးနေမျိုးအောင်က ပြောကြားသည်။

မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဘုန်းခန့်အောင်က "ဒီသင်တန်းကို တက်ရောက်ခြင်းအားဖြင့် ကိုယ်ကျင်လည်နေတဲ့ နယ်ပယ်အတွင်းမှာ နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပြည်သူတွေအတွက် အတိုင်းအတာတစ်ခုအထိ အထိတ်တလန့်နဲ့ စိုးရိမ်ပူပန်မှု ဖြစ်စေမယ့် ကောလာဟလသတင်းတွေကို ချေဖျက်ပစ်နိုင်မယ့် အခွင့်အရေးတွေ ရရှိလာတယ်လို့ စိတ်ထဲမှာ ခံစားရပါတယ်" ဟု ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်စန်းက "ဒီလိုသင်တန်းမျိုးကို တက်ရောက်ရတဲ့အတွက် အတွေ့အကြုံတွေ အများကြီးရပါတယ်။ ကိစ္စတစ်စုံတစ်ခု ဖြစ်ပေါ်လာတဲ့အခါ တခြားသတင်းဌာနက မထုတ်ပြန်နိုင်သေးတဲ့ သတင်းအချက်အလက်တွေကို ကျွန်မတို့အနေနဲ့ ချက်ချင်းလက်ငင်းသိရှိလာချိန်မှာ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်နိုင်မှာဖြစ်ပါတယ်။ ဒီလိုသင်တန်းမျိုးတက်ခွင့်ရလို့ ပညာတွေ အများကြီးရရှိပါတယ်။ ဒီလိုသင်တန်းမျိုးကို အခြားဆက်စပ်ဌာနတွေအနေနဲ့လည်း တက်ရောက်ကြတာကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ နယ်တွေမှာက တစ်ခုခုဖြစ်လာပြီဆိုရင် ဌာနဆိုင်ရာတွေအားလုံး ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ကြရတာဖြစ်လို့ပါ" ဟု ဖြေကြားသည်။

ကမ္ဘာပေါ်ရှိ နေရာဒေသအသီးသီးတွင် အဓိကရုဏ်းများ၊ အကျပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်များနှင့် လူစုလူဝေးဆိုင်ရာများဖြစ်ပွားကြသည့် အချိန်အခါမျိုးတွင် မီဒီယာဖြင့် မည်သို့မည်ပုံ စီမံခန့်ခွဲဆောင်ရွက်ရန် လိုအပ်သည်၊ မည်သို့ ကြိုတင်ကာကွယ်မည်၊ ဖြစ်ပွားပြီးပါကလည်း မည်သည့်နည်းဖြင့် လုပ်ဆောင်ရမည်၊ ကျော်လွှန်ဖြတ်သန်းနိုင်မည် စသည့်ကိစ္စရပ်များကို မီဒီယာဖြင့် စီမံခန့်ခွဲမှု ပြုလုပ်နိုင်စေရန်အတွက် စင်ကာပူနိုင်ငံ၏ အကူအညီဖြင့် ပြုလုပ်ခဲ့သည့် အဆိုပါသင်တန်းသည် မီဒီယာနှင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် အလွန်တန်ဖိုးရှိသည့် အတွေ့အကြုံ၊ ဗဟုသုတနှင့် သင်ခန်းစာများ ရရှိခဲ့ကြသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၁ ရက် မှ ၂၃ ရက်အထိ ၃ ရက်ကြာပို့ချခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာနှင့် ရုံးများမှ အမှုထမ်း၊ အရာထမ်း သင်တန်းသား ၃၃ ဦး တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံ

**ပင်းတယ စက်တင်ဘာ ၂၃**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပင်းတယမြို့ရှိ ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပရာအခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးနွံတောင်းနှင့် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်တို့က အမှာစကားပြောကြားပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးငွေစိုးက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို တင်ပြဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

**စာအုပ်စာပေ**
**လူ့မိတ်ဆွေ**

# နိုင်ငံတော်သမ္မတဦးသိန်းစိန် သဘာဝဘေးဒဏ်သင့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟားခါးမြို့ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအား ထောက်ပံ့ပစ္စည်း ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တီးတိန်မြို့ကယ်ဆယ်ရေးစခန်း အမှတ်(၂)ရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံရှိ ဒေသခံအလုပ်သမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့နယ် ပျဉ်သာကျေးရွာရှိ ဒေသခံများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တီးတိန်မြို့ ကယ်ဆယ်ရေးစခန်း အမှတ်(၂)ရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)







ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစိုတို့ KOYORAD စက်ရုံတွင် လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

● ကျော်ဖုံးမှ

ရှေးဦးစွာ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ယိုစုကီ တာကာကီတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် ရင်းနှီးတည်ဆောက်သူ မြန်မာ-ဂျပန် သီလဝါတည်ဆောက်ရေး ကုမ္ပဏီလီမိတက်တို့သည် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ရှေ့မှောက်တွင် သဘောတူညီကတိကဝတ်ပြုလုပ်ကာ သီလဝါအထူးစီးပွားရေးဇုန် ခရီးလမ်းကို စတင်လျှောက်လှမ်းခဲ့ကြပါကြောင်း၊ ယခုဖွင့်လှစ်သည့် သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှု၏ ပြယုဂ်ဖြစ်ပါကြောင်း၊ စိန်ခေါ်မှုများစွာကို ကောင်းတူဆိုးဖက် ဖြတ်သန်းလျက် နှစ်နိုင်ငံ အတူတကွ စီမံပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ပြီး အတူတကွ အောင်မြင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံ ပုဂ္ဂလိကကဏ္ဍတို့၏ကတိကဝတ်ပြုမှုနှင့် အထောက်အပံ့များမပါဘဲ ယခုအဆင့်သို့ မည်သို့မျှ ရောက်ရှိနိုင်မှာ မဟုတ်ပါကြောင်း၊ သီလဝါအထူး စီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ ပထမဆုံး အထူးစီးပွားရေးဇုန်ဖြစ်သည်နှင့်အညီ မိမိတို့၏ ရည်မှန်းချက်သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြင့်မားရေးဆိုသည့် ဒေသတွင်းနိုင်ငံများ၏ သာမန်ရည်မှန်းချက်ထက် များစွာ ပိုမိုပါကြောင်း၊ မိမိတို့၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပါရာဒိုင်းအရွှေ့(Paradigm shift)ပင်ဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအတွက် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဖန်တီးရန်အတွက် အတွေးအမြင်အသစ်များ၊ မူဝါဒအသစ်များ၊ လုပ်ထုံးလုပ်နည်းအသစ်များနှင့်အတူ အခန်းကဏ္ဍများစွာတွင် ညှိနှိုင်းပေါင်းစပ် အဆင်ပြေစေမည့် ရင်းနှီးမြှုပ်နှံပုံစံကို သီလဝါအထူးစီးပွားရေးဇုန်အဖြစ် စတင်ခဲ့ပြီးဖြစ်ပါကြောင်း။

" နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် တစ်ဆင့်ချင်း တစ်ဆင့်ချင်း ခိုင်ခိုင်မာမာဖြင့် တိုးတက်လာ။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အစိုးရနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များပူးပေါင်းကာ တက်တက်ကြွကြွဖြင့် အစွမ်းကုန်အားပေးထောက်ပံ့လျက်ရှိ။ "

**မစ္စတာ တာရိုအာစို**
**(ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး)**

သီလဝါ အထူးစီးပွားရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံသူများကလည်း တာဝန်သိ ရင်းနှီးမြှုပ်နှံမှုများအဖြစ် နမူနာကောင်းကို ပြသနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ချက်ကို ပြုလုပ်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်အား နိုင်ငံတကာ အကြံပေးအဖွဲ့ဖြင့် ရေးဆွဲ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ စက်မှုကဏ္ဍကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေနိုင်သည်ဆိုသည်ကိုလည်း သီလဝါအထူးစီးပွားရေးဇုန်က သက်သေပြနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။



ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစို နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

## သီလဝါ အထူးစီးပွားရေးဇုန်သည် မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေးမှ ပေါက်ဖွားလာခြင်းဖြစ်သော်လည်း နိုင်ငံတကာတာဝန်သိ ရင်းနှီးမြှုပ်နှံသူအားလုံးကို တံခါးဖွင့်ကြိုဆိုလျက်ရှိ

မြန်မာနိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုအပြောင်းအလဲ သမိုင်းတစ်ကွေ့ကို မိတ်ဆွေ ဂျပန်နိုင်ငံနှင့်အတူ ဖြတ်သန်းခွင့်ရရှိသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အလားတူ သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူမိတ်ဆွေများကလည်း မိမိတို့နှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူကြမည်ဟု ယုံကြည်ပါကြောင်း။

ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် သီလဝါအထူးစီးပွားရေးဇုန်၌ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသော One Stop Service Centre သည် အလွန်အရေးကြီးကြောင်း၊ မလိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို လျှော့ချ၍ လွယ်ကူရှင်းလင်းပြီး မြန်ဆန်သော လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးရန် တည်ထောင်ခဲ့ပြီး စံပြုလုပ်ထုံးလုပ်နည်းများကိုလည်း ရေးဆွဲခဲ့ကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်သည် မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေးမှ ပေါက်ဖွားလာခြင်း ဖြစ်သော်လည်း နိုင်ငံတကာတာဝန်သိ ရင်းနှီးမြှုပ်နှံသူအားလုံးကိုလည်း တံခါးဖွင့်ကြိုဆိုလျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း ရပ်ဝေးရပ်နီး နိုင်ငံပေါင်းစုံက ရင်းနှီးမြှုပ်နှံသူများသည် သီလဝါအထူးစီးပွားရေးဇုန်တွင် စိတ်အားထက်သန်စွာဖြင့် ရင်းနှီးမြှုပ်နှံရန် လာရောက်စာရင်းပေးထားပြီးဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူအားလုံးကို သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစိုက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များသည် တစ်ဆင့်ချင်း တစ်ဆင့်ချင်း ခိုင်ခိုင်မာမာဖြင့် တိုးတက်လာပါကြောင်း၊ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ အသစ်တစ်ဖန် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းကာ တက်တက်ကြွကြွဖြင့် အစွမ်းကုန်အားပေးထောက်ပံ့လျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးနှင့် ထောက်ပံ့ရေးများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကာ ကောင်းမွန်သည့် လည်ပတ်မှုကို ဖော်ဆောင်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှု၏ အသီးအပွင့်များကို မြန်မာပြည်သူပြည်သားများ လက်တွေ့ခံစားနိုင်ရန် အရေးကြီးပါကြောင်း၊ ရန်ကုန်မြို့ပြ၏အနီးတွင် တည်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာနိုင်ငံအတွက် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်စွမ်းကို ဖြစ်စေမည့် အထူးအရေးပါသည့် စီမံကိန်းဖြစ်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန်သို့လည်း လာရောက်ခဲ့ပါကြောင်း၊ ယခု နှစ်နှစ်အကြာတွင် သီလဝါသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည်ကို တွေ့မြင်ရပါကြောင်း၊ ၂၀၁၄ မေလတွင် မြေနေရာစတင်ရောင်းချခဲ့သည့် အချိန်မှစ၍ ယခုအချိန်ထိ ကုမ္ပဏီပေါင်း ၄၇ ခု ရင်းနှီးမြှုပ်နှံမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ယင်းကုမ္ပဏီများသည်




ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစိုတို့ ရှေ့မှောက်၌ သီလဝါအထူးစီးပွားရေးဇုန် ဒုတိယအဆင့်စီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုဧရိယာအဖြစ် အကောင်အထည်ဖော်ရန် နားလည်မှုစာချွန်လွှာကို နှစ်နိုင်ငံ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

**သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းသည် ဟက်တာ ၂၄၀၀ ကျယ်ဝန်းသည်။ စီမံကိန်းပထမအဆင့်အဖြစ် ၃၉၆ ဟက်တာကို အကောင်ထည်ဖော်ခဲ့ခြင်းဖြစ်။**

**လူနေနှင့် စီးပွားရေး ဧရိယာ ၃၅ ဟက်တာလည်း ပါဝင်။ စီမံကိန်းပထမအဆင့် အမေရိကန်၊ ဆွီဒင်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဩစတြေးလျနှင့် အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၇ ခု လုပ်ကိုင်ခွင့်ရရှိထား။**

**စီမံကိန်းပထမအဆင့် ဧရိယာအတွင်း ကုမ္ပဏီ ၁၃ ခုမှာ ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်။**

# တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် တပ်မတော်ကကြိုးစားနေသကဲ့သို့ ဒေသခံများကလည်း ဝိုင်းဝန်းကူညီ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကယားပြည်နယ်ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာများပေးအပ်လှူဒါန်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများပေးအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (မြဝတီ)

**နေပြည်တော် စက်တင်ဘာ ၂၃**

တိုင်းရင်းသားများ စုစည်းနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်၊ မြန်မာဆိုသည့် စိတ်ဓာတ်တို့ဖြင့် ဝိုင်းဝန်းလုပ်ဆောင်မည်ဆိုပါက တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ မိဘ၊ ဆရာ အုပ်ချုပ်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပညာရေးတိုးတက်ကောင်းမွန်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူရမည်ကို တွေ့မြင်နိုင်ပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာများပေးအပ်လှူဒါန်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများပေးအပ်လှူဒါန်းခြင်း အခမ်းအနား၌ ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အေးလွင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကယားပြည်နယ်သည် ယခင်က တည်ငြိမ်အေးချမ်းမှုမရှိ၍ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေး အစွမ်းကုန်ကြိုးစားခဲ့ရပါကြောင်း၊ ၂၀၁၁ ခုနှစ်နှောင်းပိုင်းမှစ၍ ကယားပြည်နယ်တွင် သိသာစွာပြောင်းလဲသွားပြီး တည်ငြိမ်အေးချမ်းရေးအသီးအပွင့်ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုများ ခံစားနေရပြီဖြစ်ပါကြောင်း၊ မိမိတို့၏ ပြင်းပြသောဆန္ဒမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာဖြင့် တိုင်းပြည်တိုးတက်အောင် လုပ်ဆောင်ရန်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးမြင့်မားရန် လိုအပ်သဖြင့် ပညာရေးမြင့်မားရေးအတွက် တတ်နိုင်သမျှ ကူညီဆောင်ရွက်ခဲ့ကြောင်း၊ အနာဂတ်ဖွံ့ဖြိုးရေးအတွက် လူငယ်လူရွယ်များအပေါ် များစွာမူတည်ပါကြောင်း၊ လူငယ်လူရွယ်များ၏အခန်းကဏ္ဍကြီးမားခြင်းကြောင့် စာသင်ကျောင်းများတွင် ပညာသင်ကြားရေး၊ ပညာကြိုးစားရေး၊ ပညာရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် ဒေသကို အထောက်အကူပြုရမည်ဖြစ်ကြောင်း၊ ယခုကွန်ပျူတာများ ထောက်ပံ့ပေးခြင်းသည် ပညာသင်ကြားရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ပညာသင်ကြားနိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်မှုလည်း အရေးကြီးသဖြင့် တပ်မတော်အနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိကမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်၍ တပ်မတော်က အစွမ်းကုန်ကြိုးစားနေသကဲ့သို့ ဒေသခံများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကယားပြည်နယ်ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာ အလုံး ၁၅၀ နှင့် ဆက်စပ်ပစ္စည်းများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းငွေကျပ်သိန်း ၃၀၀ နှင့် ဗလာစာအုပ် ဒါဇင် ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။ ထို့နောက် အလှူရှင်များက စုစုပေါင်းလှူဒါန်းငွေကျပ်သိန်းပေါင်း ၁၆၅၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖားဆောင်းမြို့နယ် မော်ချီးဒေသသို့ ရောက်ရှိကြသည်။

ထို့နောက် မော်ချီးသတ္တုတွင်းစီမံကိန်းရုံး အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်ပြောကြားသည်။ ယင်းနောက် ဘော်လခဲခရိုင်အုပ်ချုပ်ရေးမှူးနှင့် မော်ချီးကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဒေသဆိုင်ရာအချက်အလက်များနှင့် မော်ချီးဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပြောကြားခဲ့ပြီး MEC-Tel မိုဘိုင်းဖုန်း ဆက်သွယ်အသုံးပြုနိုင်ရေး၊ လူမှုရေးအသင်းအဖွဲ့အတွက် မော်တော်ယာဉ်တစ်စီးလှူဒါန်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကူညီဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ သတ္တုတွင်းစီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာက စီမံကိန်းဆိုင်ရာအချက်အလက်များကို Power Point ဖြင့် ရှင်းလင်းတင်းပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်ချီးကျေးရွာ၌ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘော်လခဲမြို့သို့ရောက်ရှိပြီး ဘော်လခဲပြည်သူ့ဆေးရုံသို့ သွားရောက်ကာ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ခေတ်မီတပ်မတော်ထူထောင်ရာတွင် နည်းပညာမြင့်မားသည့် စစ်လက်နက်ပစ္စည်းများ ကျွမ်းကျင်စွာအသုံးပြုနိုင်ရန်လိုအပ်

**နေပြည်တော် စက်တင်ဘာ ၂၃**



တပ်မတော်၏ မူလတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် တိုက်စွမ်းအားရှိရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းအားရှိရေးအတွက် စစ်တိုက်တတ်သော၊ စစ်တိုက်ရဲသော၊ စစ်တိုက်တော်သောတပ်များ ဖြစ်ရန်လိုကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် ဖရူဆိုတပ်နယ်ရှိ တပ်မတော်တန်းမြင့် လေ့ကျင့်ရေးသင်တန်းကျောင်း၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံစဉ် ပြောကြားသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အေးဝင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အေးလွင်၊ သင်တန်းကျောင်းမှ နည်းပြအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်သင်တန်းသားများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုက်စွမ်းအားရှိရန်အတွက် စွမ်းရည်မြှင့်တင်ပေးသည့် စစ်လက်နက်ပစ္စည်းများ၊ စစ်ယန္တရားများ၊ လေယာဉ်၊ ရေယာဉ်များ တပ်ဆင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်တွင် လက်ရှိသုံးစွဲနေသည့် အကူပစ်လက်နက်များ၊ အမြောက်၊ ဒုံးများကို စွမ်းရည်ထက်မြက်သော စစ်လက်နက်ပစ္စည်းများ ဖြစ်စေရန်၊ ထိရောက်စွာ အသုံးပြုနိုင်ရန်၊ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန်အတွက် လေ့ကျင့်ခြင်းသည် တိုက်စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ခေတ်မီ တပ်မတော်တစ်ရပ် ထူထောင်ရာတွင် ခေတ်နှင့်အညီ နည်းပညာမြင့်မားသည့် စစ်လက်နက်ပစ္စည်းများ တပ်ဆင်အသုံးပြုရခြင်းကြောင့် ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် လိုအပ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အရှိန်မလျှော့ဘဲ မိသားစု အပိုဝင်ငွေရရှိသည်အထိ ဆက်လက်လုပ်ဆောင်ရန် တိုက်တွန်းလိုကြောင်း၊ တပ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် ဒေသတွင်း ကုန်စျေးနှုန်းတည်ငြိမ်စေရန် တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းနိုင်ပါကြောင်း၊ ဒီမိုကရေစီ လမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာ လျှောက်လှမ်းရာတွင် သစ္စာရှိရှိဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် လာမည့် အောက်တိုဘာ ၁ ရက်မှစ၍ စစ်မှုထမ်းသက်ပေါ်တွင် မူတည်ပြီး အဆင့်အလိုက် စစ်သည်များအားရာထူး တိုးမြှင့်ပေးသွားမည်ဖြစ်ပြီး တပ်မတော်၏ ဝတ်စုံအချို့ကိုလည်း ပြင်ဆင် ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် အပါအဝင် အရေးကြုံလာပါက တပ်မတော်သားတစ်ဦးချင်း မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို မှန်မှန်ကန်ကန် လုပ်ဆောင်ခြင်းဖြင့် ပြည်သူက အားကိုးသော၊ တိုင်းပြည်က အားထားသောတပ်များ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းအတွက် သုတရသစာအုပ်စာစောင်များနှင့် ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံယူသည်။

၄င်းနောက် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေးက အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဘော်လခဲတပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်နေမှု အခြေအနေများ၊ တပ်များ၏အရည်အသွေးတိုးတက်စေရေး၊ တိုက်စွမ်းအားမြင့်မားစေရေးအတွက် လေ့ကျင့်ရေးလုပ်ဆောင်ရန်များ၊ မဲဆန္ဒပေးရာတွင် အခြေခံစဉ်းစားသင့်သည့် အချက်များ၊ လစာနှင့်စရိတ်များကို ချင့်ချိန်သုံးစွဲခြင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးကို စနစ်တကျလုပ်ဆောင်ခြင်းတို့ကို ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘော်လခဲတပ်နယ်အတွက် သုတ၊ ရသ စာအုပ်စာစောင်များနှင့် ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ ယင်းနောက် စစ်ထောက်ချုပ်နှင့် စစ်ဥပဒေချုပ်တို့က စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မော်ချီးဒေသ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများကို သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး အားပေးစကားပြောကြားကာ **(အပေါ်ဝဲပုံ)**ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ဖလမ်း၌ သီတဂူဆရာတော်ကြီးနှင့် သီတဂူသာသနာပြုအဖွဲ့ သဘာဝရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများလှူ



**ဖလမ်း စက်တင်ဘာ ၂၃**

ဖလမ်းမြို့နယ်အတွင်း သဘာဝရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲက ဖလမ်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက ဩဝါဒစကား မြွက်ကြားချီးမြှင့်သည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရကိုယ်စား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဖလမ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းအတွက် ငွေကျပ်သိန်း ၁၀၀ကို လှူဒါန်းပေးအပ်ရာ ဖလမ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းဆရာတော် ဦးအရိယဝံသကလည်းကောင်း၊ ဖလမ်းမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ဆန် ၁၇၉ အိတ်၊ ငါးခြောက် ခုနစ်အိတ်၊ ပဲအိတ် ၃၀၊ ဆားငါးအိတ်၊ စားသုံးဆီ ၁၅ ပုံးနှင့် စားသောက်ကုန်ပစ္စည်းများကို လှူဒါန်းပေးအပ်ရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးနှင့် သိက္ခာတော်ရဆရာတော် ဒေါက်တာဖရန်စစ်(စ)တီယမ်းအုပ်တို့က လည်းကောင်း၊ သီတဂူသာသနာပြုအဖွဲ့ ဦးမြင့်အောင်(ဗိုလ်စိန်မှန်)၊ ဦးမြင့်အောင်(သီရိမင်္ဂလာဈေး)၊ ဦးဝင်းထွန်းနှင့် ဦးမောင်မောင်တို့က ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများကို လှူဒါန်းပေးအပ်ကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ရဲအောင်ထွန်းနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ စိန်မိုးဝင်းတို့ကလည်းကောင်း လက်ခံယူကြသည်။

ထို့နောက် ရေဘေးသင့်ပြည်သူများကိုယ်စား သိက္ခာတော်ရဆရာတော် ဒေါက်တာ ဖရန်စစ်(စ)တီယမ်းအုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက သီတဂူသာသနာပြုအဖွဲ့ လာရောက်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြစ်ရေနစ်ကြိမ်ကြီးမှုကြောင့် ပြောင်းရွှေ့ကျေးရွာများ ဆက်လက်နေထိုင်လျက်ရှိ

**မင်းဘူး စက်တင်ဘာ ၂၃**

ဧရာဝတီမြစ်ရေကြီးမှုများကြောင့် မင်းဘူးမြို့နယ်အတွင်းမှ မြစ်ကမ်းအနီးဝန်းကျင် ကျေးရွာများရှိ လူနှင့် တိရစ္ဆာန်များ ရေဘေးကင်းလွတ်ရာ ကုန်းမြင့်ပိုင်းဒေသများသို့ ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိရာ ဧရာဝတီမြစ်ရေ ဒုတိယအကြိမ်မြင့်တက်ပြီး မြစ်ရေများကျဆင်းနေသော်လည်း ရေဘေးသင့်ကျေးရွာများမှ ပြည်သူများ လူနေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ခြင်းမရှိဘဲ ဆက်လက်နေထိုင်လျက်ရှိသည်။

မင်းဘူးမြို့နယ် မန်းကျိုးကျေးရွာရှိအိမ်ထောင်စု ၃၀၊ လူဦးရေ ၇၅ ဦးခန့်၊ နွားကောင်ရေ ၄၀၊ နိဗ္ဗာန်ကျွန်းကျေးရွာရှိ အိမ်ထောင်စု ၅၈ စု၊ လူဦးရေ ၁၁၀ ၊ နွားကောင်ရေ ၂၀၆ ကောင်တို့မှာ မန်းရေနံမြေအတွင်းရှိ ညောင်စင်ကျောင်းဝင်းအတွင်း ဆက်လက်နေထိုင်လျက်ရှိသည်။ နိဗ္ဗာန်ကျွန်းကျေးရွာမှ ပြောင်းရွှေ့နေထိုင်လျက်ရှိသူ ဒေါ်သီတာအေးက "ရွာပြန်နေရအောင် အိမ်မှာက ရွှံ့နွံတွေနဲ့ နွားတင်းကုပ်တွေကလည်း ရွှံ့နွံတွေတင်ကျန်နေခဲ့တော့ နွားတွေ ခွာနာ၊ လျှာနာကူးစက်ရောဂါတွေ ဖြစ်မှာလည်းစိုးတယ်။ နွားစာလည်း ရှာရခက်တယ်။ ဒီမှာက နွားစာရှာရတာလွယ်တယ်။ ကျွန်းပေါ်က ကိုင်းမြေတွေကလည်း ထွန်ယက်လုပ်ကိုင်ဖို့ မရသေးလို့ ဆက်လက်နေထိုင်နေတာပါ"ဟု ပြောပြသည်။

ရွာသစ်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၅၀၊ လူဦးရေ ၈၇ ဦး၊ နွားကောင်ရေ ၂၀၀ တို့သည်လည်း ကျေးရွာရှိ လူနေအိမ်များ၌ လတ်တလောနေထိုင်ရန် အခက်အခဲရှိခြင်း၊ နွားစားကျက်မြေများမရှိခြင်း၊ ကိုင်းမြေများလုပ်ကိုင်ရန် အခက်အခဲဖြစ်နေခြင်းတို့ကြောင့် ပြန်လည်ရွှေ့ပြောင်းခြင်းမရှိဘဲ မန်းရေနံမြေသံကန်တန်းခုနစ်ဝင်းအတွင်း ဆက်လက်နေထိုင်လျက်ရှိသည်။ ရွာသစ်ကုန်းကျေးရွာမှ တောင်သူဦးစိုးမြင့်က "ဒီနှစ်မှာမြစ်ရေက နှစ်ကြိမ်တက်ခဲ့တယ်။ မြစ်ရေတက်တာ အချိန်ကြာသလို၊ ကျတာလည်းကြာတယ်။ ရွှံ့နွံနှစ်တွေက အရင်နှစ်တွေထက် ပိုတင်ကျန်ခဲ့တယ်။ ဧရာဝတီမြစ်လယ်ကျွန်းပေါ်က ကိုင်းမြေတွေ နွံ့နှစ်တွေ တင်တာများတယ်။ သီးနှံစိုက်ပျိုးလို့တော့ ကောင်းပါတယ်။ စိုက်ပျိုးချိန်နောက်ကျတာပဲရှိတာပါ။ သီတင်းကျွတ်လပြည့်ကျော် ရက်ပိုင်းလောက်မှ ထွန်ယက်စိုက်ပျိုးနိုင်မှာ ဖြစ်လို့ ဒီမှာ ဆက်လက်နေထိုင်တာပါ"ဟု ပြောပြသည်။

မင်းဘူး မြို့နယ်အတွင်းမှ ဧရာဝတီမြစ်ကမ်းဘေးရှိ ကျေးရွာများသည် မြစ်လယ်တွင် ပေါ်ပေါက်လျက်ရှိသော ကျွန်းမြေနုကိုင်းများကို အမှီပြု၍ စိုက်ပျိုးလုပ်ကိုင်နေထိုင်ကြသည်။ မြစ်ရေတက်သည်မှာ နှစ်စဉ်အစဉ်အလာဖြစ်နေသော်လည်း ယခုနှစ်တွင် မြစ်ရေနှစ်ကြိမ်ကြီးမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ နောက်ကျခြင်းဖြစ်သည်။ ကျွန်းမြေနုများပေါ်၌ ဆောင်းသီးနှံများဖြစ်သော ပဲမျိုးစုံ၊ ငရုတ်၊ မြေပဲကို အဓိကထားစိုက်ပျိုးကြပြီး ဖရဲ၊ သခွားနှင့် ဟင်းသီးဟင်းရွက်၊ ရာသီပေါ်သီးနှံများကို စိုက်ပျိုး၍ မင်းဘူး၊ မကွေးမြို့များသို့ တင်ပို့ရောင်းချကြသည်။ ဧရာဝတီမြစ်လယ်မှ ကျွန်းများပေါ်တွင် တစ်ရာသီသီးနှံ အောင်မြင်စွာ စိုက်ပျိုးနိုင်ပြီး သီးနှံများဈေးကောင်းရရှိ ရောင်းချရပါက တစ်နှစ်စာ ဝမ်းစာဖူလုံကြ၍ မြစ်ရေနှစ်စဉ်တက်လျက်ရှိသော ကျေးရွာများကို မစွန့်ခွာနိုင်ဘဲ ကျွန်းမြေနုများနှင့် နီးရာမြစ်ကမ်းများတွင် ဆက်လက်နေထိုင်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



ချင်းပြည်နယ် ဟားခါးမြို့တွင် ရန်းတောင်မှပြိုကျလာသည့် မြေသားနှင့် ရွှံ့ရေများကို စက်ယန္တရားဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေစဉ်။ (ဆောက်လုပ်ရေး)



ချင်းပြည်နယ်မှ သဘာဝဘေးသင့်ပြည်သူများအတွက် မော်တော်ယာဉ်များဖြင့် စားနပ်ရိက္ခာများ သယ်ယူပို့ဆောင်စဉ်။ (ဆောက်လုပ်ရေး)



# ကွမ်ကျိုးပြည်နယ် စက်မှုကုန်သွယ်ရေးအသင်းမှ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများလှူ

**မူဆယ် စက်တင်ဘာ ၂၃**

တရုတ်နိုင်ငံ ကွမ်ကျိုးပြည်နယ် စက်မှုကုန်သွယ်ရေးအသင်းက မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို စက်တင်ဘာ ၂၃ ရက်က နှစ်နိုင်ငံ ဝင်/ထွက်ပေါက်ဖြစ်သော နန်းတော်ဂိတ်(မူဆယ်)၌ ကျင်းပသည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံမှ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲမှူး ဒုရဲမှူးကြီး မင်းမင်းဦး၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပြီး တရုတ်နိုင်ငံမှ ကွမ်ကျိုးပြည်နယ် စက်မှုကုန်သွယ်ရေး အသင်းဥက္ကဋ္ဌ မစ္စတာ ချိန်ချွင်းနှင့် အဖွဲ့ဝင်ရှစ်ဦး၊ ရွှေလီစက်မှုကုန်သွယ်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ ထွန်းအောင်နှင့် အဖွဲ့ဝင်ငါးဦးတို့ တက်ရောက်ခဲ့သည်။ ယင်းကယ်ဆယ်ရေးပစ္စည်းများမှာ အသင့်စားခေါက်ဆွဲဖာ ၂၆၀ နှင့် ရေသန့် ဖာ ၂၆၀ စုစုပေါင်း တန်ဖိုး ၁၄၂၄၀ ယွမ်၊ မြန်မာငွေကျပ် သိန်း ၂၈၄၈၀၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းတို့ကို လွှဲပြောင်းလက်ခံခဲ့သည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို ၁၀ နာရီတွင် မူဆယ်မြို့ နန်းတော်ဂိတ်မှ တစ်ဆင့် လားရှိုးမြို့သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာ ၂၄ ရက်အတွက် ထုတ်ပြန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၌ နေရာစိပ်စိပ်၊ မွန်ပြည်နယ်၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၌ နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီး၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဘေးသင့်ဒေသများတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ

*(ယမန်နေ့မှအဆက်)*

**ပဲခူးတိုင်းဒေသကြီး**

| စဉ် | မြို့နယ် | သင်တန်းအမည် | သင်တန်းသား ဦးရေ | ကုန်ကျငွေ (ကျပ်သန်း) | ဖွင့်လှစ် ပြီး | ဖွင့်လှစ် ဆဲ | ဖွင့်လှစ်ရန် လျာထား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | နတ္တလင်း | အပ်ချုပ်စက်သင်တန်း | ၄၀ | ၁၀. ၇၅၀ | | | ၂ | ၂ |
| ၂ | လက်ပံတန်း | အပ်ချုပ်စက်သင်တန်း | ၅၀ | ၁၀. ၇၅၀ | | | ၂ | ၂ |
| ၃ | မိုးညို | အပ်ချုပ်စက်သင်တန်း | ၅၀ | ၁၀. ၇၅၀ | | | ၂ | ၂ |
| ၄ | တောင်ငူ | အပ်ချုပ်စက်သင်တန်း | ၆၀ | ၁၀. ၇၅၀ | | | ၁ | ၁ |
| ၅ | ဖြူး | အပ်ချုပ်စက်သင်တန်း | ၆၀ | ၁၀. ၇၅၀ | | | ၁ | ၁ |
| ၆ | ရေတာရှည် | အပ်ချုပ်စက်သင်တန်း | ၆၀ | ၁၀. ၇၅၀ | | | ၁ | ၁ |
| ၇ | ပြည် | ပန်းရန်၊လက်သမားသင်တန်း | ၆၀ | ၁၀. ၇၅၀ | | | ၁ | ၁ |
| ၈ | ဒိုက်ဦး | ပန်းရန်၊လက်သမားသင်တန်း | ၁၀၀ | ၁၀. ၇၅၀ | | | ၁ | ၁ |
| ၉ | ပဲခူး | ပန်းရန်၊လက်သမားသင်တန်း | ၁၀၀ | ၁၀. ၇၅၀ | | | ၁ | ၁ |
| ၁၀ | ညောင်လေးပင် | ပန်းရန်၊လက်သမားသင်တန်း | ၁၀၀ | ၁၀. ၇၅၀ | | | ၁ | ၁ |
| ၁၁ | ပန်းတောင်း | မေထုန်မဲ့သားစပ်နည်းသင်တန်း | ၃၀ | ၅. ၃၇၅ | | | ၁ | ၁ |
| | | စားကျက်စိုက်ပျိုးရေးသင်တန်း | ၃၀ | ၅. ၃၇၅ | | | ၁ | ၁ |
| | **ပေါင်း** | | **၆၀** | **၁၀.၇၅၀** | | | **၁** | **၂** |
| ၁၂ | ပေါင်းတည် | သဘာဝဓာတ်မြေသြဇာ ထုတ်လုပ်ခြင်းသင်တန်း | ၃၀ | ၅. ၃၇၅ | | | ၁ | ၁ |
| | | ဓာတ်မြေသြဇာစနစ်တကျ သုံးစွဲနည်းသင်တန်း | ၃၀ | ၅. ၃၇၅ | | | ၁ | ၁ |
| **စုစုပေါင်း** | | | **၆၀** | **၁၀.၇၅၀** | | | **၂** | **၂** |

**ရခိုင်ပြည်နယ်**

| စဉ် | မြို့နယ် | သင်တန်းအမည် | သင်တန်းသား ဦးရေ | ကုန်ကျငွေ (ကျပ်သန်း) | ဖွင့်လှစ် ပြီး | ဖွင့်လှစ် ဆဲ | ဖွင့်လှစ်ရန် လျာထား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | သံတွဲ၊ ဂွ | လက်သမား၊ပန်းရန်သင်တန်း | ၁၀၀ | ၁၄. ၅၀၀ | ၁ | | | ၁ |
| ၂ | ပေါက်တော | လက်သမား၊ပန်းရန်သင်တန်း | ၅၀ | ၁၃. ၅၀၀ | | ၁ | | ၁ |
| ၃ | မင်းပြား | လက်သမား၊ပန်းရန်သင်တန်း | ၃၀၀ | ၈၉. ၀၀၀ | | | ၅ | ၅ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၅၀ | ၁၅. ၀၀၀ | | | ၁ | ၁ |
| | **ပေါင်း** | | **၃၅၀** | **၁၀၄.၀၀၀** | | | **၆** | **၆** |
| ၄ | မောင်တော | လက်သမား၊ပန်းရန်သင်တန်း | ၅၀ | ၁၇. ၀၀၀ | | | ၁ | ၁ |
| ၅ | ရသေ့တောင် | လက်သမား၊ပန်းရန်သင်တန်း | ၅၀ | ၁၃. ၅၀၀ | | | ၁ | ၁ |
| ၆ | ကျောက်တော် | လက်သမား၊ပန်းရန်သင်တန်း | ၁၀၀ | ၃၀. ၀၀၀ | ၁ | | ၄ | ၅ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၂၅၀ | ၇၄. ၉၇၀ | | | ၄ | ၄ |
| | **ပေါင်း** | | **၃၅၀** | **၁၀၄.၉၇၀** | **၁** | | **၈** | **၉** |
| ၇ | ဘူးသီးတောင် | လက်သမား၊ပန်းရန်သင်တန်း | ၅၀ | ၁၅. ၀၀၀ | | | ၁ | ၁ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၅၀ | ၁၅. ၀၀၀ | | | ၁ | ၁ |
| | **ပေါင်း** | | **၁၀၀** | **၃၀.၀၀၀** | | | **၂** | **၂** |
| ၈ | မြောက်ဦး | လက်သမား၊ပန်းရန်သင်တန်း | ၁၀၀ | ၃၀. ၀၀၀ | | | ၁ | ၁ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၂၀၀ | ၆၀. ၀၀၀ | | | ၁ | ၁ |
| | **ပေါင်း** | | **၃၀၀** | **၉၀.၀၀၀** | | | **၂** | **၂** |
| ၉ | ကျောက်ဖြူ | ဆိုင်ကယ်ပြင်သင်တန်း | ၂၅ | ၇. ၈၀၀ | ၁ | | | ၁ |
| ၁၀ | ရမ်းဗြဲ | ဆိုင်ကယ်ပြင်သင်တန်း | ၂၅ | ၇. ၈၀၀ | ၁ | | | ၁ |
| ၁၁ | ပုဏ္ဏားကျွန်း | ဆိုင်ကယ်ပြင်သင်တန်း | ၅၀ | ၁၅. ၈၃၀ | ၁ | | | ၁ |
| ၁၂ | စစ်တွေ | လျှပ်စစ်ဝိုင်ယာရိန်းသင်တန်း | ၆၀ | ၂၀. ၁၀၀ | | | ၁ | ၁ |
| **စုစုပေါင်း** | | | **၁၅၁၀** | **၄၃၉.၀၀၀** | **၅** | **၂** | **၂၅** | **၃၂** |

## ကောလင်းမြို့နယ်၌ ရေကြီးရေလျှံခဲ့သော ကျေးရွာချင်းဆက်လမ်းများ လမ်းသားမြှင့်တင်ဆောင်ရွက်

**ကောလင်း စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ရေကြီးရေလျှံခဲ့သော ကျေးရွာချင်းဆက်လမ်းများကို ကျောက်ချခြင်း၊ လမ်းသားမြှင့်တင်ခြင်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းများမှာ ကောလင်း-ကျောက်ပြင်သာလမ်း၊ ကောလင်း-ဝါးရုံခုံ-ကသစ်ကုန်းလမ်းနှင့် ကောလင်း-ဥက္ကံလမ်းတို့ဖြစ်ပြီး ကောလင်း-ဥက္ကံလမ်းပိုင်းတွင် ၁၂ ဘီးယာဉ်ကြီးများလည်း သွားလာပြေးဆွဲလျက်ရှိရာ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သောလမ်းများ သွားလာမှုပိုမိုလွယ်ကူစေရန် လမ်းပြုပြင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**ကိုကိုမောင်(ကောလင်း)**



## ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**




## ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သောအိမ်များအား အသစ်ပြန်လည်ဆောက်လုပ်ပေး

**ကောလင်း စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သောအိမ် ၁၃ လုံးကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်တို့က စီစဉ်ဆောက်လုပ်ပေးလျက်ရှိသည်။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ မြေနေရာ ရွေးချယ်သတ်မှတ်ချထားပေခြင်း၊ မြေနေရာရှင်းလင်းပေးခြင်း၊ အမိုးနှင့် ကြမ်းခင်းများပြီးစီး၍ ၇၀ ရာခိုင်နှုန်းခန့် လုပ်ငန်းများဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အိမ်များကို နိုင်ငံတော်က သတ်မှတ်ပုံစံအတိုင်း အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**



## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၃**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၃ ရက်တွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ သုံးသန်းနှင့်ညီမျှသည့် မြန်မာငွေကျပ် ၃၈၁၅၁၆၄၇၇၅/၆၁ါးနှင့် ဗိုလ်မှူးထိန်ရှင်း (အငြိမ်းစား)၊ မြောင်းမြမြို့ အလှူငွေကျပ် ၃၀၀၀၀၀ တို့ကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော် အလှူငွေစာရင်းအမှတ် (OA-011834)သို့ တိုက်ရိုက်ထည့်သွင်းခြင်း၊ Embassy of Mongolia Bangkok က အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ရန်ကုန်မြို့ရှိ နိုင်ငံခြားငွေစာရင်းအမှတ်(1DA-0300086)သို့ တိုက်ရိုက်ထည့်သွင်း လှူဒါန်းသည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ကျပ် ၇၇၉၄၁၆၃၁၁၃/၆၁ါး၊ အမေရိကန်ဒေါ်လာ ၂၁၇၅၀၅၄ ဒသမ ၁၁ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။ **(မိုး/ဇလ)**

# အလေးထားစောင့်ကြည့်လေ့လာအပ်သည့် အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုဘဏ်



တက္ကသိုလ် ဟန်စိုးဦး

***ယမန်နေ့မှအဆက်***

ဒုတိယအချက်က AIIB ဘဏ်ဟာ အာရှဒေသရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုရုံသာမက နိုင်ငံတကာအသိုက်အဝန်းရဲ့ မတူကွဲပြားတဲ့ လိုအပ်ချက်တွေကိုလည်း ဖြည့်စွမ်းပေးနိုင်မယ့် အကျိုးကျေးဇူးတွေရရှိစေမှာဖြစ်တယ်လို့ ထောက်ပြကြပါတယ်။ နိုင်ငံတကာငွေကြေးစနစ် ဖွဲ့စည်းတည်ဆောက်ပုံမှာ ဩဇာတိက္ကမကြီးမားတဲ့ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီတို့လို နိုင်ငံတွေ AIIB ဘဏ်မှာ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းကြောင့် AIIB ဘဏ်ဟာ နိုင်ငံတကာငွေကြေးစနစ်မှာ ထိထိရောက်ရောက်ပြောဆိုနိုင်ခွင့် ရရှိစေမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ငွေကြေးစီးပွားရေးလောကမှာ အရင်းအမြစ်ဖွံ့ဖြိုးကြွယ်ဝတဲ့ နိုင်ငံတွေဖြစ်တဲ့ ဆွစ်ဇာလန်၊ လူဇင်ဘတ်၊ ဆော်ဒီအာရေဗျ၊ ကာတာ၊ ကူဝိတ်၊ ဂျော်ဒန်နဲ့အိုမန်တို့လို နိုင်ငံတွေဟာ သူတို့ရဲ့ငွေကြေးအရင်းအမြစ်ပိုင်ဆိုင်မှုတွေကို AIIB ဘဏ်ရဲ့အကူအညီနဲ့ တစ်ကမ္ဘာလုံးကို ဖြန့်ကြက်နေရာချထားနိုင်မှာ ဖြစ်ပါတယ်။ အလားတူ အာရှဒေသတွင်းမှာ အခြေခံအဆောက်အအုံတွေ တိုးချဲ့တည်ဆောက်လာနိုင်ခဲ့ရင် သံ၊ သံမဏိ၊ အခြားသတ္တုကုန်ကြမ်းတွေနဲ့ စွမ်းအင်လိုအပ်ချက်တွေ ပိုမိုများပြားလာမှာဖြစ်တဲ့အတွက် သဘာဝသယံဇာတအရင်းအမြစ်တွေကြွယ်ဝတဲ့ ဩစတြေးလျ၊ ဘရာဇီးလ်တို့လို နိုင်ငံတွေအတွက်လည်း အကျိုးရှိစေမှာဖြစ်ပါတယ်။ ဒါကြောင့် AIIB ဘဏ်ဟာ နိုင်ငံတကာအသိုက်အဝန်းရဲ့ ကွဲပြားခြားနားတဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်တယ်လို့ တရုတ်နိုင်ငံက ထောက်ပြပါတယ်။

တတိယအချက်က လက်ရှိတရုတ်နိုင်ငံအစိုးရဟာ အားလုံးပါဝင်နိုင်မှု၊ ပွင့်လင်းမှု၊ စည်းလုံးမှု၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို နိုင်ငံတကာစံနှုန်းတန်ဖိုးတွေအဖြစ် နိုင်ငံတကာက လက်ခံလာစေဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ အလားတူ ဖွံ့ဖြိုးပြီးနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေးပုံစံသစ်တစ်ရပ်ကိုလည်း အားပေးဆောင်ရွက်လျက်ရှိပါတယ်။ အိမ်နီးချင်းနိုင်ငံများနဲ့လည်း မဟာမိတ်ပုံစံမဟုတ်တဲ့ မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးကိုလည်း ထူထောင်လျက်ရှိပါတယ်။ တရုတ်နိုင်ငံရဲ့ အန္တိမရည်မှန်းချက်က "တူညီတဲ့ကံကြမ္မာရှိတဲ့ အသိုက်အဝန်း" (Community of Common Destiny) တစ်ရပ်သို့ လက်တွဲလျှောက်လှမ်းခြင်းကို နိုင်ငံတကာဆက်ဆံရေးပုံစံသစ်တစ်ရပ်အဖြစ် တည်ထောင်သွားဖို့ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား အဓိကနေရာမှာရှိနေတဲ့ တရုတ်နိုင်ငံဟာ ဖွံ့ဖြိုးပြီးနိုင်ငံများနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအကြားမှာ ပေါင်းကူးတံတားတစ်ရပ်သဖွယ် ချိတ်ဆက်ပေးတဲ့ကဏ္ဍက ပါဝင်ဆောင်ရွက်သွားဖို့လည်းကြိုးပမ်းနေပါတယ်။ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု အတွေ့အကြုံတွေကို ကမ္ဘာ့နိုင်ငံတွေအနေနဲ့ လိုအပ်တဲ့အတွက် AIIB ဘဏ်ရဲ့ လုပ်ငန်းဆောင်ရွက်မှုပုံသဏ္ဌာန်ဟာ တရုတ်နိုင်ငံရဲ့ သံတမန်ရေးနဲ့ စီးပွားရေးရာဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံတွေအပေါ် အခြေခံပြီး ဆောင်ရွက်သွားနိုင်တယ်လို့လည်း တရုတ်နိုင်ငံက ခံယူပါတယ်။

**AIIB ဘဏ်အပေါ် နိုင်ငံအချို့၏အမြင်**

အနောက်နိုင်ငံအချို့ကတော့ AIIB ဘဏ်ဟာ တရုတ်နိုင်ငံရဲ့ မဟာဗျူဟာမြောက် အကျိုးစီးပွားတွေကို ပိုမိုအကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းချက်တစ်ရပ်အဖြစ် ရှုမြင်ကြပါတယ်။ AIIB ဘဏ်ဟာ အာရှ-ပစိဖိတ် ဒေသတွင်းမှာရှိတဲ့နိုင်ငံတွေရဲ့ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ စွမ်းအင်ကဏ္ဍတွေအပါအဝင် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးတွေအတွက် လိုအပ်နေတဲ့ ရန်ပုံငွေ ၈ ထရီလီယံဒေါ်လာ (ဒေါ်လာသန်းပေါင်းရှစ်သန်း)ကို တစ်ထောင့်တစ်နေရာက ပါဝင်ဖြည့်ဆည်းသွားနိုင်မှာဖြစ်တဲ့အတွက် ချိန်ခါသင့်ပေါ်ထွက်လာတဲ့ ဘဏ်တစ်ခုအဖြစ် နိုင်ငံအများကရှုမြင်ပြီး ကြိုဆိုခဲ့ကြပါတယ်။ ဒါပေမယ့် AIIB ဘဏ်ရဲ့ ငွေကြေးလုပ်ငန်းတွေ စတင်လည်ပတ်ပြီဆိုရင် ဘဏ်အတွင်းမှာ အခက်အခဲတွေ ဖြစ်ပေါ်လာနိုင်ကြောင်း ထောက်ပြကြပါတယ်။

ပထမအချက်အနေနဲ့ AIIB ဘဏ်ဟာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီပေးရေး အေဂျင်စီတစ်ခု မဟုတ်ဘဲ နိုင်ငံစုံပါဝင်တဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခု (Multilateral Commercial Bank) သာဖြစ်တဲ့အတွက် ချေးငွေပြန်လည်ပေးဆပ်ရေးလုပ်ငန်းစဉ် ပါဝင်လာမှာဖြစ်ပါတယ်။ ဒါကြောင့် AIIB ဘဏ်က ချေးငွေတွေဟာ ငွေချေးယူမယ့်နိုင်ငံတွေ ထင်ထားသလောက် ရက်ရောမှုရှိမှာမဟုတ်ပါဘူး။ ဒါ့အပြင် အခြေခံအဆောက်အအုံစီမံချက်တွေဟာ ငွေပြန်လည်ပေးဆပ်ရတဲ့ ကာလရှည်ကြာပြီး အတိုးနှုန်းနည်းပါးသလို လေလွင့်ဆုံးရှုံးမှုတွေလည်း ရှိတတ်ပါတယ်။ ဒီလိုစီမံချက်ကြီးတွေအတွက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့က ငွေချေးရာမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ အလုပ်သမားအခွင့်အရေး စတဲ့မြင့်မားတဲ့ စံနှုန်းသတ်မှတ်ချက်တွေနဲ့ ချိန်ထိုးကြည့်ရှုဆုံးဖြတ်ကြတာ ဖြစ်ပါတယ်။ အခြားဘဏ်ကြီးတွေက ငွေထုတ်ချေးဖို့ငြင်းဆန်ထားတဲ့ စီမံကိန်းကြီးတွေကို AIIBဘဏ်က ကန့်သတ်ချက်တွေကို လျှော့ပေါ့ပြီး ချေးငွေထုတ်ချေးမယ်ဆိုရင် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းတွေရဲ့ အကောင်းဆုံးလုပ်ထုံးလုပ်နည်း (Best Practice) တွေအပေါ် ထိခိုက်မှုရှိလာနိုင်တယ်လို့ အနောက်နိုင်ငံမှလေ့လာသူတွေက မှတ်ချက်ပြုကြပါတယ်။

ဒုတိယအချက်က ဘဏ်ရဲ့ မဲပေးပိုင်ခွင့်သတ်မှတ်ချက်ဖြစ်ပါတယ်။ AIIBဘဏ်မှာ တရုတ်နိုင်ငံက ရှယ်ယာအများဆုံး ပါဝင်ထားပါတယ်။ AIIB ဘဏ်အတွက် မဲပေးပိုင်ခွင့်အချိုးသတ်မှတ်ရာမှာ တရုတ်နိုင်ငံဟာ ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများ (Regional Members) နဲ့ ဒေသတွင်းမဟုတ်တဲ့ အဖွဲ့ဝင်နိုင်ငံများ (Non-Regional Members) အကြား အမြဲတမ်း ၃ အချိုး ၁ ရှိနေဖို့ သတ်မှတ်ခဲ့ပါတယ်။ ဒီအချက်ဟာ AIIB ဘဏ်အပေါ် ဒေသတွင်းမဟုတ်တဲ့ ဒေသပြင်ပ နိုင်ငံများ၊ အထူးသဖြင့် အနောက်နိုင်ငံများရဲ့ လွှမ်းမိုးမှုကို ကနဦးကတည်းက ကန့်သတ်ထားရှိလိုက်တာ ဖြစ်တယ်လို့ အနောက်နိုင်ငံတွေက ယူဆပါတယ်။ ဒေသတွင်းနိုင်ငံများအကြား မဲပေးပိုင်ခွင့်အချိုးသတ်မှတ်ရာမှာတော့ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီရဲ့ ဂျီဒီပီအပေါ်မူတည်ပြီး သတ်မှတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ဒေသတွင်းမှာ ဂျီဒီပီအများဆုံးနိုင်ငံဖြစ်တဲ့အတွက် ဒေသတွင်း မဲပေးပိုင်ခွင့်မှာလည်း အများစုကိုရရှိမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ AIIB ဘဏ်ရဲ့ မဲပေးပိုင်ခွင့်အချိုးကို မူလကတည်းက ဂျီဒီပီသတ်မှတ်ချက်တစ်ခုတည်းအပေါ်မှာ ခွဲဝေသတ်မှတ်ခဲ့မယ်ဆိုရင် မဲပေးပိုင်ခွင့် ၂၅ ရာခိုင်နှုန်း မရရှိနိုင်တဲ့အတွက် ဒေသအလိုက်ခွဲခြားပြီး သတ်မှတ်ခဲ့တာဖြစ်တယ်လို့ ထောက်ပြကြပါတယ်။

တတိယအချက်က AIIB ဘဏ်ရဲ့ အုပ်ချုပ်မှုဖွဲ့စည်းပုံဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ ဒါရိုက်တာဘုတ်အဖွဲ့ဝင်တွေကို အမြဲတမ်းရုံးမထိုင်တဲ့စနစ် (Non-Permanent Residence)ကို ကျင့်သုံးထားပါတယ်။ ဒါရိုက်တာဘုတ်အဖွဲ့ဝင်တွေဟာ ငွေကြေးလုပ်ငန်းကိစ္စတွေနဲ့ ပတ်သက်လာရင် နောက်ဆုံးအဆုံးအဖြတ်ပေးနိုင်တဲ့ အခွင့်အာဏာရှိတဲ့အတွက် အမြဲတမ်းရုံးထိုင်တဲ့ ဒါရိုက်တာဘုတ်အဖွဲ့ဝင်တွေမရှိခြင်းကြောင့် ငွေကြေးလုပ်ငန်းကိစ္စမှာ ဘဏ်ဥက္ကဋ္ဌနဲ့ အမှုဆောင်တွေရဲ့ သဘောထားကိုပဲ ပိုမိုထင်ဟပ်စေမယ့် အခြေအနေတွေ ပိုများနိုင်တယ်လို့ ထောက်ပြကြပါတယ်။ ဘဏ်ရဲ့ငွေကြေးစီမံခန့်ခွဲမှုအပိုင်းကို အမြဲတမ်းစောင့်ကြည့်နေမယ့် ဘုတ်အဖွဲ့ထားရှိခြင်းဟာ ဘဏ်မှာ အုပ်ချုပ်မှုစနစ်ကောင်းတစ်ရပ် (Good Governance) ဖြစ်လာစေဖို့ မရှိမဖြစ် လိုအပ်ချက်တစ်ရပ်လို့ ဝေဖန်ပြောကြားခဲ့ကြပါတယ်။

**သုံးသပ်ချက်**

AIIB ဘဏ်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (တစ်နည်းအားဖြင့်)ဘဏ်ရဲ့ သင်းဖွဲ့စည်းမျဉ်းကို အဖွဲ့ဝင်ဖြစ်လာမယ့်နိုင်ငံ ၅၇ နိုင်ငံအနက် နိုင်ငံ ၅၀ က ပြီးခဲ့တဲ့ ဇွန်လ ၂၉ ရက်နေ့က လက်မှတ်ရေးထိုးလိုက်နိုင်ခြင်းဟာ ခိုင်မာတဲ့ခြေလှမ်းကို တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သလို AIIB ဘဏ်ကို ပီပီပြင်ပြင် ရုပ်လုံးပေါ်လာစေတဲ့ အနေအထားကို ရောက်ရှိလာစေခဲ့ပါတယ်။ လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေတဲ့ ခုနစ်နိုင်ငံကလည်း ပြည်တွင်းလုပ်ငန်းစဉ်တွေ ပြီးစီးတာနဲ့ ဆက်လက်ပါဝင်လက်မှတ်ရေးထိုးသွားကြဖို့ရှိပါတယ်။ ဒီသင်းဖွဲ့စည်းမျဉ်းအရပဲ AIIB ဘဏ်ရဲ့ ဥက္ကဋ္ဌဖြစ်လာမယ့်သူအဖြစ် မစ္စတာကျင်းလီချွန်းကို ဩဂုတ်လ ၂၄ ရက်နေ့က ရွေးချယ်ခဲ့ပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတာဝန်အပြင် နိုင်ငံတော်ငွေကြေးရန်ပုံငွေ (State Wealth Fund) ကို တာဝန်ယူကြီးကြပ်ကိုင်တွယ်ဆောင်ရွက်ခဲ့သလို အာရှဖွံ့ဖြိုးရေးဘဏ်မှာလည်း ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ အတွေ့အကြုံတွေရှိတဲ့အတွက် AIIB ဘဏ်အဖွဲ့ဝင်နိုင်ငံတွေအားလုံးရဲ့ ထောက်ခံမှုကို ရရှိခဲ့သူဖြစ်ပါတယ်။ တစ်နည်းအားဖြင့် AIIB ဘဏ်ဟာ အခုနှစ်ကုန်ပိုင်းမှာ စတင်တည်ထောင်ဖို့ ချမှတ်ထားတဲ့အစီအစဉ်အတိုင်း ပုံမှန်ဖွံ့ဖြိုးတိုးတက်နေတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

AIIB ဘဏ် ဖွဲ့စည်းတည်ထောင်ပေါ်ထွက်လာခြင်းကို ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နဲ့ အာရှဖွံ့ဖြိုးရေးဘဏ်တို့လို နိုင်ငံတကာအဖွဲ့အစည်းကြီးတွေကိုယ်တိုင်က ကြိုဆိုကြပြီး AIIB ဘဏ်နဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေ ဖော်ထုတ်လက်တွဲဆောင်ရွက်သွားမယ်လို့ ပြောကြားခဲ့ကြခြင်းဟာ AIIBဘဏ်အတွက် လက်ရှိ ရှိပြီးသား နိုင်ငံတကာငွေကြေးအဖွဲ့အစည်းကြီးတွေနဲ့တစ်သားတည်းရှိလာစေဖို့ အခြေခံအုတ်မြစ်တွေ ခိုင်မာစွာချမှတ်ပေးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

AIIB ဘဏ်တည်ထောင်ရာမှာ အာရှနိုင်ငံအများအပြား ပါဝင်လာခြင်းဟာ ငွေကြေးကဏ္ဍမှာ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ခု ပေါ်ထွက်လာစေဖို့ ကမ္ဘာ့နိုင်ငံအများစုက ဆန္ဒရှိနေတယ်ဆိုတာကို ထုတ်ဖော်ပြသရာလည်းရောက်ပါတယ်။ ၁၉၉၇ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ အာရှငွေကြေးအကျပ်အတည်း (Asian Financial Crisis) နဲ့ ၂၀၀၉ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ယူရိုငွေကြေးဇုန်အကျပ်အတည်း (Euro-Zone Crisis) တွေကို နှိုင်းယှဉ်ကြည့်ရင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အာဆီယံနိုင်ငံတွေအပေါ် ငွေချေးတဲ့မူဝါဒနဲ့ PIIGS လို့ခေါ်တဲ့ ပေါ်တူဂီ၊ အိုင်ယာလန်၊ အီတလီ၊ ဂရိနဲ့စပိန်နိုင်ငံတို့အပေါ် ငွေချေးတဲ့မူဝါဒဟာ သိသာစွာကွဲပြားနေခဲ့တာကို တွေ့မြင်ခဲ့ကြရပါတယ်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ဟာ ဥရောပနိုင်ငံတွေရဲ့ အကူအညီတောင်းခံမှုကို အလျင်အမြန် အရေးယူဆောင်ရွက်ပေးခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အကူအညီတောင်းခံမှုကိုတော့ မသိကျိုးကျွံပြုခဲ့တဲ့ လုပ်ဆောင်ချက်ကြောင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ဟာ အနောက်နိုင်ငံတွေရဲ့ ယန္တရားတစ်ခုဖြစ်တယ်လို့တောင် စွပ်စွဲခံခဲ့ရပါတယ်။ အာရှငွေကြေးအကျပ်အတည်းတွေဖြစ်ပွားချိန်မှာ တရုတ်နိုင်ငံရဲ့ အကူအညီပေးခဲ့မှုတွေအပေါ် အာဆီယံနိုင်ငံတွေဟာ အမြဲတမ်းကျေးဇူးတင်ရှိအမှတ်ရနေကြဆဲဖြစ်ပါတယ်။

AIIB ဘဏ်ကို အောင်မြင်စွာတည်ထောင်နိုင်ခြင်းဟာ တရုတ်နိုင်ငံရဲ့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးမှာ

> **အနောက်နိုင်ငံအချို့ကတော့ AIIB ဘဏ်ဟာ တရုတ်နိုင်ငံရဲ့ မဟာဗျူဟာမြောက် အကျိုးစီးပွားတွေကို ပိုမိုအကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းချက်တစ်ရပ် အဖြစ် ရှုမြင်ကြ**

အလှည့်အပြောင်းတစ်ရပ်ကို ဖော်ပြလျက်ရှိပါတယ်။ ၂၀၀၁ ခုနှစ်မှာ တရုတ်နိုင်ငံဟာ ရုရှားနိုင်ငံ၊ အာရှအလယ်ပိုင်းနိုင်ငံတွေနဲ့အတူ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization-SCO) ကို ဖွဲ့စည်းခဲ့ပါတယ်။ အလားတူ ၂၀၀၉ ခုနှစ်မှာ ရုရှား၊ အိန္ဒိယ၊ ဘရာဇီးလ်နိုင်ငံတို့နဲ့အတူ (နောက်ပိုင်းမှာ တောင်အာဖရိကနိုင်ငံပါဝင်လာခဲ့)BRICS အဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ BRICS အဖွဲ့ဝင်နိုင်ငံတွေနဲ့အတူ ၂၀၁၄ ခုနှစ် ဇူလိုင်လမှာ ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (New Development Bank-NDB) ကို တည်ထောင်ခဲ့သလို တစ်ဆက်တစ်စပ်တည်း အရေးပေါ်အရန်ငွေကြေးအစီအစဉ်(Contingent Reserve Arrangement-CRA) တစ်ရပ်ကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဒီအဖွဲ့အစည်းတွေ ဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်ဟာ အနောက်နိုင်ငံတွေကို ဗဟိုမပြုတဲ့ အင်အားကြီးအဖွဲ့အစည်းတွေ ပိုမိုပေါ်ထွက်လာစေဖို့ ဖြစ်ပါတယ်။

AIIB ဘဏ်ဟာ တရုတ်နိုင်ငံအတွက် သံတမန်ရေးအရ ကြီးမားသောအောင်မြင်မှုတစ်ရပ်လည်း ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံက ဆန့်ကျင်ကန့်ကွက်နေတဲ့ကြားထဲကနေ သူ့ရဲ့မဟာမိတ်နိုင်ငံတွေဖြစ်တဲ့ ဩစတြေးလျအပါအဝင် ဥရောပ ၁၈ နိုင်ငံဟာ AIIB ဘဏ်မှာ အဖွဲ့ဝင်တွေအဖြစ် ပါဝင်ခဲ့ကြတဲ့အတွက် တရုတ်နိုင်ငံဟာ အနောက်နိုင်ငံများကို အောင်မြင်စွာသွေးခွဲနိုင်ခဲ့တယ်လို့ နိုင်ငံရေးလေ့လာသူအချို့က သုံးသပ်ကြပါတယ်။ တစ်နည်းအားဖြင့် AIIB ဘဏ်ကိစ္စမှာ အမေရိကန်ဟာ တစ်နိုင်ငံတည်း သီးခြားကျန်ရှိနေခဲ့သလို သူ့ရဲ့အာရှဒေသဗဟိုပြု လှုပ်ရှားရေးမူဝါဒကိုလည်း ထိခိုက်စေခဲ့တယ်လို့ ရှုမြင်ကြပါတယ်။

တရုတ်နိုင်ငံဟာ နိုင်ငံခြားအရန်ငွေကြေး လေးထရီလီယံဒေါ်လာကို ပိုင်ဆိုင်ထားတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒီငွေကြေးပမာဏဟာ တရုတ်နိုင်ငံရဲ့ ပြည်တွင်းစီးပွားရေး ငွေကြေးလည်ပတ်မှု လိုအပ်ချက်အတွက် များစွာပိုလျှံနေတဲ့အတွက် ဒီငွေကြေးအရင်းအနှီးတွေကို လိုအပ်နေတဲ့ နေရာတွေမှာ အသုံးပြုလိုက်မယ်ဆိုရင် အကျိုးအမြတ်တွေလည်း ပြန်လည်ရရှိလာမှာ ဖြစ်ပါတယ်။ AIIB ဘဏ်မှာ တရုတ်နိုင်ငံက ကမကထပြုထည့်ဝင်ငွေ ဒေါ်လာ ၅၀ ဘီလီယံ၊ BRICS အဖွဲ့ဝင်နိုင်ငံတွေရဲ့ NDB မှာ ဒေါ်လာ ၁၀ ဘီလီယံ၊ CRA မှာ ဒေါ်လာ ၄၁ ဘီလီယံအသီးသီးထည့်ဝင်ခဲ့သလို ပင်လယ်ရေကြောင်းပိုးလမ်းမရန်ပုံငွေ (Maritime Silk Road Fund) အတွက်လည်း ဒေါ်လာ ၄၀ ဘီလီယံ သတ်မှတ်ထည့်ဝင်ခဲ့တဲ့အတွက် တရုတ်နိုင်ငံဟာ နိုင်ငံတကာငွေကြေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍအတွက် ပြီးခဲ့တဲ့နှစ် တစ်နှစ်တည်းမှာတင် ဒေါ်လာ ၁၄၁ ဘီလီယံကို ကတိကဝတ်ပြုခဲ့တာ တွေ့မြင်နိုင်ပါတယ်။ ဒီအချက်တွေဟာ တရုတ်နိုင်ငံရဲ့ ခနအင်အားကြီးမားလာမှုကို ပြသနေတဲ့အပြင် တရုတ်နိုင်ငံဦးဆောင်တဲ့ AIIB ဘဏ်ဟာ "အာရှရာစုနှစ်" အတွက် အာရှနိုင်ငံများရဲ့ အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။

AIIB ဘဏ်ကို အောင်မြင်စွာတည်ထောင်နိုင်ခြင်းဟာ တရုတ်နိုင်ငံ အင်အားကြီးမားလာမှုရဲ့ အကျိုးရလဒ်တစ်ခုဖြစ်သလို တရုတ်နိုင်ငံရဲ့ ကမ္ဘာလုံးဆိုင်ရာ လွှမ်းမိုးနိုင်စွမ်း (Global Influence) ကြီးမားလာမှုကိုလည်း ထင်ဟပ်ဖော်ပြနေပါတယ်။ သဘောတရားရေးရာ အယူဝါဒတွေထက် မိမိနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုသာ ပိုမိုအလေးပေးလာတဲ့ခေတ်ကြီးမှာ တရုတ်နိုင်ငံအနေနဲ့ ကျန်ကမ္ဘာ့နိုင်ငံများနဲ့ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ဖို့ ဦးဆောင်တက်ကြွစွာ ဆောင်ရွက်လာခြင်းနဲ့ အဲဒီလိုဆောင်ရွက်နိုင်ဖို့လည်း ခနငွေကြေးအင်အားအရ ပြည့်စုံလုံလောက်မှုရှိနေခြင်းဟာ တရုတ်နိုင်ငံရဲ့ ထင်ရှားတဲ့အားသာချက်ဖြစ်ပါတယ်။

အထူးသဖြင့် AIIBဘဏ်ဟာ တရုတ်နိုင်ငံကနေ အာရှအလယ်ပိုင်းဒေသ၊ အရှေ့အလယ်ပိုင်းဒေသနဲ့ ဥရောပအထိ ကျယ်ပြန့်တဲ့ ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးအစီအစဉ်တွေပါဝင်တဲ့ တရုတ်နိုင်ငံရဲ့ တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း (One Belt, One Road) မဟာဗျူဟာမြောက် စီမံကိန်းကြီးအတွက်လည်း အထောက်အကူပြုမယ့် ငွေကြေးအဖွဲ့အစည်းဖြစ်တဲ့အတွက် AIIB ဘဏ်ဟာ တရုတ်နိုင်ငံရဲ့ Soft Power အပိုင်းမှာ အောင်မြင်မှုတစ်ရပ်လို့လည်း ပြောနိုင်ပါတယ်။ ဒါကြောင့် အခုအခါမှာ နိုင်ငံရေးလေ့လာသူတွေက ကမ္ဘာ့နိုင်ငံရေးလောကမှာ အလှည့်အပြောင်းတစ်ရပ် ဖြစ်ပေါ်လာနေပြီလားလို့တောင် မေးခွန်းထုတ်လာကြပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

စာမျက်နှာ ၆ မှ

ဂျပန်၌သာမက အာရှတစ်ခွင်တွင် အတွေ့အကြုံရှိသည့် ကုမ္ပဏီများဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာစီးပွားရေးအဆင့်အတန်းသို့ တက်လှမ်းနိုင်ရေးအတွက် အလားလာကောင်းများပင်ဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် ဂျပန်နည်းပညာဖြင့် တည်ဆောက်ထားပြီး ပတ်ဝန်းကျင်နှင့် လူမှုဘဝများကိုပါ နိုင်ငံတကာစံနှုန်းနှင့်အညီ ထည့်သွင်းတည်ဆောက်ထားသည့် အထူးစီးပွားရေးဇုန်ဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးစီမံကိန်းမှတစ်ဆင့် မြန်မာနှင့် ဂျပန်နှစ်နိုင်ငံလုံးအတွက် အကျိုးရလဒ်ကောင်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပထမအဆင့်စီမံကိန်း အောင်မြင်ခြင်းမှတစ်ဆင့် နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေပါကြောင်းကိုလည်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဂျပန်သီလဝါအများပိုင်ကုမ္ပဏီလီမိတက် ကိုယ်စားလှယ် Mr.Nakamura နှင့် မြန်မာသီလဝါအများပိုင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန် ဒုတိယအဆင့်စီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုဧရိယာအဖြစ် အကောင်အထည်ဖော်ရန် ဟက်တာ ၅၀၀ မှ ၇၀၀ ခန့် သတ်မှတ်သည့် နားလည်မှုစာချွန်လွှာ(MoU)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစိုတို့ ရှေ့မှောက်တွင် နှစ်နိုင်ငံ နှစ်ဖက်ကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ ဦးဆောင်သော အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ ဦးဆောင်သော နှစ်ဖက် ကိုယ်စားလှယ်များသည် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီရုံး၌ ဖွင့်လှစ်ထားရှိသည့် One Stop Service Centre ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်စီမံကိန်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါအထူးစီးပွားရေးဇုန် မုခ်ဦးရှေ့ဥပစာ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစိုတို့က မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာတာရိုအာစိုတို့ ဦးဆောင်သော နှစ်ဖက်ကိုယ်စားလှယ်များသည် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ ဦးဆောင်သော အဖွဲ့ဝင်များသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မကြာမီဖွင့်လှစ်မည့် KOYORAD (Japan) ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ယိုစုကီ တာကာကီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ လက်ခံတွေ့ဆုံပြီး သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုကဏ္ဍတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်ဖွင့်ပွဲအထိမ်းအမှတ် ညစာစားပွဲကို ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစိုတို့ ဦးဆောင်သည့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်းသည် ၂၀၁၂ ခုနှစ် ဧပြီ ၂၁ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့အကြား နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခဲ့ခြင်းမှ အစပြုခဲ့သည့် စီမံကိန်းတစ်ရပ်ဖြစ်သည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်ကို ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းလွှာ (MoC) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ရန်ကုန်မြို့၌လည်းကောင်း၊ မြန်မာနှင့် ဂျပန်ကုမ္ပဏီများ သီလဝါအထူးစီးပွားရေးဇုန်ကို ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် နားလည်မှု သဘောတူစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းကို ၂၀၁၃ ခုနှစ် မေ ၂၅ ရက်တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇို အာဘေး မြန်မာနိုင်ငံခရီးစဉ်အတွင်း သီလဝါဆိပ်ကမ်း၌ လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်ရန်အတွက် ဖက်စပ်ကုမ္ပဏီ ဖွဲ့စည်းရန် သဘောတူညီချက် (JV Agreement) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌လည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း ပထမအဆင့်စီမံကိန်း တည်ဆောက်ခြင်းလုပ်ငန်း စတင်သည့် အခမ်းအနား (Commencement Ceremony) ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ လည်းကောင်း ကျင်းပခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းသည် ဟက်တာ ၂၄၀၀ ကျယ်ဝန်းသည်။ စီမံကိန်းပထမအဆင့်အဖြစ် ၃၉၆ ဟက်တာကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဧရိယာအတွင်း လူနေနှင့် စီးပွားရေးဧရိယာ ၃၅ ဟက်တာလည်း ပါဝင်သည်။ စီမံကိန်း ပထမအဆင့်အတွက် အမေရိကန်၊ ဆွီဒင်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဩစတြေးလျနှင့် အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၇ ခု လုပ်ကိုင်ခွင့်ရရှိထားသည်။ လက်ရှိတွင် စီမံကိန်းပထမအဆင့်ဧရိယာအတွင်း ကုမ္ပဏီ ၁၃ ခုမှာ ဆောက်လုပ်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

**(သတင်းစဉ်)**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်နိုင်ငံ တီရန်ကျင်းမြို့ရှိ အမှတ် (၁၉၆) ယန္တရားတင်ခြေလျင်တပ်မဟာသို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၃**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ၄၅မိနစ်တွင် တီရန်ကျင်းမြို့ရှိအမှတ်(၁၉၆)ယန္တရားတင်ခြေလျင်တပ်မဟာ (Mechanized Infantry Brigade) သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။



ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ပေကျင်းမြို့မှ ၇၅ ကီလိုမီတာအကွာ တီရန်ကျင်းမြို့ရှိ ပေကျင်းစစ်ဒေသကြီး (Beijing Military Region) ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၉၆) ယန္တရားတင်ခြေလျင်တပ်မဟာ (Mechanized Infantry Brigade) သို့ ရောက်ရှိရာ တပ်မဟာမှူး Senior Colonel She Jian Wang နှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တပ်မဟာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး တပ်မဟာမှူးနှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးသည်။ **(အပေါ်ပုံ)** ထို့နောက် ဌာနချုပ်ရုံးခန်းမ၌ တပ်မဟာသမိုင်း၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို တပ်မဟာမှူးက ရှင်းလင်းတင်ပြမှုအပေါ် မေးမြန်းဆွေးနွေးခဲ့ပြီး ကွပ်ကဲမှုအောက်တပ်ရင်းများ၏ စစ်သည်အိပ်ဆောင်များနှင့် တပ်မဟာလေ့ကျင့်ရေးကွင်း၌ စစ်ရေးစွမ်းရည်သရုပ်ပြမှုများကို ကြည့်ရှုလေ့လာကြရာ တပ်မဟာမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

နေ့လယ်ပိုင်းတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ၁ နာရီ ၅၅ မိနစ်တွင် ပေကျင်းမြို့ရှိ Laing Guan Si ဘုရားကျောင်းသို့ရောက်ရှိပြီး ဆရာတော် Chang Zang အား ဖူးမြော်၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဗုဒ္ဓစွယ်တော်မြတ်ကို ဖူးမြော်ကြည်ညိုကြသည်။

ညနေပိုင်းတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ပေကျင်းမြို့ တောင်ပိုင်းဘူတာမှ မြန်နှုန်းမြင့်ရထားဖြင့် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဆက်လက်ထွက်ခွာခဲ့ရာ ရှန်ဟိုင်းမြို့ ဖုန်းချောင်ဘူတာသို့ ဒေသစံတော်ချိန် ည ၉ နာရီ ၁၂ မိနစ်တွင် ရောက်ရှိစဉ် ရှန်ဟိုင်းမြို့ မြို့စောင့်တပ် ဒုတိယတပ်မှူးဗိုလ်ချုပ် Wan Zhi Pingနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ ၁၃၁၈ ကီလိုမီတာကွာဝေးပြီး သာမန်ရထားဖြင့် နာရီ ၂၀ ခန့်ကြာမြင့်သော်လည်း ယခုမြန်နှုန်းမြင့်ရထားမှာ ၁ နာရီလျှင် ၃၀၅ ကီလိုမီတာနှုန်းဖြင့် ၅ နာရီကျော်ခန့်သာကြာမြင့်ပြီး သက်သာစွာဖြင့် ခရီးသွားလာနိုင်ကြောင်း၊ ရှန်ဟိုင်းနှင့် ပေကျင်းမြို့သို့ နေ့ချင်းပြန် အလုပ်အကိုင်နှင့် အလည်အပတ်ခရီးများ သွားလာနိုင်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ဥပဒေအရာရှိများ အင်္ဂလိပ်စာကျွမ်းကျင်ရေးဆောင်ရွက်ပေးရန် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်သည် ယနေ့ညနေ ၃ နာရီက ဗြိတိသျှကောင်စီမှ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရရှိစေရေးအစီအစဉ်၏ အဖွဲ့ခေါင်းဆောင် Mr. Peter Viner ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးမှု ပြုလုပ်သည်။

ရှေးဦးစွာ ပြည်ထောင်စုရှေ့နေချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် Mr. Peter Viner က မိမိတို့ ဗြိတိသျှကောင်စီ (British Council) အနေဖြင့် ဥပဒေအရာရှိများ၊ အင်္ဂလိပ်စာကျွမ်းကျင်ရေးအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများပေးရန် လာရောက်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများပေးရန် အောက်ခြေအဆင့်မှ စတင်၍ အကဲဖြတ်လေ့လာသွားမည်ဖြစ်ပြီး အစီအစဉ်များကိုရေးဆွဲ၍ အထက်အဖွဲ့အစည်းများ၏ခွင့်ပြုချက်ကို တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ် ဥပဒေချုပ်ရုံးများအောက်ရှိ မြို့နယ် ဥပဒေအရာရှိများအား ပဏာမအကဲဖြတ်အနေဖြင့် လေ့လာခွင့်ပြုပါရန် ဆွေးနွေးပြောကြားသည်။

ဆွေးနွေးချက်အပေါ် ပြည်ထောင်စုရှေ့နေချုပ်က ဗြိတိသျှကောင်စီအနေဖြင့် ဥပဒေအရာရှိများကို အင်္ဂလိပ်စာကျွမ်းကျင်ရေးအတွက်သင်တန်းများပေးလိုကြောင်း ကမ်းလှမ်းချက်အပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် စတင်မည်ဖြစ်ပြီး ဥပဒေအရာရှိများကို အင်္ဂလိပ်စာတိုးတက်ရာ တိုးတက်ကြောင်း ဆက်လက်ဆောင်ရွက်ပေးရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ရုံးအဖွဲ့မှူး ဦးအောင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နုနုယဉ်နှင့် ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းအေးတို့လည်း တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# သံအမတ်ကြီး ဦးမြင့်နောင် ပေါ်တူဂီသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၄**

ပေါ်တူဂီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် လစ်စဘွန်းမြို့၌ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာနီဘယ် ကာဗာကို ဆေးလ်ဗာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# အရှေ့တောင်အာရှ စာပေဆု ၂၀၁၅ အတွက် ပြိုင်ပွဲဝင်နိုင်

**ရန်ကုန် စက်တင်ဘာ ၂၃**

အရှေ့တောင်အာရှ ဝတ္ထုရှည်စာပေဆု (S.E.A Award)၂၀၁၅အတွက် ရွေးချယ်နိုင်ရန်အတွက် အင်္ဂလိပ်ဘာသာဖြင့်ရေးသား (သို့) ပြန်ဆိုပြီး သုံးနှစ်အတွင်း ထုတ်ဝေပြီးဖြစ်သော မြန်မာလုံးချင်းဝတ္ထုရှည်စာအုပ်များ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်မည့် စာအုပ်ငါးအုပ်ကို စက်တင်ဘာ ၂၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှတ် ၁၇၃/၁၇၅ (၇/၈လွှာ)၊ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား ပန်းဆိုးတန်းလမ်းမကြီး ဖုန်း-၀၁-၃၈၅၂၇၃၊ ၀၁- ၂၅၂၄၀၇(ဖက်စ်) သို့ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# သမိုင်း၊ ယဉ်ကျေးမှု၊ အနုပညာဓလေ့ထုံးစံများနှင့် အာဆီယံဒေသ၏တန်ဖိုးကို ပိုမိုနားလည်မှုရှိစေရန် ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ ရှေးဟောင်းမြို့တော်များကွန်ရက် စီမံကိန်းအောက်တွင် ဆောင်ရွက်သည့် ပုဂံရှေးဟောင်းမြို့တော်၏ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပုဂံမြို့ဟောင်းရှိ ပုဂံဟိုတယ် ဧရာဝတီခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ အာဆီယံ လူမှုရေး၊ ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ရှေးဟောင်းသုတေသနဆိုင်ရာ သုတေသီများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းသည် ရှေးဟောင်းသုတေသနနယ်ပယ်နှင့် ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုနယ်ပယ်တို့တွင် လုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကျွမ်းကျင်ပညာရှင်များ၏ အတွေ့အကြုံများကို မျှဝေရန်နှင့် ပိုမိုချဲ့ထွင်နိုင်ရန် ဖြစ်ပါကြောင်း၊

လူသားအချင်းချင်းဆက်သွယ်မှုကိုမြှင့်တင်ပေးခြင်း၊ မိမိတို့ အသိုက်အဝန်းများအကြား နားလည်မှုပိုမိုရရှိလာအောင် ဆောင်ရွက်ခြင်းနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် တာဝန်ယူ ဆောင်ရွက်မှုရှိသည့် အာဆီယံအသိုက်အဝန်း ပေါ်ပေါက်ရေးသည် ယခုအချိန်တွင် အလွန်အရေးကြီးနေပြီဖြစ်ပါကြောင်း၊ ယခုအစီအစဉ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သမိုင်းဆိုင်ရာ ရှုထောင့်များကို အခြေခံပြီး အာဆီယံပြည်သူလူထုအကြား နားလည်မှုကို ပိုမိုနက်ရှိုင်းခိုင်မာစေမည်ဖြစ်ပါကြောင်း။

အာဆီယံဒေသသည် တိုးတက်လျက်ရှိပြီး ဒေသဆိုင်ရာဗိသုကာပညာသည် လျင်မြန်စွာပြောင်းလဲ



လျက်ရှိပါကြောင်း၊ ထို့ကြောင့် အာဆီယံ၏ ယဉ်ကျေးမှု လက္ခဏာကို ပိုမိုရင်းနှီးကျွမ်းဝင်မှုရှိစေခြင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ အနုပညာဓလေ့ထုံးစံများနှင့် အာဆီယံဒေသ၏ တန်ဖိုးကို ပိုမိုနားလည်မှုရှိစေခြင်းတို့အတွက် မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းဖြင့် ဒေသအတွင်း ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာနယ်ပယ်တွင် တာဝန်ထမ်းဆောင် နေကြသူများအကြား ဆက်သွယ်မှု ကွန်ရက်တစ်ခုကို တည်ထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုနယ်ပယ်တွင် ကြုံတွေ့နေရသည့် အဓိကစိန်ခေါ်အားစမ်းမှုများနှင့် ပြဿနာရပ်များကို စဉ်းစားသုံးသပ်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအာဆီယံယဉ်ကျေးမှု ဆပ်ကော်မတီဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အာဆီယံရှေးဟောင်းမြို့တော်များကွန်ရက် စီမံကိန်းအောက်တွင် ဆောင်ရွက်သည့် ပုဂံရှေးဟောင်းမြို့တော်၏ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည်။

**(သတင်းစဉ်)**

# ပုဂံရှေးဟောင်းဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာမည်

**အမေး၊အရေးနှင့်ဓာတ်ပုံ**
**မြင့်မောင်စိုး၊ နိုင်လင်းကြည်**

ပျူခေတ်အလွန် မြန်မာနိုင်ငံ၌ ပုဂံခေတ်ထွန်းကားခဲ့ရာ ယနေ့ ပုဂံရှေးဟောင်းအမွေအနှစ်အဖြစ် စေတီပုထိုးအမျိုးမျိုး ကျန်ရှိလျက်ရှိပေသည်။ ပုဂံရှေးဟောင်းဒေသကြီးကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသကြီးတစ်ခုဖြစ်လာရေး မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာရှင်များက ယူနက်စကိုတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပုဂံရှေးဟောင်းယဉ်ကျေးမှု ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေး ဆောင်ရွက်ကြိုးပမ်းနေမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။



**ဒေါ်ခင်ကြည်ပြာ (ပါမောက္ခချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်-မန္တလေး)**



"ဒီအလုပ်ရုံဆွေးနွေးပွဲကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ ၂၀၁၃ ခုနှစ်တုန်းက (၁၄)ကြိမ်မြောက် အာဆီယံ COCI ဆပ်ကော်မတီအစည်းအဝေး ရန်ကုန်မှာ ကျင်းပခဲ့တဲ့အချိန်မှာ တင်သွင်းခဲ့တဲ့ ပရောဂျက်ဖြစ်ပါတယ်။ ရှေးဟောင်းမြို့တော်များကွန်ရက်ဆိုတာ အာဆီယံနိုင်ငံတွေအကြားမှာ ရှေးဟောင်းမြို့တော်များကို စီမံချက်တင်သွင်းပြီးတော့ နိုဝင်ဘာလမှာ ဘရူနိုင်းနိုင်ငံမှာ ကျင်းပတဲ့ (၁၈)ကြိမ်မြောက် အာဆီယံ COCI အစည်းအဝေးမှာ အတည်ပြုခဲ့တာပါ။ အာဆီယံမှာရှိတဲ့ ရှေးဟောင်းမြို့တော်တွေကို Preserve လုပ်ဖို့နဲ့ အာဆီယံနိုင်ငံအချင်းချင်း အသိပညာတွေဖလှယ်ဖို့ အတွေ့အကြုံတွေဖလှယ်နိုင်တဲ့ အခွင့်အလမ်းတွေရရှိအောင် ဆောင်ရွက်တာဖြစ်ပါတယ်။

အာဆီယံ ၁၀ နိုင်ငံအပြင် ရှေးဟောင်း နည်းပညာဆိုင်ရာ ကျွမ်းကျင်သူတွေပါ တက်ရောက်ပါတယ်။ ပုဂံဒေသကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင်ဖို့ လက်ရှိ ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့က ယူနက်စကို စာရင်းဝင်ပြီးဖြစ်ပါတယ်။ ဒါကြောင့် အဲဒါတွေပြီးကတည်းက ပုဂံကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖို့လည်း အမည်စာရင်း တင်သွင်းထားပါတယ်။ ဒါပေမယ့် ဆက်လက်ဆောင်ရွက်ဖို့ အဆင့်တွေတော့လိုပါသေးတယ်။ ပုဂံဒေသကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင်ဖို့ အဓိက ဆောင်ရွက်တာကတော့ ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာန ဖြစ်ပါတယ်။ အင်းလေးဒေသကိုလည်း Culture Space of Inlay Region ဆိုပြီးတော့ ဒြပ်မဲ့ယဉ်ကျေးမှုအတွက် စာရင်းကောက်နေပါတယ်"ဟု ပြောကြားခဲ့သည်။

**ဦးသိန်းလွင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)**

မြန်မာနိုင်ငံမှာ ပျူရှေးဟောင်းမြို့တော်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ပြီးကတည်းက ပုဂံရှေးဟောင်းဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့ ကြိုးစားနေပါတယ်။ ဒီလိုအကောင်အထည်



ဖော် ဆောင်ရွက်ရာမှာ အီတလီနိုင်ငံကလိုအပ်တဲ့ငွေများ၊ အကူအညီနဲ့အတူ ဆောင်ရွက်တာလည်း ရှိပါတယ်။ ၂၀၁၄ ခုနှစ်ကတည်းက ယူနက်စကိုက အလုပ်ရုံဆွေးနွေးပွဲတွေလုပ်တယ်။ ပုဂံဒေသမှာ လေ့လာမှုတွေ၊ စီမံခန့်ခွဲမှုတွေလုပ်တယ်။ ပုဂံဒေသမှာ ရှေ့ဆက်ပြီးလုပ်ရမယ့် လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုတွေဖြစ်တဲ့ နတ်ကိုးကွယ်မှုသမိုင်းတွေ၊ စေတီပုထိုးစာရင်းကောက်ယူမှုတွေလုပ်တယ်။ နံရံဆေးရေးပန်းချီကားတွေ ထိန်းသိမ်းရေးစတဲ့လုပ်ငန်းတွေမှာ ယူနက်စကိုကရော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်းစတဲ့အဖွဲ့အစည်းတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပုဂံဒေသကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဖြစ်ဖို့ နိုင်ငံတော်အဆင့်တင်ပြထားပြီးဖြစ်ပါတယ်" ဟု ပြောသည်။

**ဦးစိုးစိုးလင်း (ဒုတိယညွှန်ကြားရေးမှူး-ပုဂံရှေးဟောင်းဌာနခွဲ)**



"ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖို့ဆိုရင် အဓိကအားဖြင့် စံခြောက်ချက်နဲ့ ကိုက်ညီရတယ်။ စံခြောက်ချက်နဲ့ကိုက်ညီမှ ယူနက်စကိုစာရင်းဝင်မှာဖြစ်တယ်။ ယူနက်စကိုက ဝင်ချင်တိုင်းဝင်လို့မရဘူး၊ လက်ရာကောင်းလို့ဝင်မှာလား၊ အဲဒီခေတ်ကလူတွေမှာ စတိုင်တွေကဘာတွေကျန်သေးလို့လဲ စတဲ့အချက်တွေအပေါ်မှာ အခြေခံပါတယ်။ ကျွန်တော်တို့ပုဂံက ယူနက်စကိုက သတ်မှတ်တဲ့ စံခြောက်ချက်နဲ့ ကိုက်ညီပါတယ်။ ပုဂံရှေးဟောင်းအမွေအနှစ်ဒေသဟာ ယူနက်စကိုဝင်ဖို့ စံသတ်မှတ်ချက်တွေနဲ့ ကိုက်ညီပါတယ်။ စံသတ်မှတ်ချက်တွေ အပြည့်အဝရှိပါတယ်။ ကျွန်တော်တို့ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့ ယူနက်စကိုနဲ့ ခေါင်းစဉ်ငါးခုနဲ့ ဆွေးနွေးပွဲလုပ်တာ ငါးကြိမ်ရှိသွားပါပြီ။ နောက်ဆုံး ယူနက်စကိုနဲ့ ဆွေးနွေးဖို့ရှိပါတယ်။ ဒီဆွေးနွေးပွဲပြီးရင်တော့ Report ထွက်လာဖို့ မျှော်လင့်ရပါတယ်။"

ပုဂံရှေးဟောင်းဒေသကို ယူနက်စကိုအမွေအနှစ်ဖြစ်ရေး ကြိုးပမ်းလျက်ရှိရာတွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦးကလည်း ဤသို့ ပြောကြားခဲ့သည်။

**ဦးအောင်ကျော်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး-ထိန်းသိမ်းရေးဌာနစု)**

"ထိန်းသိမ်းရေးမှာ အဆောက်အအုံပိုင်း ထိန်းသိမ်းရေးနဲ့ အနုလက်ရာပိုင်း ထိန်းသိမ်းရေးဆိုပြီး နှစ်ပိုင်းခွဲထားပါတယ်။ သိပ္ပံနဲ့ကျောင်းပြီးတဲ့သူတွေဆိုရင် အနုလက်ရာပိုင်း ထိန်းသိမ်းရေးအတွက် ထားရှိဆောင်ရွက်ပါတယ်။ တချို့ဟာတွေဆိုရင် ဖုန်လေးသုတ်လိုက်တာနဲ့ရတယ်။ တချို့ဟာတွေကတော့ နှစ်ရှည်လများ နှစ်ရာထောင်ချီပြီး ချွတ်လို့မရတဲ့ ချေးတွေရှိတယ်။ တချို့ကို ဓာတုဗေဒဆေးတွေ သုံးရတယ်။ ဒါပေမယ့် ဓာတုဗေဒဆေးတွေကိုလည်း ယူနက်စကိုက ကျွမ်းကျင်ပညာရှင်တွေက စမ်းသပ်ပြီးမှ သုံးရတယ်။ သူတို့က သင်တန်းတွေပေးတယ်၊ ပြီးတော့လက်တွေ့လုပ်ခိုင်းတယ်။ ဘာလို့လဲဆိုရင် အနုလက်ရာပိုင်းတွေဆိုတာ သာမန်လူတွေမလုပ်နိုင်လို့ပဲဖြစ်ပါတယ်။

ထိန်းသိမ်းရေးကို ၁၉၇၅ မတိုင်ခင်ကတည်းက လုပ်ပါတယ်။ ဒါပေမယ့် ဌာနဝန်ထမ်းက နည်းတာရယ်၊ အသိအမြင် နည်းတာရယ်ကြောင့် အခုလောက်တော့ မလုပ်နိုင်ခဲ့ဘူး။ လတ်တလောပျက်စီးနေတာကိုပဲ ဆက်ပြီးမပျက်စီးအောင် လုပ်ခဲ့ရတယ်။ ၁၉၇၅ ပုဂံ ငလျင်လှုပ်တဲ့အချိန်မှာတော့ ငလျင်မလှုပ်မီက ပြင်ထားတာတွေရော လုံးဝမလုပ်ရသေးတဲ့အရာတွေပါ အကုန်ပျက်စီးကုန်တယ်။ ထီးတော်တွေဆိုရင် ပြိုကျ၊ အင်္ဂတေတွေကွာကျ စတာတွေဖြစ်တယ်။ အတွင်းဘက် နံရံဆေးရေးပန်းချီတွေ ဆိုရင်လည်း အချပ်လိုက်ကွာကုန်တယ်။ ၁၉၈၂-၁၉၈၃ ကနေစပြီး အစိုးရနဲ့ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်တို့ ချိတ်ဆက်ပူးပေါင်းပြီး ကျွမ်းကျင်ပညာရှင်တွေကိုလည်း မြန်မာနိုင်ငံကို စေလွှတ်တယ်။ ပြီးတော့ ဌာနကဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီးလုပ်ဆောင်တယ်။ ဒီနှစ်အထိလည်း သင်တန်းတွေပေးတာတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်တာတွေရှိပါတယ်။ အဆောက်အအုံပိုင်းထိန်းသိမ်းရေးကို လူတိုင်းနီးပါးလုပ်နိုင်ပေမယ့် အနုလက်ရာပိုင်းဆိုရင်တော့ ခံစားချက်ရှိတဲ့သူမှ လုပ်နိုင်တယ်။ ဒါကြောင့် ဌာနကလူတွေလောက်ပဲ လုပ်နိုင်တယ်။ အပြင်ကခေါ်ပြီးခိုင်းရင် ၁၀ ယောက်လောက်ခေါ်မှ သုံးယောက်လောက်ပဲ လုပ်နိုင်ကြတယ်" ဟု ရှင်းပြသည်။



မြန်မာနိုင်ငံ၌ ပျူရှေးဟောင်းမြို့တော်များ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာပြီးနောက် ပုဂံရှေးဟောင်းမြို့ကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာရေး ကြိုးပမ်းနေပြီဖြစ်ပါသည်။ ပုဂံဒေသသည် ရှေးဟောင်းအမွေအနှစ်ဒေသ ဖြစ်လာမည်ဆိုပါက ရှေးဟောင်းအမွေအနှစ်များကို ပိုမိုတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်လာမည်ဖြစ်သကဲ့သို့ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဒေသ ဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်ကာ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များကို ပိုမို ဆွဲဆောင်လာနိုင်တော့မည် ဖြစ်ပါကြောင်း။ ။

❖ *ကျောဖုံးမှ*

ရန်ကုန်အသင်းမှာ ကင်နီကိုမှလွဲ၍ လူစုံအသုံးပြုခဲ့သလို မကွေးအသင်းမှာလည်း ရလဒ်ကောင်းရရှိရန်အတွက် ပွဲထွက်ကစားသမားအချို့ကို အပြောင်းအလဲပြုလုပ်ခဲ့သည်။ ပွဲအစ တစ်မိနစ်မှာပင် ရန်ကုန်အသင်း အဖွင့်ဂိုးရခဲ့ပြီး ဆီဇာက သွင်းယူခဲ့သည်။ ၂၇ မိနစ်တွင် နန္ဒကျော်က မကွေးအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သို့သော် နှစ်မိနစ်အကြာမှာပင် ခင်မောင်လွင်က ရန်ကုန်အသင်းအတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၅၄ မိနစ်တွင် နန္ဒကျော်က ချေပဂိုးပြန်သွင်းခဲ့သည်။ ၅၉ မိနစ်တွင် မကွေးအတွက် အနိုင်ဂိုးကို တိုက်စစ်မှူးဆယ်လာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်း ချေပဂိုးရရှိရန်အတွက် သန်းပိုင်၊ ကြည်လင်းတို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း မကွေးနောက်တန်းထိန်းချုပ်နိုင်ခဲ့၍ ရန်ကုန်အသင်း ရှုံးပွဲဆက်ခဲ့ရခြင်း ဖြစ်သည်။

ဗထူးကွင်း၌ ရတနာပုံက ဟံသာဝတီကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ကျောက်တိုင်ကွင်း၌ ဧရာဝတီက ချင်းယူနိုက်တက်ကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အနိုင်ရရှိသည်။

**ယနေ့ပွဲ**
**(အောင်ဆန်းကွင်း)**
**ဇွဲကပင် - ကမ္ဘောဇ**
**(သုဝဏ္ဏကွင်း)**
**ရခိုင် - မနောမြေ**
**(မုံရွာကွင်း)**
**ဇေယျာရွှေမြေ - နေပြည်တော်**

# ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် ပြန်လည်ပြုပြင်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဟားခါးမြို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟားခါးမြို့ ပညာရေးကောလိပ်တည်ဆောက်မည့် လျာထားနေရာကို လည်းကောင်း၊ ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်တွင် မြေပြိုမှုကြောင့် ပျက်စီးသွားသည့် နေအိမ်များအခြေအနေကို လည်းကောင်း၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဒေသခံပြည်သူများယာယီနေထိုင်နိုင်ရန် ကယ်ဆယ်ရေးစခန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဟားခါးမြို့ မြို့ဟောင်းမှ ဒေသခံပြည်သူများကို ပြန်လည်နေရာချထားနိုင်ရန် ဧက ၅၂၀ ကျယ်ဝန်းသောနေရာတွင် မြို့ကွက်သစ်ဖော်ထုတ်မည့်မြေနေရာအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကလေး-ဖလမ်း-ဟားခါး လမ်းမိုင်တိုင်အမှတ် (၁၀၇/၀ နှင့် ၁၀၇/၁) ကြား မိုင်တိုင်အမှတ် (၁၀၅/၃ နှင့် ၁၀၅/၄ )ကြား ၊ မိုင်တိုင်အမှတ် (၁၀၂/၁ နှင့် ၁၀၂/၃) ကြားတို့တွင် တောင်ပြိုမှုအများဆုံးဖြစ်ပြီး လမ်းကြောင်းပြတ်တောက်သွားသည့် နေရာများတွင် ခရိုင်အဖွဲ့၊ အထူးအဖွဲ့နှင့် ကုမ္ပဏီတို့ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီပြင်ဆင်လျက်ရှိရာ ခရီးသည်ကားငယ်၊ ကားလတ်များနှင့် ခြောက်ဘီး ကုန်တင်ယာဉ်များ ၊ ကယ်ဆယ်ရေးကားများသွားလာနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးယာယီပြင်ဆင်ထားသော လမ်း/တံတားများဖြစ်၍ ဆက်လက်သွားလာမှုအဆင်ပြေစေရေး တာဝန်ခံအင်ဂျင်နီယာများ ကိုယ်တိုင် ကုမ္ပဏီအဖွဲ့နှင့် ပူးပေါင်း၍ စက်ယန္တရားများဖြင့် စောင့်ကြည့်ဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ကလေး-ဖလမ်း-ဟားခါးလမ်းပေါ်ရှိ ဗားရ်တံတားကြွခိုင်မှု၊ ကလေး-နတ်ချောင်း-ဖလမ်း(ဝေဘူလ) လမ်းပေါ်ရှိ အရှည် ပေ ၉၀ R.P.T သံပေါင်တံတား ရေထဲမျောပါသွားသည့် နေရာတွင် ဘေလီတံတားဆောင်ရွက်ပြီးစီးမှု၊ ပျက်စီးသွားသည့် တံတားသံပေါင် ဆယ်ယူဖြုတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် ကလေး-ကျီကုန်းလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ကလေးဝ-ကျီကုန်း-တမူးလမ်းပေါ်ရှိ တံတားအမှတ် (၁/၅၉)၊ အရှည်ပေ ၂၈၀၊ ခမ်းပတ်ဘေလီတံတား ပြန်လည်ပြုပြင်ပြီးစီးမှုတံတားအမှတ် (၁/၆၀) အရှည် ပေ ၂၉၀ ကနန်တံတားပြုပြင်နေမှု ၊ တံတားအမှတ် (၄/၆၂) အရှည်ပေ ၃၀၀၊ ကမ္မကြီး တံတားပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားများ အမြန်ဆုံး ပြင်ဆင်ပြီးစီးရေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် လိုအပ်သော ဘေလီသံပေါင်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ကလေး-ကလေးဝလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မှ တည်ဆောက်နေသော ချင်းတွင်းတံတား (ကလေးဝ)သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် တံတားတည်ဆောက်ရေး တာဝန်ခံများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မုံရွာ-ယာကြီး-ကလေးဝလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ချောင်းမ-လင်းတကော-(ချောင်းမ-လင်းကတောအပိုင်း) လမ်းအခြေအနေ၊ မန္တလေး-စစ်ကိုင်း-မုံရွာလမ်းနှင့် ရန်ကုန်-မန္တလေးအမြန်လမ်း (နေပြည်တော်-မန္တလေး) အပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

# မဲစာရင်းများ တိုးမြှင့်ကြေညာရန် အသိပေးကြေညာခြင်း

**၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်**

သဘာဝဘေးအန္တရာယ်နှင့်ရေဘေးအန္တရာယ်ကြောင့် အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များတွင် မဲစာရင်းထုတ်ပြန်ကြေညာခြင်းကို ယှဉ်တွဲဖော်ပြပါရက်များအထိ တိုးမြှင့်ကြေညာပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | တိုးမြှင့်ကြေညာရန် သတ်မှတ်ကာလ |
|---|---|---|---|
| ၁။ | ချင်း | မတူပီ | ၁၀. ၁၀. ၂၀၁၅ |
| | | ဟားခါး | ၁၀. ၁၀. ၂၀၁၅ |
| | | တွန်းဇံ | ၁၀. ၁၀. ၂၀၁၅ |
| ၂။ | စစ်ကိုင်း | မုံရွာ | ၂. ၁၀. ၂၀၁၅ |
| | | ဆားလင်းကြီး | ၂. ၁၀. ၂၀၁၅ |
| | | ကနီ | ၂. ၁၀. ၂၀၁၅ |
| | | မော်လိုက် | ၂. ၁၀. ၂၀၁၅ |
| | | ဖောင်းပြင် | ၂. ၁၀. ၂၀၁၅ |
| ၃။ | မကွေး | စေတုတ္တရာ | ၄. ၁၀. ၂၀၁၅ |
| ၄။ | မန္တလေး | မြင်းခြံ | ၄. ၁၀. ၂၀၁၅ |
| ၅။ | ဧရာဝတီ | ဟင်္သာတ | ၄. ၁၀. ၂၀၁၅ |
| | | ဇလွန် | ၄. ၁၀. ၂၀၁၅ |
| | | မြန်အောင် | ၄. ၁၀. ၂၀၁၅ |
| | | အင်္ဂပူ | ၃၀. ၉. ၂၀၁၅ |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

နိုင်ငံတကာသတင်း

# ဗန်ကောက်ဗုံးဖောက်ခွဲမှုတွင်ပါဝင်သည်ဟု သံသယရှိသူရှစ်ဦးကို မလေးရှားရဲတပ်ဖွဲ့ကဖမ်းဆီး

**ကွာလာလမ်ပူ စက်တင်ဘာ ၂၃**

ဗန်ကောက်မြို့တွင် ဩဂုတ်လကဖြစ်ပွားခဲ့သော လူ ၂၀ ဦးထက်မနည်းသေဆုံးခဲ့သည့် ဗုံးဖောက်ခွဲမှုနှင့်ဆက်နွှယ်မှုရှိသည်ဟု သံသယဖြစ်ဖွယ်ရာ လူရှစ်ဦးကို ဖမ်းဆီးထားကြောင်းမလေးရှားရဲတပ်ဖွဲ့က စက်တင်ဘာ ၂၃ ရက်က ပြောကြားသည်။

လူမှောင်ခိုကူးခြင်းလုပ်ငန်းများတွင် ပါဝင်သည့်အတွက် ၎င်းတို့ကို ဖမ်းဆီးထားခြင်းဖြစ်ကြောင်း၊ မြို့တော် ကွာလာလမ်ပူနှင့် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော ကလက်တန်ပြည်နယ်တို့တွင် ၎င်းတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း ဒုတိယရဲမှူးကြီး နော်ရာရှစ်အိုင်ဗရာဟင်က သတင်းထောက်များကို ပြောကြားသည်။

သို့သော် တိကျသော သက်သေအထောက်အထားများ မရရှိသေးကြောင်း၊ အဆိုပါတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သည်ဟု ၎င်းတို့ထံမှ ဝန်ခံပြောကြားခြင်းမရှိသေးကြောင်း နော်ရာရှစ်က ပြောသည်။

နောက်ထပ်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်အတွက် မလေးရှားရဲတပ်ဖွဲ့က ထိုင်းရဲတပ်ဖွဲ့နှင့်အတူ လုပ်ဆောင်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထိုင်းရဲတပ်ဖွဲ့မှ ထိပ်ပိုင်းအရာရှိများက အဆိုပါဖမ်းဆီးထားသောသူများကို စုံစမ်းစစ်ဆေးရန်အတွက် ကွာလာလမ်ပူသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ထိုင်းမီဒီယာများက ပြောကြားသည်။ **(ဆင်ဟွာ)**

# ပါကစ္စတန်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများဖြစ်ပေါ်



ပါကစ္စတန်နိုင်ငံ အရှေ့ဘက် လာဟိုးမြို့၌ စက်တင်ဘာ ၂၂ ရက်က မိုးများသည်းထန်စွာရွာသွန်းခဲ့ရာ ကားများကို ရေမြုပ်နေသောလမ်းများပေါ်တွင် တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)


**ဦးရဲမင်းပိုင်(သချ်ာ) ၅လပြတ်ဝိုင်း**
**၁၀ တန်း ဘာ သာ စုံ ပိုင်း**
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်။ ၀၉၇၃၁၆၁၁၄၀

**လူပျောက်ကြော်ငြာ**
စမ်းချောင်းမြို့နယ်၊ မြေနီကုန်း (မ) ရပ်ကွက်၊ ဒဂုံစင်တာ ၁၊ တိုက် (စီ)၊ အခန်း ၇၀၁/၇၀၃တွင် ခေတ္တနေထိုင်သူ ဦးအောင်ထွန်း၏ သမီး မဦးခင်သန်း ၁၁/တပဝ(နိုင်)၀၀၀၄၄၄အသက်(၂၅) နှစ်ခန့်သည် ၂၃-၉-၂၀၁၅ ရက်တွင် နေအိမ်မှ ဈေးဝယ်ရန်ပြောပြီး ထွက်သွားရာမှ ပြန်မလာပါ၍ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၅၅၉၅၄**



**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အထက နဝမတန်း(B)မှ မသန္တာထက် ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ ၇/အဖန(နိုင်)၀၂၆၇၇၄ ဖြစ်ပါသည်။
**ဦးမြင့်ဆွေ**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်း(D)မှ မယမင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးကြည်လွင်ဦး ၇/အဖန(နိုင်) ၀၇၈၈၇၁ ဖြစ်ပါသည်။
**ဦးကြည်လွင်ဦး**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးဇေယျာထိုက် (၁၂/မဂတ(နိုင်)၀၈၄၇၀၃) ၏ CDC 74893 ၏ Watch Keeping (EER E00386 914 လက်မှတ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း - ၀၉ ၂၅၄၄၀၈၀၈၆

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ်DD/3547၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း**
ဦးထင်ကိုကို ၁၂/ဥကတ(နိုင်)၀၃၃ ၇၇၂-ဒေါ်အေးအေးမြို့ ၁၂/ဥကတ(နိုင်)၀၈၆၇၂၉ တို့၏သား မောင်နေမင်းကိုကို (ခ)လွင်ဘုန်းအောင် ၁၂/ဥကတ(နိုင်)၁၇၁၅၄၅သည် မိဘနှစ်ပါးနှင့်အဘိုးအဘွားများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူမည်မဟုတ်ပါကြောင်း။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
**ဦးထင်ကိုကို-ဒေါ်အေးအေးမြို့**


**လူပျောက်ကြော်ငြာ**
မပိုးဟပ်ဖြူ အသက်(၁၆)နှစ်၊ နန်းခံမ်ယဉ် အသက်(၁၂)နှစ်၊ နန်းရွှေရွှေအေး အသက်(၁၂)နှစ်၊ ၁၄-၉-၂၀၁၅ရက် ညနေ ၃နာရီခွဲတွင် အမှတ်(၉၀၁)၊ မိဂသီ ၁၈ လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာ နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းလက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဖုန်း-၀၉-၅၁၇၁၃၈၀၊**
**၀၉-၄၂၁၁၄၉၄၁၆၊ ၀၉-၂၅၂၃၀၅၈၇၉**

# စားအုန်းဆီပီပါများ တင်ဆောင်လာသောယာဉ် တိမ်းမှောက်

**ကျောက်တံခါး စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်- မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၇/၄) နှင့် (၁၁၇/၅) အကြား ရင်းတိုက်ကုန်းကျေးရွာအနီး သံလမ်းခုံးကျော်ကွေ့၌ စားအုန်းဆီပီပါများ တင်ဆောင်လာသော ယာဉ်သည် စက်တင်ဘာ ၂၂ ရက် ည ၁၀ နာရီက တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးဟန်ကြည်(၅၀ နှစ်) သည် စားအုန်းဆီပီပါအလုံး ၉၀ တင်ဆောင် မောင်းနှင်လာသော နီဆန်းဒီဇယ် အဖြူရောင် ၁၂ ဘီးယာဉ်မှာ လမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားသော ကွန်ကရစ်မီးတိုင်ကို ဝင်တိုက်မိပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ခဲ့ရာ ယာဉ်မောင်းတွင် ဒဏ်ရာရရှိခြင်းမရှိဘဲ ယာဉ်ဦးခေါင်းပိုင်း ပိန်ချိုင့်ပျက်စီး၊ ရှေ့လေကာမှန်ကွဲ၍ စားအုန်းဆီပီပါ ခုနစ်လုံးပျက်စီးခဲ့ကာ မီးရထားအစုန်လမ်းခေတ္တပိတ်ခဲ့ရသည်။



အခင်းဖြစ်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ရင်းတိုက်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကာ နံနက် ၂ နာရီခွဲတွင် မီးရထားအစုန်လမ်း ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

# စဉ့်ကူး-လက်ပန်လှကားလမ်းပေါ်တွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

**စဉ့်ကူး စက်တင်ဘာ ၂၃**

စဉ့်ကူး-လက်ပန်လှကားလမ်း မင်းကြီးကုန်းကျေးရွာအနောက်ဘက် ကျောက်တိုင်လမ်းခွဲ၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိ၍ နှစ်ဦးစလုံးဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ပြီး သတိလစ်မေ့မြောသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၂ ရက် ညနေ ၃ နာရီခွဲခန့်က စဉ့်ကူးမြို့မရဲစခန်း အရှေ့ဘက် သုံးမိုင်ခန့်အကွာ မင်းကြီးကုန်းကျေးရွာအနောက်ဘက် ကျောက်တိုင် လမ်းခွဲ စဉ့်ကူး-လက်ပန်လှကားလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ရဲတပ်ကြပ် အောင်မျိုးဝင်းနှင့်အဖွဲ့သည် အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ခိုင်စိုး (၃၇ နှစ်)၊ အောင်ဆန်း(၃၇ နှစ်) တို့ လိုက်ပါမောင်းနှင်လာသော ဆိုင်ကယ်နှင့် လက်ပန်လှမှ စဉ့်ကူးသို့ ယာဉ်မောင်း ကျော်ဌေး (၄၅နှစ်)နှင့် တစ်ရွာတည်းသား မင်းမင်း (၄၅ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်ဝင်ရောက်တိုက်မိရာ ခိုင်စိုး၊ အောင်ဆန်း၊ ကျော်ဌေးနှင့်မင်းမင်းတို့ ဒဏ်ရာရရှိကြပြီး စဉ့်ကူးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကာ ကျော်ဌေးနှင့် မင်းမင်းတို့မှာ သတိကောင်းစွာ မရရှိသဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်လွှဲပြောင်းကုသလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ခိုင်စိုးနှင့် ကျော်ဌေးတို့ နှစ်ဦးကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းမောင်**

# ရထားလမ်းပေါ် ပိတ်ဆို့ရပ်တန့်နေသည့် ၁၄ ဘီးယာဉ်ကို မြန်မာ့မီးရထားက အမှုဖွင့်

**ကသာ စက်တင်ဘာ ၂၃**

ကသာခရိုင် အင်းတော်မြို့နယ် အုန်းဒုတ်ကျေးရွာအနီး မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း မိုင်တိုင်အမှတ် (၆၀၆/၁) နှင့် (၆၀၆/၂) အကြားတွင် စက်တင်ဘာ ၂၂ ရက်က ယာဉ်မောင်းထွန်းအောင်ကျော် မောင်းနှင်သည့် ၁၄ဘီးယာဉ်မှာ ရထားလမ်းပေါ် ပိတ်ဆို့ရပ်တန့်နေ၍ အမှတ်(၅၇) အဆန်ရထားမှာ ရထားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရထားလမ်းပေါ်ပိတ်ဆို့ရပ်တန့်ထားသည့် ယာဉ်မောင်းထွန်းအောင်ကျော် (၃၁ နှစ်)ကို အရေးယူပေးရန် ရုံပိုင်ကြီး မြန်မာ့မီးရထား မော်လူးဘူတာ အင်းတော်မြို့နယ်နေသူက တိုင်ကြားခဲ့ရာ မော်လူးနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# တစ်ရွာတည်းသားချင်း တရုတ်ဇနီးမယားအဖြစ် ရောင်းစား

**အောင်လံ စက်တင်ဘာ ၂၃**

အောင်လံမြို့နယ် ဖောင်တင်ကျေးရွာ၌ ရန်ကုန်မြို့သို့ အလုပ်လုပ်ရန်ဟု လိမ်လည်လှည့်ဖြားခေါ်ဆောင်၍ တရုတ်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ပြီး တရုတ်ဇနီးမယားအဖြစ် ရောင်းစားမှုတစ်ခု စက်တင်ဘာ ၂၂ ရက်က ပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်မှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက ဖောင်တင်ကျေးရွာနေ ဒေါ်--- အိမ်သို့ တစ်ရွာတည်းနေ ကိုမျိုးထိုက်၏ဇနီးဖြစ်သူ မစာ(ခ) မငြိမ်းငြိမ်း အေးရောက်ရှိလာပြီး ရန်ကုန်၌ ကိုမျိုးထိုက်၏ညီမ မအေးဝင်း(ခ) မဝေ၏ နေအိမ်တွင် အိမ်ဖော်လုပ်ရန်အတွက် ဒေါ်--- ၏ သမီးဖြစ်သူ မ----(၁၉ နှစ်) နှင့် တူမဖြစ်သူ မ---- (၃၂ နှစ်) တို့နှစ်ဦးကို တစ်လလျှင် လစာငွေကျပ်တစ်သိန်းဖြင့် ခေါ်ယူလိုသည်ဟုပြောသဖြင့် လုပ်ကိုင်ရန် သဘောတူခဲ့သည်။

ခေါ်ဆောင်သွားပြီး တစ်လခန့်အကြာတွင် ဒေါ်. . . က မစာ(ခ) မငြိမ်းငြိမ်း အေးနှင့်အတူတွေ့ဆုံရန် လိုက်သွားသောအခါ သမီးနှင့်တူမကို ရန်ကုန်၌မဟုတ်ဘဲ ဟသ်ာတမြို့ရှိ မအေးဝင်း(ခ) မဝေနှင်းလှိုင်၏ နေအိမ်၌တွေ့ရှိရကာ သမီးဖြစ်သူအတွက် ကိုးလစာ ငွေကျပ် ကိုးသိန်းထုတ်ပေးသဖြင့် ယူခဲ့သည်။ မ--- အတွက် ကိုးလစာ ငွေကျပ် ကိုးသိန်းကို မစာက လက်ခံယူခဲ့ပြီး မ---- ၏မိခင်ကို ပေးအပ်ခဲ့သည်။ ဇူလိုင်လတွင် ကိုးလပြည့်၍ သမီးနှင့်တူမတို့ကို ပြန်ခေါ်ပေးရန် ပြောဆိုသောအခါ ကိုမျိုးထိုက်က ခေါ်မပေးသဖြင့် သမီးဖြစ်သူနှင့် ဆက်သွယ်ပြောဆိုရာ ဟသ်ာတမြို့၌ မဟုတ်တော့ဘဲ တရုတ်ဇနီးမယားအဖြစ် ရောင်းစားခံရကြောင်းသိသဖြင့် ကိုမျိုးထိုက်၊ မစာ(ခ) မငြိမ်းငြိမ်းအေး၊ မအေးဝင်း(ခ) မဝေနှင်းလှိုင်တို့ကို အရေးယူပေးပါရန် တိုင်ကြားသဖြင့် အောင်လံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# အရက်မူးပြီး မိခင်ကို ဓားဖြင့်လိုက်ခုတ်သူ ယောက်ဖဓားချက်ဖြင့်သေဆုံး

**ပုသိမ် စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၌ မိခင်ဖြစ်သူကို သားအရင်းက ဓားဖြင့် လိုက်ခုတ်ရာ ယောက်ဖဖြစ်သူ၏ ဓားချက်ဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်တုန်းမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာနေ သန်းထိုက်စိုး(ခ) ကြွက်နီ (၃၆ နှစ်) သည် စက်တင်ဘာ ၁၄ ရက် ည ၈ နာရီခန့်က ရွာထဲရှိ အသုဘအိမ်ရှေ့၌ အရက်သောက်စားမူးယစ်ပြီး မိခင်ဖြစ်သူအား ဓားနှင့်လိုက်ခုတ်သဖြင့် ယောက်ဖဖြစ်သူ အောင်ခင်(ခ) မုန့်ကြွပ် (၄၃ နှစ်)က ဝင်ရောက်ဆွဲသဖြင့် တစ်ယောက်တစ်ခွန်းစကားများကြရာ အောင်ခင်(ခ)မုန့်ကြွပ်က ၎င်းနေအိမ်သို့ပြန်ပြီး အရိုးအသွား ခုနစ်လက်မ၊ ဖြက်တစ်လက်မရှိ ဓားဦးချွန်ယူဆောင်လာပြီး လုံးထွေးသတ်ပုတ်စဉ် သန်းထိုက်စိုး(ခ) ကြွက်နီ၏ ရင်ဘတ်၌ ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး အခင်းဖြစ်ပွားရာ အသုဘအိမ်ရှေ့၌ သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ ညောင်တုန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှကြည်(ပုသိမ်)**

# မုဒုံ၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၃** မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၀ ရက်က မုဒုံမြို့ မြို့မ(၂)ရပ်ကွက် စည်းစိမ်တိုး စားသောက်ဆိုင်ရှေ့ မုဒုံကားလမ်းဘေး၌တွေ့ရှိသူ ဝင်းသန်း(ခ)မုတ်ဆိတ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ သိမ်းဆည်းရမိသဖြင့် ဝင်းသန်း(ခ) မုတ်ဆိတ် (၃၁ နှစ်) အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**


**အမည်ပြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ကျားတတ်(စံပြ)ကျေးရွာ အထက၊ စတုတ္ထတန်း (ဘ) ဦးဇော်နိုင်ထွန်း၏သား ကျောင်းဝင်အမှတ်-၈၇၈၇ဖြစ်သူ မောင်ဒိုကြီးအား မောင်ကြယ်စင်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကြယ်စင်ထွန်း**

**အမည်မှန်**

မုံရွာမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(B)မှ မဟေမာန်နှင်းဆီ၏ အမည်မှန်မှာ မဟေမန်နှင်းဆီ ၅/မရန(နိုင်) ၃၀၇၉၂၅ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မုံရွာမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(1A)မှ မောင်မင်းထက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးတူးတူး ၅/ယမပ(နိုင်) ၀၉၃၇၀၃ ဖြစ်ပါကြောင်း။

**ဦးတူးတူး**

**ဖခင်အမည်မှန်**

မုံရွာမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(D)မှ မနွယ်နွယ်စိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်စိုး ၅/အရတ(နိုင်) ၀၀၂၇၁၉ ဖြစ်ပါကြောင်း။

**အမည်မှန်**

မုံရွာမြို့၊ ညောင်ရိပ်သာရပ်ကွက်နေ မောင်ဖူးကိုကိုအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး ၅/မရန(နိုင်)၁၆၅၀၉၉ ဖြစ်ပါကြောင်း။

**ဦးအောင်ဆန်းဦး**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၄၉)၊ မြေညီထပ်(ညာဘက်ခြမ်း)ဟုခေါ်တွင်သည့် တိုက်ခန်း၊ မီတာ၊ ရေအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ (၁) ဦးမင်းလှိုင် ၁၂/မဂတ(နိုင်)၀၈၁၃၄၇၊ (၂) ဒေါက်တာသီတာသန်း ၈/ပခက(နိုင်)၀၀၀၄၁၃ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L)**

**အထက်တန်းရှေ့နေ**

**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

**CLAIMS DAY NOTICE**

**<u>M.V BRIGHT STATE</u> VOY:NO (EAL 07)**

Consignees of cargo carried by M.V BRIGHT STATE VOY:NO (EAL 07) are here by notified that the vessel will arrive on about 26-9-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**လူပျောက်ကြော်ငြာ**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက် ၂၃၅၄၊ အခန်း ၃၅၊ မီးရထားတိုက်တန်းနေ ဦးမြင့်စိန်- ဒေါ်ခင်ဆွေတို့၏သမီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ လမ်း ၄၀၊ ၇၂×၇၃ လမ်းကြားနေ မကြင်ကြင်ခိုင်(ခ)မခိုင် ၅/ဝလန(နိုင်)၁၂၀၁၅၅ သည် ၂၀-၉-၂၀၁၅ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ သွေးဆောင်ဖြားယောင်း ခေါ်ဆောင်ပြီး လက်ခံထားသူအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးမြင့်စိန် - ဒေါ်ခင်ဆွေ**

**ဖုန်း-၀၉-၄၀၂၅၇၇၄၄၀၊ ၀၉-၂၅၉၀၃၂၇၇၂**

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောပြတိုက်(နေပြည်တော်)ရှိ ပြခန်းဆောင် (C) တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ပြခန်းခင်းကျင်းပြသမည့် ပြကွက်များပြုလုပ်ရန်အတွက် အောက်ပါလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ပေးနိုင်မည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ လုပ်ငန်းခန့်မှန်းခြေစာရင်း (BQ) စာရင်းများနှင့်အတူ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | ပြကွက် (၁၊ ၂)၏ ဘယ်၊ ညာနံရံတွင် ချိတ်ဆွဲရန် (၇၂"×၄၅") Light Box | ၄-ခု |
| ၂။ | ပြကွက် (၁၊ ၂)၏ Main နံရံတွင် ချိတ်ဆွဲရန် (၆'×၁၂') Light Box | ၂-ခု |
| ၃။ | Display ခုံအမြင့်(၃'×၃'×၁၂') အောက်ပိုင်း သစ်သားခုံနှင့် Acrylic (ဖန်ကြည်ဖိုက်ဘာ)အုပ်ဆောင်းပါ Showcase | ၁-ခု |
| ၄။ | Model (၄'×၁၂') | ၁-ခု |
| ၅။ | Model ထည့်သွင်းမည့် Showcase (၄'×၁၂'×၃') | ၁-ခု |
| ၆။ | Light Box မီးလုံးများ | |

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

**စတင်ရောင်းချမည့်ရက်/အချိန်** - ၂၄-၉-၂၀၁၅ ရက် နံနက် ၉း၃၀ နာရီ

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁၀-၂၀၁၅ ရက် ညနေ ၁၆း၃၀ နာရီ

**တင်ဒါပုံစံတစ်စုံ** - ၂၀၀၀ ကျပ်

**ဆက်သွယ်ရန်လိပ်စာ** - အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန (ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာန၊ ဖုန်း-၀၂-၅၇၀၃၈၊ ၀၉-၈၇၇၂၇၆၁၂၃

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)**

**မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့**

# စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေး (အပိုင်း-၅)

ဒေါက်တာမျိုးကြွယ်
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများမှာ တောင်သူလယ်သမားများကိုသာ နည်းပညာပေးရမည် မဟုတ်ပါ။ သူတို့နှင့်ထိတွေ့နေသော စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများ၊ သူတို့၏ ဇနီး၊ သားသမီးမိသားစုဝင်များ၊ ဆက်စပ်နေသော ပညာရေးဆိုင်ရာ ဆရာ ဆရာမ ဝန်ထမ်းများ၊ ဆုံးဖြတ်ချက်ချမှတ်သူများ (Policy Makers) စသည်ဖြင့် အားလုံးကို သတိပြုမိလာအောင် (တစ်နည်းအားဖြင့် နားလည်သဘောပေါက်လာအောင် -Awareness) ဖြစ်လာအောင် စည်းရုံးလှုံ့ဆော်ပညာပေးရပါမည်။

ဥပမာ- စာသင်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူကလေးများ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ ဝယ်ယူစားသုံးနိုင်အောင် ပညာပေးခြင်းသည် Extension Education ဖြစ်ပါသည်။

Extension ၏အဓိပ္ပာယ်မှာ လက်တင်ဘာသာရင်းမြစ် Ex' meaning 'out' and 'tensio' meaning 'stretching' ပညာရပ်များကို ဆွဲဆန့်သည့် အဓိပ္ပာယ်ပါ။ အမေရိကန်နိုင်ငံမှာ ၁၉၁၄ ခုနှစ်လောက်ကစသုံးပြီး အဓိပ္ပာယ်မှာ -'A branch of a university for students who cannot attend the university properly' or 'An out-of-school system of Education' ကျောင်း၊ စာသင်ခန်းပြင်ပပညာရေးပါ။

တောင်သူများကို ပညာပေးနေသော စနစ်တခုဖြစ်သည့် Farmer Field School သူမှာ စာသင်ခန်းမရှိပါ။ လယ်တောယာတောထဲတွင် စာသင်ပေးခြင်း ပညာပေးခြင်းဖြစ်ပါသည်။

ပုံမှန်သမားရိုးကျပညာရေးနှင့် တိုးချဲ့ပညာပေးရေး ကွာခြားချက်ကို အောက်ပါအတိုင်း တွေ့ရပါမည်။

| စဉ် | Formal Education<br>**ပုံမှန်သမားရိုးကျပညာရေး** | Extension Education<br>**တိုးချဲ့ပညာပေးရေး** |
|---|---|---|
| ၁ | အဆောက်အအုံ၊ ကျောင်း၊ စာသင်ခန်းအတွင်း သင်ယူခြင်း။ (Inside the premises of the Institution) | စာသင်ခန်း နံရံလေးဘက်၊ အပြင်ဘက်တွင် သင်ယူခြင်း။ (Outside the four wall of the Institution) |
| ၂ | သင်ယူသူသည် ပုံစံ၊ အသက်၊ အရွယ်၊ အများစုတူ၍၊ ရည်ရွယ်ချက် ဦးတည်ချက်ဖြင့် သင်ယူသည်။ (homogeneous with common goals) | အရွယ်၊ အသက်ဉာဏ်ရည်အမျိုးမျိုးနှင့် ရည်ရွယ်ချက်၊ ဦးတည်ချက်ပေါင်းစုံရှိသည်။ (heterogeneous with diverse goals) |
| ၃ | သင်ရိုးညွှန်းတမ်း အတိအကျပြဋ္ဌာန်းထားပြီး စာမေးပွဲစစ်ကာ ဘွဲ့ဒီဂရီ၊ လက်မှတ်ရရှိသည်။ (Fixed curriculum get degrees, certificates) | သင်ရိုးညွှန်းတမ်းအတိအကျမသိဘဲ သင်ယူသူ၏လိုအပ်ချက်အရ သင်ပေးခြင်း၊ စာမေးပွဲမရှိ ဘွဲ့လက်မှတ်မပေးပါ။(No–fixed curriculum, needs of the learners, No exam, no degrees, certificates) |
| ၄ | ဆရာမှတပည့်ဆီသို့ သင်ကြားခြင်းဖြစ်သည်။ (From Teacher to the Learners -Vertical) | သင်ယူသူဆီမှလည်း ပညာရပ်ပြန်လည်ရရှိနိုင်သည်။ (Learns from Local people- Horizontal) |
| ၅ | ချဉ်းကပ်ပုံမှာ သဘောတရား သီအိုရီစာတွေ့မှ ပြဿနာဆီသို့သွားသည်။ (Approach from principles to problems) | ချဉ်းကပ်ပုံမှာ ပြဿနာကိုအခြေခံ၍ဖြေရှင်းပြီး သဘောတရားဆီသွားသည်။ (Approach from problem to principles) |

ကျွန်တော်တို့နိုင်ငံတွင် စိုက်ပျိုးရေးမျိုးစေ့ထုတ်လုပ်ရေးတိုးတက်စေရန် (Seed Industry Development) အတွက် မဟာဗျူဟာချမှတ်လုပ်ဆောင်ရပါမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှလည်း သက်ဆိုင်ရာဌာနများအားလုံး သီးနှံမျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးကိစ္စကို ဦးစားပေးလုပ်ဆောင်ကြရန် လမ်းညွှန်မှာကြားထားပါသည်။ ပြည်တွင်းပြည်ပ မျိုးစေ့ထုတ်ကုမ္ပဏီများကိုလည်း လာရောက်ရင်းနှီးမြှုပ်နှံ အလုပ်လုပ်ကြရန် အားပေးတိုက်တွန်းနေသော်လည်း ဆောက်လုပ်ရေး၊ သဘာဝဓာတ်ငွေ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း စသည်များနှင့်နှိုင်းယှဉ်ပါက အလွန်မတန်နည်းလွန်းပါသည်။ ကျန်စီးပွားရေးလုပ်ငန်းများက အချိန်တိုအတွင်း အမြတ်များများရရှိနိုင်၍ ဖြစ်ပါလိမ့်မည်။

**တိုးချဲ့ပညာပေးရေး၏ အနှစ်သာရများမှာ**

၁။ တောင်သူလယ်သမား၊ ပြည်သူလူထု၏စိတ်ပါဝင်စားမှုကို အဓိကဦးစားပေးသည်။(Clients First Approach)

၂။ ကျေးလက်နေ လူတန်းစားများ၏ အသိပညာပေးရေးဖြစ်သည်။ (Education for all village people)

၃။ ဤပညာရပ်ကြောင့် ပြည်သူလူထု ဗဟုသုတ၊ စိတ်နေသဘောထား၊ ကျွမ်းကျင်မှုများ အပြုသဘောဆောင်ပြောင်းလဲလာစေရမည်။ (Desirable changes in the knowledge, attitudes and skills of people)

၄။ ဤပညာရပ်သည် ကျေးလက်နေလူထုအား ကူညီပေးရင်း အချင်းချင်းအသိပညာမျှဝေခံစားစေသော ပညာဖြစ်သည်။ (Helping people to help themselves)

၅။ သင်ကြားနည်းပုံစံမှာ လက်တွေ့လုပ်ရင်း တတ်ကျွမ်းလာစေရန်၊ မိမိကိုယ်တိုင်မြင်ပြီးမှ ယုံကြည်လက်ခံလုပ်ကိုင်နိုင်အောင် လုပ်ခြင်းဖြစ်ပါသည်။ (Learning by doing and seeing is believing)

၆။ တောင်သူဆီ ပညာပေးရုံမဟုတ်ဘဲ တောင်သူထံမှ ပြဿနာများကို သုတေသနနှင့် တက္ကသိုလ်မှ ပညာရှင်များဆီသို့ ပြန်လည်ယူဆောင်လာပါသည်။ (Two-way channel, it brings scientific information to village people to the scientific institutes for solution)

၇။ ပညာပေးရေးလုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်၍မရဘဲ အုပ်စုလိုက် တောင်သူလယ်သမားများ၏ မိသားစု၊ သူတို့ကျေးရွာတစ်ရွာလုံး ပါဝင်လုပ်ဆောင်စေမှ အောင်မြင်ပါသည်။ (Working together (in groups) to expand the welfare and happiness of the people with their families, their own villages, etc.)

နိုင်ငံတကာ စိုက်ပျိုးရေးတက္ကသိုလ်များ၏ ပုံစံအရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် သင်ကြားရေး(Education)၊ သုတေသန (Research) နှင့် ပညာပေးရေး (Extension)ကို အချိုးညီညီလုပ်ဆောင်လျက်ရှိနေပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)၊ ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဌာန (ACIAR)၊ ဩစတြေးလျ အကူအညီပေးရေးအဖွဲ့ (Australlian Volunteer International-AVI)၊ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးသုတေသနဌာနနှင့် ဆွာမိနာသန်သုတေသနဖောင်ဒေးရှင်း (IARI, MSSRF) တို့မှ အဖွဲ့အစည်းများဖြင့် သင်ကြားရေး၊သုတေသန၊ ပညာပေးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်



**ဒီးမော့ဆို စက်တင်ဘာ ၂၃**

ကယားပြည်နယ် ဒီးမော့ဆိုမြို့ ဒေါင်ခါးဘောလုံးအားကစားကွင်း၌ စက်တင်ဘာ ၂၁ ရက်က အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပသည်။ အဆိုပါဖွင့်ပွဲသို့ ဒီးမော့ဆိုမြို့နယ်ပညာရေးမှူး ဦးခွန်ထက်နှင့် အားကစားမှူးများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ကျောင်းသားကျောင်းသူများ၊ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူးက ကလေးများ၏ အားကစားနှင့် ကျန်းမာရေးအပြင် နိုင်ငံ့အားကစားသမားကောင်းများ ထွက်ရှိလာရန်ရည်ရွယ် ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထိုပြိုင်ပွဲတွင် ဒီးမော့ဆိုမြို့နယ်မှ အခြေခံကျောင်းပေါင်း ၁၂၆ ကျောင်း စုစည်းပြီး ကျောင်းအုပ်စု ၁၆ အုပ်စုဖွဲ့စည်းကာ အမျိုးသား ၁၀ နှစ်အောက်၊ ၁၆ နှစ်အောက်နှင့် အမျိုးသမီး ၁၆ နှစ်အောက် စသည်ဖြင့် ဘောလုံးအသင်းများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲတွင် အမျိုးသား ၁၀ နှစ်အောက် ၁၆ သင်း၊ အမျိုးသား ၁၆ နှစ်အောက် ၁၃ သင်းနှင့် အမျိုးသမီး (၁၆) နှစ်အောက် ကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

မိုးရာသီတွင်အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရန်နှင့် လျော့နည်းစေရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၊အောင်ဇမ္ဗူရပ်ကွက်အတွင်းရှိ နေအိမ်များတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို စက်တင်ဘာ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါက်တာဒေါ်လဲ့မဥ္ဇူ ဦးဆောင်သော ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့်တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအသိပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရေတွင်း/ရေကန်များအတွင်း အဘိတ်ဆေးခပ်ခြင်းလုပ်ငန်းများကို တစ်အိမ်တက်ဆင်းလှည့်လည်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ



# ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်ရေမြောင်းတူးဖော်

**ရန်ကုန် စက်တင်ဘာ ၂၃**

မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေမှ တစ်မြို့နယ် ငွေကျပ်သိန်း ၁၀၀၀ စီကို ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေချထားပေးခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရပ်ကွက် ၂၀ သို့လည်း ခွဲဝေချထားပေးခဲ့ပြီးဖြစ်သည်။ စက်ဆန်းရပ်ကွက်၌ မိုးရွာလျှင် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် ကွန်ကရစ်စီရေနုတ်မြောင်း အရှည်ပေ ၅၀၀ တူးဖော်ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမြတ်ကိုထွေးနှင့်လုပ်ငန်းစစ်ဥက္ကဋ္ဌ ဒေါက်တာဦးအောင်မိုးတို့က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# လုံခြုံရေးဆောင်ရွက်မည့်အစီအမံများ ရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၂၃**

စက်တင်ဘာ ၂၀ ရက်က မြောက်ဥက္ကလာပ (မြို့မ) ရဲစခန်းဓမ္မာရုံ၌ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ တွေ့ကြုံလာနိုင်သည့် ဘေးအန္တရာယ်များအပေါ် မြောက်ဥက္ကလာပ (မြို့မ)ရဲစခန်းက လုံခြုံရေးဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်းသည့် ရှင်းလင်းပွဲပြုလုပ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး ခင်မောင်ကြည်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဝင်း၊ မြို့နယ်ရွေးကောက်ပွဲလုံခြုံရေး ဆပ်ကော်မတီများ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သဘင်ပန်းလု ခါရတုဖြင့် ပျော်မှုစံခင်းတော်သလင်း

ဒေါက်တာမောင်မြေ

တော်သလင်းလသည် မြန်မာဆယ့်နှစ်လတွင် ဆဋ္ဌမ မြောက်လဖြစ်၏။ ထိုလတွင် ရက်ပေါင်း ၃၀ ရှိသည်။ နာရီအားဖြင့် ၃၂ နာရီရှိ၏။ ညဥ့် ၂၈ နာရီရှိ၏။ နေ့တာရှည်၏။ ညတာတို၏။ ရာသီအလို ကန်ရာသီ ခေါ်ဆို၏။ ဘဒြခေါ် ပြုဗ္ဗဘဒြနက္ခတ်နှင့် စန်းယှဉ်ပြည့်၏။ ဘရဏီနက္ခတ်နှင့်နေမင်းတို့ယှဉ်ကြ၏။ ဗျိုင်းတာရာ ထွန်းပ၏။ ရာသီရုပ်မှာ ကညာပျိုရုပ်ဖြစ်၏။

တော်သလင်းဟူသော ဝေါဟာရသည် "တော်သလံ =နှစ်သက်ဝမ်းမြောက်ခြင်း"ဟူသော ပါဠိမှ ဆင်းသက်လာ၏။ ထိုလတွင် စပါးကောက်ပင်များ ထူထောင်ရှင်သန်လာပြီဖြစ်၏။ ထို့ကြောင့် လယ်သမားတို့ စိတ်ကို နှစ်သက်ရွှင်လန်းစေသောကြောင့် တော်သလင်းလဟု ခေါ်ဆို၏။ အချို့က တော်သလင်းဆိုသည်မှာ သတင်း အတွင်းကိုဆိုလိုသည်ဟူ၏။ သတင်းကို သလင်းဟုတ- အက္ခရာကို လပြုခြင်းရ၏။ တောမှာအတွင်းဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် သလင်းတောဖြစ်လာ၏။ ယင်းသတင်းအတွင်းမှ အဓိပ္ပာယ်ရသည့် သလင်းတောကို (အက္ခရာဝိပရိယာယ)အက္ခရာ ရှေ့နောက်ပြန်ပြောင်းခြင်း ဘာသာဗေဒနည်းဖြင့် တော်သလင်းဖြစ်လာ၏ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

တော်သလင်းကို မြန်မာဆန်ဆန် တွေးဆသူရှိသည်။ တော်သလင်းတွင် "တော်"မှာ အမြင့်ကောင်းကင်ဖြစ်၏။ "သလင်း"မှာ သာလင်း-သာယာကြည်လင်ခြင်းဖြစ်၏။ တော်သလင်းဟူသည် ကောင်းကင်တစ်ခွင်သာယာကြည်လင်သောလဖြစ်သည်ဆို၏။

ပုဂံခေတ်ကျောက်စာများတွင် (တိသ္လင်၊ တဲသ္လင်၊ တော်သလင်) စသည်ဖြင့် ရေးထိုးခဲ့ကြ၏။ ဝေါဟာရလီနတ္တတရာက မြန်မာဘာသာမှာ ကညာဟူသော ကမ္ဘာဦးကာလ မူလဘာသာတွင် ညအက္ခရာကို နအက္ခရာပြု၍ တံခွန်တင်ပြီးလျှင် ကန်ရာသီဟုခေါ်ဆိုကြသည်။ ကညာသဒ္ဒါသည် မိန်းမငယ်သမီးကညာကို ဟော၏။ ယောက်ျားကို နှစ်သက်စေတတ်သူဟု အဓိပ္ပာယ်ရသည်။ ပါဠိဘာသာတွင် ကညာပုဒ်ကဲ့သို့ နှစ်သက်စေခြင်း အဓိပ္ပာယ်ရှိသည်။ "တာသ"ပုဒ်လည်းရှိ၏။ ထိုကညာနှင့် အဓိပ္ပာယ်တူ တောသပုဒ်ကိုအစွဲပြု၍ ရှေးမြန်မာကြီးများက ဤလကို တော်သလင်းဟု နာမည်မှည့်ခဲ့ကြ၏။

"ပုရိသာနံ တောသိတုံ အလန္တိ တောသလံ"ဟု လည်းကောင်း "ကဿကာနံ မဟာသိတုံအလန္တိတောသလံ" ဟု ဝိဂြိုလ်ပြုထား၏။ အဓိပ္ပာယ်မှာ ယောက်ျားတို့ကို နှစ်သက်စေခြင်းငှာ စွမ်းနိုင်သောလ တစ်နည်းအားဖြင့် လယ်လုပ်သားတို့ကို နှစ်သက်စေခြင်းငှာ စွမ်းနိုင်သောလဟူ၍ ဖြစ်သည်။ ယင်းသို့ ကျမ်းပြုဆရာ လေ့သင်းအတွင်းဝန်က တော်သလင်းအမည်ကို ပါဠိစာပေနယ်တွင် ရှာဖွေ၍ ပါဠိသက်ပုဒ်အဖြစ်သာဆုံးဖြတ်ခဲ့လေ၏။

ပုဂံခေတ်နှင့်အင်းဝခေတ် ထိုးကျောက်စာတို့တွင် တော်သလင်းကို သစ်ဆင်းလဟုခေါ်ဆိုရေးသားခဲ့သည်ကို မတွေ့ရ။ သစ်ဆင်းဟူသောစကားအသုံးကို အင်းဝခေတ်ကဗျာများတွင် ရှေးဦးစွာ တွေ့ရ၏။ ဟံသာဝတီဆင်ဖြူရှင်လက်ရောက်မှ ကျောက်စာများတွင် တွေ့ရ၏။ တော်သလင်းအမည်မှာ သစ်ဆင်းအမည်ထက်ရှေးကျသည်ဟု ဆိုကြယုံကြည်ထား၏။

သစ်ဆင်းပွဲနှင့်ပတ်သက်၍ အမျိုးမျိုးယူဆကြ၏။ ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် "တော်သလင်းကို မြစ်တွင်းသင်းဖြူခြင်း" ဟူသော ရှေးသူဟောင်းတို့ ဆိုရိုးစကားနှင့်အညီ တော်သလင်းလတွင် ရေစီးအဟုန် မညံ့မဖျင်းဖြစ်၏။ မြစ်တွင်သာ၍ သစ်ဖောင်ဝါးဖောင်များ စုန်ဆင်းလေ့ရှိ၏။ ဤသည်ကို အကြောင်းပြု၍ တော်သလင်းလကို သစ်ဆင်းလဟု တွေးဆနိုင်၏။ ရှေးမင်းတို့ လှေသဘင်ပွဲတော်ပြုလုပ်သော ကာလရေပေါ် ၁၀တောင်၊ ၁၅တောင်မြင့်သည့်တိုင်ထိပ်ဖျားက သူကို ခံ၍ဆင်းသည်ဟူသော စကားများမဟုတ်မမှန်ကြံဖန်ပြောဆိုချက်သာဖြစ်၏" ဟု ဖော်ပြထား၏။ ထိုကျမ်းပြုဆရာ၏ အာဘော်မှာ သစ်ဆင်းဆိုသည်မှာ အခမ်းအနားဖြင့်ပြုလုပ်ကျင်းပသော ပွဲမျိုးမဟုတ်၊ သစ်ဖောင်များ စုန်ဆင်းခြင်းကို အစွဲပြု၍ သစ်ဆင်းခေါ်ခြင်းဖြစ်သည်ဟုဆို၏။

တော်သလင်းလ "သစ်ဆင်း" ဟူသော အခေါ်အဝေါ်နှင့်စပ်လျဉ်း၍ သက္ကရာဇ် ၈၈၉ ခုနှစ်ခန့်က ရှင်အဂ္ဂသမာဓိစပ်ဆိုခဲ့သည့် " သုဝဏ္ဏလျှံသူဌေးခန်း"ပျို့ကဗျာတွင် "အခါခါမဂ်လာဖြင့်တကာလူဗိုလ်လွန်ကြည်ညို၍ ဝါဆိုဝါခေါင်ယဉ်ဆောင်သစ်ဆင်းတော်သလင်းနှင့်သီတင်းကျွတ်တော်"ဟု ဖွဲ့ဆိုထားသည်။

သက္ကရာဇ် ၉၃၁ ခုနှစ်ခန့်တွင် စပ်ဆိုခဲ့သည်ဟုထင်ရသော မင်းရဲကျော်စွာစုန်ချေင်းတွင် "သဘင်ပန်းလုခါရတုဖြင့် ပျော်မှုစံခင်းတော်သလင်း၊ ထုံသစ်ဆင်းအခါပျော်ဘွယ်သာတည့်. . . . "ဟူ၍ စပ်ဆိုထားသည်ကို လေ့လာခြင်းဖြင့် သစ်ဆင်းအသုံးအနှုန်းကို အင်းဝခေတ်တွင် မတွေ့ရဟု ပညာရှင်ကြီးများက ဆိုထားကြသည်ကိုလေ့လာရ၏။

ရှေးခေတ်ကတော်သလင်းလတွင် လှေပွဲသဘင်ကျင်းပသည်မှာ ထင်ရှားသည်။ ". . . . တော်သလင်းကို၊ မြစ်တွင်းသင်ဖြူခြင်း"ဆိုစကားရှိသည်နှင့်လျော်ညီစွာ ရာသီဥတုကြည်လင်သာယာ၏။ မြစ်ပြင်တွင် လှိုင်းလေငြိမ်သက်၍ ရေသင်ဖြူခင်းထားဘိသကဲ့သို့ ရှိ၏။ သို့ဖြစ်၍ ရှေးမြန်မာဘုရင်တို့သည် သာယာငြိမ်သက်သည့်ရေပြင်တွင် လှေပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ဟန်ရှိ၏။ လှေသဘင်ပွဲတော်ကို "ပန်းလုသဘင်၊ လှေပွဲသဘင်၊ မြစ်ယံပွဲ"စသည်ဖြင့် အမျိုးမျိုးခေါ်ကြ၏။ လှေသဘင်ပွဲတော်ကို မြန်မာဘုရင်တို့ နှစ်သက်မြတ်နိုး၏။ ဘုရင်နှင့်တကွ လော်ကားမှူးကြီးများ ကြပ်မတ်၍ ခင်းကျင်းပြုလုပ်လေ့ရှိ၏။ ဘုရင်ကိုယ်တော်ကိုင်၊ ဗိုလ်ပါမှူးမတ်များခြံရံပြီး လှေပွဲသဘင်ကို ရှုစားတော်မူလေ့ရှိ၏။

အမြော်အမြင်ကြီးမားသော ရှေးမြန်မာကြီးတို့သည် လှေသဘင်ပွဲတော်ကို ရေကြောင်းလှေကြောင်း ကျွမ်းကျင်ခြင်းနှင့် ပျော်ရွှင်ကြစေရန်ဟူသောသဘောဖြင့် ကျင်းပခဲ့ကြ၏။ မြန်မာဘုရင်တို့ ကျင်းပပြုလုပ်ခဲ့သော လှေပြိုင်ပွဲသည် နိုင်ငံတော်ကာကွယ်ရေးအတွက် ရေတပ်အင်အားကို စမ်းသပ်လေ့ကျင့်ခြင်းဖြစ်၏။ တစ်နည်းဆိုရသော် ရေတပ်မတော်သားများ၏ အရည်အသွေးကို တိုးတက်စေရန် ကျင်းပကြသည်မှာ ထင်ရှား၏။

### တော်သလင်းလပြည့်

တော်သလင်းလပြည့်နေ့သည် ဂရုဓမ္မအခါတော်နေ့ဖြစ်၏။ ဂရုဓမ္မသီလသည် သူတော်ကောင်းတို့ အလေးထားဂရုပြု၍ ကျင့်သုံးအပ်သော တရားဖြစ်သည်။

သူတော်စင်တို့တည်ဆောက်နိုင်သော သီလများ အမျိုးအစားအားဖြင့် သုံးမျိုးရှိ၏။ ယင်းတို့မှာ ငါးပါးသီလ၊ ရှစ်ပါးသီလနှင့် ကိုးပါးသီလတို့ ဖြစ်သည်။

ငါးပါးသီလကို အခြားအမည်ထူးများဖြင့်လည်း ခေါ်ဆိုကြသေးသည်။ ၄င်းတို့မှာ

(က) လူတိုင်းလိုက်နာကျင့်သုံးရမည့် တရားဓမ္မ ဖြစ်သဖြင့် ဓမ္မတာသီလ

(ခ) သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ်သဖြင့် ဂရုဓမ္မသီလ

(ဂ) စကြဝတေးမင်းတို့ ဓမ္မသတ်သဖွယ် ကျင့်သုံးသဖြင့် စက္ကဝတ္တိဓမ္မသတ်

(ဃ) ကုရုတိုင်းနေ ပြည်သူတို့ လိုက်နာကျင့်သုံးသော တရားဖြစ်သဖြင့် ကုရုဓမ္မသီလ

(င) အရေအတွက်အားဖြင့် ငါးပါးရှိသဖြင့် ပဉ္စသီလဟူ၏။

### သီလအကြောင်းအင်္ဂါရပ်တို့မှာ

၁။ ကောင်းစွာထားခြင်းဟူသော အနက်ကြောင့် သီလမည်၏။

၂။ ကောင်းစွာတည်ခြင်းဟူသော အနက်ကြောင့် သီလမည်၏။

၃။ ကာယကံစသည်တို့ကို စောင့်စည်းသည်ကြောင့် သီလမည်၏။

၄။ စတုဘူမိကုသိုလ်တို့၏ တည်ရာဖြစ်ခြင်းကြောင့် သီလမည်၏။

၅။ ဦးခေါင်းနှင့်တူသောကြောင့် သီလမည်၏။

၆။ ငြိမ်းချမ်းအေးမြသောကြောင့် သီလမည်၏။

၇။ အကုသိုလ်တို့ကို အိပ်စက်စေတတ်သောကြောင့် သီလမည်၏။

၈။ သူတော်ကောင်းတို့ကို မှီဝဲအပ်သောကြောင့် သီလမည်၏။

၉။ အကုသိုလ်များကို တုန်လှုပ်စေတတ်သောကြောင့် သီလမည်၏။

၁၀။ အကုသိုလ်တရား မဖြစ်ပွားအောင် စောင့်စည်းသောကြောင့် သီလမည်၏။

၁၁။ သူတော်ကောင်းတို့မှာသာ ဖြစ်တတ်သောကြောင့် သီလမည်၏။

၁၂။ ကုသိုလ်တရားတို့ ဝင်ရောက်ခိုနားရာ ကျောင်း၊ အိမ်၊ ဇရပ်နှင့်တူ၍ သီလမည်၏။

၁၃။ ကုသိုလ်တရားတို့ နှောင်ဖွဲ့တတ်သောကြောင့် သီလမည်၏။

### သီလဖြည့်ကျင့်ရမည့် နည်းလမ်းနှင့် အကျိုးတရားတို့မှာ

၁။ ပစ္စည်းဥစ္စာပေါများခြင်းကို အလိုရှိလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

၂ ။ မိမိအား ပစ္စည်းလှူသူတို့ အကျိုးများစေလိုလျှင် သီလဖြည့်ကျင့်ရမည်။

၃။ မိမိကို အောက်မေ့သော ဆွေမျိုးပြိတ္တာများ အကျိုး များစေလိုလျှင် သီလဖြည့်ကျင့်ရမည်။

၄။ ကုသိုလ်၌ ပျင်းရိခြင်း၊ ကာမနှင့်မွေ့လျော်ခြင်းကို ပယ်လိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

၅။ ကြောက်လန့်ခြင်း၊ ကြောက်မက်ဖွယ်အာရုံကို ပယ်လျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

၆။ ရူပဈာန်ကိုရလိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

၇။ အရူပဈာန်ကိုရလိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

၈။ သောတာပန်တည်လိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

၉။ သကဒါဂါမ်တည်လိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

၁၀။ အနာဂါမ်တည်လိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

၁၁။ ဗုဗ္ဗေနိဝါသနုဿတိဟူသော လောကီအဘိညာဉ်ကိုလိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

၁၂။ ဒိဗ္ဗစက္ခုဟူသော လောကီအဘိဉာဉ်ကိုလိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

၁၃။ ဒိဗသောတဟူသော လောကီအဘိညာဉ်ကို လိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

၁၄။ စေသောပရိယဟူသော လောကီအဘိညာဉ်ကို လိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

၁၅။ ဣဒ္ဓိဝိဓဟူသော လောကီအဘိညာဉ်ကိုလိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။

သီလ၏ အကျိုးတရားများမှာ ရေးပြ၍ မကုန်နိုင်လောက်ပေ။ သီလရှိသူတို့မှာကား မေ့လျော့ခြင်းမရှိ။ သတင်းကောင်းကျော်စော၏။ ပရိသတ်အလယ်၌ တင့်တယ်၏။ တွေဝေ၍ မသေရ။ ကြည်လင်စွာသေရ၏။ ဤဘဝမှ သေလျှင် သုဂတိဘုံ ရောက်ရ၏။

မိုးလေငြိမ်သက်တော့မည်။ တော်သလင်းတွင် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်၌ လယ်ယာလုပ်ငန်းခွင်ဝယ် တောင်သူလယ်သမားတို့ ထွန်တုံးပိတ်၍ အနားယူချိန်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ဝါတွင်းကာလဖြစ်သော တော်သလင်းလ၌ သူတော်စင်တို့၌ ရှိမြဲဖြစ်သည့် ပစ္စည်းဟု ဆိုအပ်သော ငါးပါးသီလကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေသတည်း။

# ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးပံ့ပိုးရေးနှင့် ပြုစုပျိုးထောင်ရေး အလုပ်ရုံဆွေးနွေး

**မုံရွာ စက်တင်ဘာ ၂၃**

ရှေးဦးကလေးသူငယ်အရွယ် ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးပံ့ပိုးရေးနှင့် ပြုစုပျိုးထောင်ရေး ECI ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို လူမှုဝန်ထမ်းဦးစီးဌာန၊ ယူနီဆက်ဖ် မြန်မာနှင့် TLM (မြန်မာ)တို့ပူးပေါင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဝင်းယူနတီဟိုတယ်၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

"မွေးကင်းစအရွယ်မှသုံးနှစ်အရွယ်အတွင်း ကလေးသူငယ်တွေမှာ ဦးနှောက်ဖွံ့ဖြိုးမှု ၈၀ ရာခိုင်နှုန်း ရှိတယ်၊ ငါးနှစ်လောက်ဆိုရင်တော့ ဦးနှောက်ဖွံ့ဖြိုးမှုနှေးလာမယ်၊ အဲဒီအရွယ်မှ ဦးနှောက်ဖွံ့ဖြိုးမှုနည်းတယ်ဆိုတာ သိရင်တော့ ပြုပြင်လို့မရတော့ပါဘူး၊ မွေးကင်းစအရွယ်မှ သုံးနှစ်အတွင်းမှာရှိတဲ့ ကလေးသူငယ်တွေ ဉာဏ်ရည်နိမ့်ကျနေမယ်ဆိုရင် ပြန်ပြီးပြုစုပျိုးထောင်ပေးလို့ရပါတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ လူဦးရေရဲ့ ငါးရာခိုင်နှုန်းသာ တက္ကသိုလ်ဝင်တန်းအောင်တဲ့အတွက် အခုအစီအစဉ်သာ အကောင်အထည်ဖော်အောင်မြင်ရင် ကျေးလက်နေကလေးသူငယ်တွေ အသိဉာဏ်ပညာတွေတိုးတက်လာပြီး မြန်မာနိုင်ငံရဲ့ ပညာတတ်မှုနှုန်းလည်း မြင့်မားလာမယ်၊ မြို့နေ ကလေးသူငယ်တွေနည်းတူ ကျေးလက်နေကလေးသူငယ်တွေလည်း အသိဉာဏ်ပညာတွေ ဖွံ့ဖြိုးတိုးတက်လာမှာပါ၊ အခုအစီအစဉ်မှာ ပထမခြေလှမ်းအဖြစ် ၂၀၁၅-၂၀၁၆ခုနှစ်မှာ ဘယ်လိုအကောင်အထည်ဖော်ဆောင်ရွက်မလဲဆိုတာတွေ ဆွေးနွေးမယ်၊ ၂၀၁၆ နှစ်ကုန်ပိုင်းလောက်မှာ စီမံကိန်းမှူးတွေကို စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာထားရှိမယ်၊ ၂၀၂၀ခုနှစ်မှာ ဒေသအလိုက်ထားရှိမယ်၊ ၂၀၁၅ ခုနှစ်မှာတော့ မြို့နယ်အဆင့်တွေမှာ ထားရှိပြီး အကောင်အထည်ဖော်နေမယ်။ အဲဒီမြို့နယ်တွေက စီမံကိန်းမှူးတွေနဲ့ မိဘတွေနဲ့ ပူးပေါင်းပြီး အခုစီမံကိန်းကို အကောင်အထည်ဖော်မှာပါ"ဟု ယူနီဆက်မြန်မာမှ ပြည်တွင်းအကြံပေး ဦးသိန်းအုပ်စိန်က ပြောသည်။

အဆိုပါ ရှေးဦးကလေးသူငယ်အရွယ်ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာစစ်ဆေးပံ့ပိုးရေးနှင့် ပြုစုပျိုးထောင်ရေးဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ကျင်းပခဲ့ပြီးဖြစ်ကာ ယခု စတုတ္ထအကြိမ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုဆွေက ECI ဝန်ဆောင်မှုများနှင့် ECI အမျိုးသားအဆင့် မဟာဗျူဟာ လုပ်ငန်းအစီအစဉ်များကို မိတ်ဆက်ရှင်းလင်းပြောကြားခဲ့သည်။

"ECI ဝန်ဆောင်မှုများကတော့ တိုင်းဒေသကြီးအတွင်းရှိ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေထဲက ဦးနှောက်ဖွံ့ဖြိုးမှု နှေးကွေးတဲ့ ကလေးငယ်တွေကို တတ်ကျွမ်းနားလည်တဲ့သူတွေ၊ မိဘတွေနဲ့ ပူးပေါင်းပြီး ဦးနှောက်ပုံမှန် ဖွံ့ဖြိုးဖို့အတွက် လုပ်ဆောင်ပေးမယ့် အစီအစဉ်ပါ၊ အဲဒီအစီအစဉ်အတွက် ဒီနေ့တိုင်းဒေသကြီးအဆင့် အလုပ်ရုံ ဆွေးနွေးပွဲကျင်းပတာပါ၊ အခုဆွေးနွေးပွဲမှာ တက်ရောက်လာတဲ့ ကိုယ်စားလှယ်များရဲ့ ဒေသအမြင်တွေနဲ့ ပါဝင်ဆွေးနွေးတဲ့အကြံဉာဏ်တွေကိုရယူပြီး အမျိုးသားအဆင့်ဆွေးနွေးပွဲမှာ ထပ်မံထည့်သွင်းမှာဖြစ်ပါတယ်ဟု" ဟု ညွှန်ကြားရေးမှူးက ပြောသည်။

မြန်မာနိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် အထွေထွေလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ကျေးလက်ဒေသများရှိ ကလေးသူငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှု တိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံတွင်အမျိုးသားအဆင့်(၁၀)နှစ် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိကြောင်း အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**ဟားခါး စက်တင်ဘာ ၂၃**

ချင်းပြည်နယ် ဟားခါးမြို့ ကယ်ဆယ်ရေးစခန်းများရှိ သဘာဝဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများကို တေဇ(၁-၃၀) ညီအစ်ကိုများနှင့် မိသားစုများက စက်တင်ဘာ ၂၁ ရက်က ကယ်ဆယ်ရေးစခန်းများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ဟားခါးမြို့ရှိ ကယ်ဆယ်ရေးစခန်းများဖြစ်သော ကာဆင်ဘုရားကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဗေသလဘုရားကျောင်း၊ ခိုင်ကမ်းအားကစားရုံ၊ ချင်းခရစ်ယာန်တက္ကသိုလ် ကယ်ဆယ်ရေးစခန်းများရှိ သဘာဝဘေးသင့်ပြည်သူများအပါအဝင် မိဘမဲ့ဂေဟာသို့ အလှူငွေများနှင့် ငါးခြောက်၊ ခေါက်ဆွဲ၊ ငါးသေတ္တာဘူး စသည့် စားသောက်ဖွယ်ရာများကို တေဇ(၁-၃၀) ညီအစ်ကိုများနှင့် မိသားစုများမှ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် သိန်းထွန်း(ငြိမ်း) ဦးဆောင်သော အဖွဲ့ဝင်များက သွားရောက် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထို့အပြင် သဘာဝဘေးသင့် အိမ်ထောင်စုများအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သောင်းနှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက် )**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း သုံးခုဖွင့်လှစ်ထား

**မြစ်ကြီးနား စက်တင်ဘာ ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်စီမံမှုဖြင့် မြစ်ကြီးနားမြို့နယ်အတွင်း ကျေးလက်ဒေသနေ ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းမှု အထောက်အကူပြုသင်တန်း သုံးခုကို သီးခြားစီဖွင့်လှစ်ထားကြောင်း သိရသည်။

မြစ်ကြီးနားမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း အတတ်ပညာသင်ကျောင်း၌ အခြေခံစက်ချုပ်သင်တန်းကို သင်တန်းသူ ၅၀ ဖြင့်လည်းကောင်း၊ မော်ဖောင်းကျေးရွာ၌ လက်သမားနှင့် ပန်းရန်သင်တန်းကို သင်တန်းသား ၁၀၀ ဖြင့် လည်းကောင်း၊ ငွေပျော်စံပြကျေးရွာ၌ အခြေခံဆိုင်ကယ်ပြုပြင်ရေး သင်တန်းကို သင်တန်းသား ၄၈ ဦးဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းများအတွက် သင်တန်းကာလမှာ စက်တင်ဘာလအတွင်းမှ အောက်တိုဘာ ပထမပတ်အထိဖြစ်ကြောင်း သိရသည်။ သင်တန်းပြီးဆုံးပါက သင်တန်းသား သင်တန်းသူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**(ဝ၆၂)**

### လူကုန်ကူးခံရသူများ ပြန်လည်လက်ခံ

တရုတ်နိုင်ငံအတွင်းပိုင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ကြမ်းသမားအဖြစ် လူကုန်ကူးခံရသော မြန်မာနိုင်ငံအရပ်ရပ်မှ တိုင်းရင်းသားလူငယ်များအား တရုတ်နိုင်ငံအစိုးရဘက်မှ ကယ်ဆယ်ပြီး မြန်မာနိုင်ငံဘက်သို့ စက်တင်ဘာ ၂၁ ရက်က ပြန်လည်အပ်နှံခဲ့ရာ မြန်မာနိုင်ငံသား အမျိုးသား ၉၀ နှင့် အမျိုးသမီး ၄၀၊ စုစုပေါင်း ၁၃၀ ကို မူဆယ်ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က စိစစ်၍ ပြန်လည်လက်ခံစဉ်။

**အယ်လ်စိုး(ပြန်/ဆက်)**



# ကယားပြည်နယ်အတွင်း ဝေးလံခေါင်းပါးသော ကျေးရွာများမှ ဒေသခံပြည်သူများအား တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ဖရူဆို စက်တင်ဘာ ၂၃**

ကယားပြည်နယ် အတွင်းရှိ လမ်းပမ်းဆက်သွယ်မှု ခက်ခဲပြီး ဝေးလံခေါင်းပါးသော ဒေသများသို့ တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖရူဆိုမြို့နယ် ကြယ်ဖိုးကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့လည်း စက်တင်ဘာ ၂၁ ရက်က ကွင်းဆင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကြယ်ဖိုးကြီးကျေးရွာ အုပ်စုရှိ ကြယ်ဖိုးကြီး(ကေးလျား)၊ ထီးသဲကူး၊ ဒေါခူလီ၊ လောပလျားလဲ၊ ဒေါဗျာကူးနှင့် ဒေါတလဲကျေးရွာမှ ဒေသခံရွာသူ ရွာသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ဆေးကုသရာတွင် ကိုယ်ဝန်ဆောင်မိခင်များကို အဓိကထား ကုသပေးခဲ့ပြီး မျက်စိ၊ သွား၊ သွေးတိုးစသော အထွေထွေရောဂါများကိုလည်း အခမဲ့ကုသပေးခဲ့ရာ ဒေသခံပြည်သူများ လာရောက်ကုသမှုမှာ ယခုအချိန်အထိ ဦးရေ ၂၀၀ နီးပါးခန့်ရှိကြောင်း သိရသည်။ ကယားပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောဟူးဟူးကလည်း ဆေးကုသမှုလာရောက်ခံယူသော ဒေသခံပြည်သူများအား အားပေးစကားပြောကြားခဲ့သည်။

ကျေးရွာများရှိ ဒေသခံပြည်သူများမှာ လွိုင်ကော်ပြည်သူ့ဆေးရုံအထိ သွားရောက်ကုသရန် ခက်ခဲသောကြောင့် တပ်မတော် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ပေးခြင်းအားဖြင့် နီးနီးနားနား ကုသနိုင်သည့်အပြင် ငွေကျေးကုန်ကျမှုလည်းမရှိသည့်အတွက် အလွန်အဆင်ပြေကြောင်း ကျေးရွာမှ ကျန်းမာရေးဆရာမ ဒေါ်သလေဖောက ပြောသည်။

တပ်မတော် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ကယားပြည်နယ်အတွင်းမှ ဝေးလံခေါင်းပါးသည့်ဒေသများသို့လည်း ဆက်လက်သွားရောက်၍ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## သတင်းတိုများ

### ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

သံဖြူဇရပ်မြို့ အောင်သာယာရပ်ကွက် တပင်ရွှေထီးလမ်းသွယ်(၂)၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံးနှင့် အောင်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူးဦးသန်းစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါကွန်ကရစ်လမ်းသည် အရှည် ၅၀၀ ပေ၊ အကျယ် ၁၂ ပေရှိပြီး ပြည်သူ့လွှတ်တော်ခွင့်ပြုငွေ ကျပ်သိန်း ၅၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဝင်း(ပြန်/ဆက်)**

### မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်းတစ်သိန်းကျော် ထုတ်ပေးပြီး

မြို့နယ်အသီးသီးရှိ မိုးစပါးနှင့် အခြားသီးနှံများစိုက်ပျိုးသော တောင်သူများအတွက် ၂၀၁၅ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများက ထုတ်ချေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းမှ တောင်သူများအတွက် ချေးငွေ ကျပ်သိန်းပေါင်း တစ်သိန်းကျော်ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက စက်တင်ဘာ ၂၁ ရက်တွင် ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် မေ ၁ ရက်က စတင်ထုတ်ချေးပေးခဲ့သည်။ ဇူလိုင် ၁၅ ရက် နောက်ပိုင်းတွင် မိုးများသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့၍ ချေးငွေထုတ်ပေးခြင်းကို ခေတ္တရပ်နားထားရာမှ ဇူလိုင် ၂၇ ရက်တွင် ဆက်လက်ထုတ်ချေးပေးခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် ကန့်ဘလူမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၁ အုပ်စုမှ တောင်သူပေါင်း ၂၁၅၆၂ ဦး၏ မြေဧက ၁၀၉၅၄၀ အတွက် ချေးငွေကျပ် ၁၀၉၆၁၃ သိန်းကို ထုတ်ပေးပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မိုးစပါးချေးငွေများ ထုတ်ပေးပြီးနောက် ယာသီးနှံအတွက် ချေးငွေများကိုလည်း နိုဝင်ဘာလတွင် စတင်ထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကန့်ဘလူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




**(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံကြီး၌ စက်တင်ဘာ ၁၈ ရက်က ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြရာ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ဝင်းအောင်က ကြည့်ရှုအားပေးနေစဉ်။** ကိုမျိုး(ရွှေပေါက္ကံ)

## စားသောက်ကုန်ပစ္စည်းများအား စစ်ဆေး

**မန်စီ စက်တင်ဘာ ၂၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့တွင် ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုများ၏ ကျန်းမာရေးအတွက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီအဖွဲ့ဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူနှင့် မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးဇော်လွင်ဦးတို့ ဦးဆောင်သည့်အဖွဲ့က မြို့အတွင်းရှိ ကုန်စုံဆိုင်များနှင့် စာသင်ကျောင်း ပတ်ဝန်းကျင်ရှိ မုန့်ဆိုင်များတွင် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့်မုန့်များ (တရုတ်နိုင်ငံလုပ် အစပ်ပြား) နှင့် အရောင်ဆိုးဆေးစားသောက်ကုန်များ ရောင်းချမှုမရှိစေရန် စက်တင်ဘာလ ဒုတိယပတ်ကစတင်၍ လိုက်လံစစ်ဆေးသိမ်းဆည်း၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာ အပိုင်း(၁၁)

# အဏုမြူလက်နက်မပြန့်ပွားရေး ကြိုးပမ်းမှုများ

သိပ္ပံစာရေးဆရာကိုကိုအောင်

ဒုတိယကမ္ဘာစစ်ကာလဖြစ်သော ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့သူမြို့သားများသည် နံနက်စောစောပိုင်းတွင် လေကြောင်းရန်ကင်းရှင်းကြောင်း အချက်ပေးသံများ ကြားကြရသည့်အတွက် ဗုံးကျင်းများထဲမှထွက်လာကြပြီး ကျောင်းသွားသူ၊ အလုပ်သွားသူ၊ ဈေးဝယ်သွားသူများဖြင့် စည်ကားလှုပ်ရှားလာခဲ့သည်။ ထိုအချိန်တွင် ဟီရိုရှီးမားစစ်အခြေစိုက်စခန်း၏ ရေဒါထဲတွင် အမေရိကန်ဗုံးကြဲလေယာဉ် ဘီ-၅၂ သုံးစင်းသည် အမြင့်ပေ သုံးသောင်းအထက်မှ ပျံသန်းဝင်ရောက်လာနေသည်ကို တွေ့ရှိလိုက်ရသည်။

ပြင်ဆင်ချိန်မရလိုက်သည့် အချိန်တစ်ခဏအတွင်းမှာပင် အဆိုပါလေယာဉ်တစ်စင်းပေါ်မှ လူဝကြီး (Fat Man)ဟု အမည်ပေးထားသော အဏုမြူဗုံး ကျရောက်ပေါက်ကွဲကာ ကမ္ဘာပျက်သကဲ့သို့ ဖြစ်သွားခဲ့သည်။ ယင်းနေ့နံနက် ဒေသစံတော်ချိန် ၈ နာရီ ၁၅ မိနစ်အချိန်က ကြဲချခဲ့သော အဏုမြူဗုံးကြောင့် လူရှစ်သောင်းကျော်မှာ ချက်ချင်းသေဆုံးခဲ့ပြီး လူပေါင်းခုနှစ်သောင်းကျော်မှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြသည်။ ယူရေနီယံ ၂၃၅ကို အသုံးပြုတည်ဆောက်ထားသော အဆိုပါအဏုမြူဗုံးကြီးကြောင့် ဟီရိုရှီးမားမြို့သူမြို့သား စုစုပေါင်း တစ်သိန်းလေးသောင်းခန့် သေဆုံးခဲ့ကြရသည်။

ဟီရိုရှီးမားအဖြစ်အပျက်ဖြစ်ပွားပြီးနောက် သုံးရက်အကြာ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီအချိန်တွင် အမေရိကန်တို့က နာဂါဆာကီမြို့ပေါ်သို့ ဒုတိယမြောက်အဏုမြူဗုံးကို ကြဲချခဲ့ပြန်သည်။ ပလူတိုနီယံ ၂၃၉ ကို အသုံးပြု တည်ဆောက်ထားသော အဆိုပါအဏုမြူဗုံးကြောင့် နာဂါဆာကီမြို့သူမြို့သား လေးသောင်းကျော်မှာ ချက်ချင်းသေဆုံးခဲ့ပြီး စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ခုနှစ်သောင်းကျော်အထိ ရှိလာခဲ့သည်။

လူငယ်လေး (Little Boy)ဟု အမည်ပေးထားသော အဆိုပါအဏုမြူဗုံးသည်လည်း ဟီရိုရှီးမားမြို့ပေါ်သို့ကြဲချခဲ့သော အဏုမြူဗုံးကဲ့သို့ပင် တီအင်တီပြင်းအား တန် ၂၀၀၀၀ ကျော်ရှိပြီး ထိုအဏုမြူဗုံးများ ကျရောက်ပေါက်ကွဲခဲ့စဉ်က မှိုပွင့်ပုံသဏ္ဌာန် ဧရာမတိမ်တိုက်ကြီး ဖြစ်ပေါ်လာခဲ့သည်။

အဆိုပါ အဏုမြူဗုံးနှစ်လုံး ပေါက်ကွဲခဲ့စဉ်က ဗုံးကျသည့် ဗဟိုချက်မနေရာတွင် အပူချိန် ၃၉၀၀ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ ရှိခဲ့ပြီး အဏုမြူဗုံးအရှိန်ကြောင့် ရုတ်ချည်းဖြစ်ပေါ်လာသည့် လေတိုက်နှုန်းမှာလည်း တစ်နာရီလျှင် ကီလိုမီတာ ၉၆၀ နှုန်းအထိ ပြင်းထန်လာခဲ့သည်။

ပွက်ပွက်ဆူထနေသော ရေနွေးအိုးထဲရှိ ရေအပူချိန်၏ ၃၉ ဆရှိပြီး နာဂစ်မုန်တိုင်း လေတိုက်နှုန်း၏ လေးဆခွဲပမာဏအင်အားရှိသော အခြေအနေသည် မြို့အသီးသီးရှိ လူ့အသက်ပေါင်းများစွာနှင့်တကွ နေအိမ်တိုက်တာများ၊ ယာဉ်၊ ရထားများအားလုံးတို့ကို တစ်ခဏအတွင်းမှာပင် အနိဋ္ဌာရုံမြင်ကွင်းအဖြစ်သို့ ပြောင်းလဲပစ်လိုက်တော့သည်။

ထိုစဉ်က ဖက်ဆစ်စနစ်ကိုကျင့်သုံးလျက်ရှိသောဂျပန်တို့၏ စစ်လိုလားသည့်ဝါဒကို အဆုံးသတ်နိုင်ရန်အတွက် အဆိုပါလုပ်ရပ်ကို မလွှဲမရှောင်သာဘဲ လုပ်ခဲ့ရကြောင်း မဟာမိတ်တို့က ထုတ်ပြန်ကြေငြာခဲ့သည်။ ဤသို့သော အနိဋ္ဌာရုံဖြစ်ရပ်ကြီး၏ အကျိုးဆက်အဖြစ် ဂျပန်တို့သည် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် မဟာမိတ်တို့ထံ လက်နက်ချအညံ့ခံခဲ့သည်။ မဟာမိတ်တို့နှင့် ဆင်နွှဲခဲ့သောစစ်ပွဲကြီးတွင် ရှုံးနိမ့်ကြောင်းကိုလည်း လူသိရှင်ကြား ထုတ်ဖော်ဝန်ခံခဲ့သည်။

ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များပေါ်သို့ အမေရိကန်တို့က ကြဲချခဲ့သော ယူရေနီယံ ၂၃၅ အဏုမြူဗုံးနှင့် ပလူတိုနီယံ ၂၃၉ အဏုမြူဗုံးများသည် ကမ္ဘာ့စစ်သမိုင်းတွင် ယနေ့အချိန်အထိ ပထမဦးဆုံးနှင့် နောက်ဆုံးကြဲချခဲ့ကြသော အဏုမြူဗုံးများ ဖြစ်ကြသည်။

အဘယ်ကြောင့်ဆိုသော် အဏုမြူစီမံကိန်းများကို အပြိုင်အဆိုင်လုပ်ဆောင်နေကြရင်း ဟန်ရေးတစ်ပြင်ပြင် ပြနေကြသော်လည်း ကုလသမဂ္ဂအဖွဲ့ကြီး၏ ကြိုးပမ်းအားထုတ်မှုကြောင့် ယနေ့အချိန်အထိ နောက်ထပ်မည်သည့်အဏုမြူဗုံးတစ်လုံးတစ်လေကိုမျှ စစ်ပွဲများအတွင်း၌ ကြဲမချခဲ့ဖူးသေးသောကြောင့်ပင် ဖြစ်သည်။

**အဏုမြူလက်နက်မပြန့်ပွားရေး ကြိုးပမ်းအားထုတ်မှုများ**

အဆင့်မြင့်သန့်စင်ထားသော ယူရေနီယံများကိုအသုံးပြုပြီး အဏုမြူလက်နက်များကို အပြိုင်အဆိုင် ထုတ်လုပ်သုံးစွဲလာခဲ့လျှင် အချိန်တိုကာလအတွင်းမှာပင် ကမ္ဘာ့တိုက်ကြီးများအားလုံးသည် စစ်မြေပြင်များအဖြစ်သို့ ရောက်ရှိသွားနိုင်သည့်အရေးကို ကမ္ဘာ့နိုင်ငံအများစုက တွေးတောပြီး စိုးရိမ်ပူပန်လျက် ရှိနေကြသည်။

အထူးသဖြင့် ဒုစရိုက်ဝင်ရိုးတန်းနိုင်ငံများဟု သမုတ်ခြင်းခံထားရသည့် နိုင်ငံများက အဏုမြူလက်နက် အများအပြားကို ပိုင်ဆိုင်လာကြမည်ဆိုလျှင် ကမ္ဘာကြီးသည် အကြမ်းဖက်ဝါဒလွှမ်းမိုးသော ဂြိုဟ်ကြီးတစ်လုံးအဖြစ်သို့ ရောက်ရှိသွားနိုင်သည်။

ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအများစုတို့ ပါဝင်လက်မှတ်ရေးထိုးထားကြသော



၂၀၁၂ ခုနှစ်က ချက်နိုင်ငံမှ အဏုမြူစက်ရုံတစ်ခုတွင် စစ်ဆေးနေသော အိုင်အေအီးအေမှ တာဝန်ရှိသူများ။

အဏုမြူလက်နက်မပြန့်ပွားရေးစာချုပ်ဖြင့် ကန့်သတ်ထိန်းချုပ်ကာ အရပ်ဘက်သုံး အဏုမြူနည်းပညာမှသည် စစ်ဘက်သုံး အဏုမြူနည်းပညာဆီသို့ တစ်ဆင့်တက်ပြောင်းလဲ ရောက်ရှိမသွားစေရန် ကြိုးပမ်းလျက် ရှိနေကြသည်။

အဆိုပါ အဏုမြူလက်နက်မပြန့်ပွားရေးစာချုပ်တွင် အိန္ဒိယ၊ ပါကစ္စတန်၊ အစ္စရေးနှင့် မြောက်ကိုးရီးယားနိုင်ငံတို့က ပါဝင်လက်မှတ်ရေးထိုးထားခြင်း မရှိပေ။ ထို့ပြင် အိန္ဒိယနိုင်ငံသည် အဏုမြူဗုံး ဖောက်ခွဲစမ်းသပ်မှုရပ်ဆိုင်းရေးဆိုင်ရာ စာချုပ်ရာတွင်လည်း ပါဝင်လက်မှတ်ရေးထိုးထားခြင်း မရှိပေ။

သို့ရာတွင် ၁၉၇၄ ခုနှစ်က အဏုမြူဗုံး စမ်းသပ်ဖောက်ခွဲမှုကို ပြုလုပ်ပြီးချိန်မှစ၍ အမေရိကန်နိုင်ငံ၏ ဖိအားပေးမှုကြောင့် အရပ်ဘက်သုံး အဏုမြူလုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ထိုအချိန်မှစ၍ အိန္ဒိယနိုင်ငံသည် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ရုရှားတို့ကဲ့သို့ အဏုမြူနည်းပညာနှင့် ထုတ်လုပ်မှုအင်အား ကြီးမားစွာပိုင်ဆိုင်သည့်နိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့သည်။

**အဏုမြူစီမံကိန်းများကို စောင့်ကြည့်လေ့လာခြင်း**

ဂျာမန်လူမျိုး ဓာတုဗေဒပညာရှင် Otto Hahn နှင့် ဆွစ်ကပြား-ဩစတြေးလျလူမျိုး သိပ္ပံပညာရှင် Lisa Meitner တို့က ယူရေနီယံသတ္တုကို သန့်စင်သည့်လုပ်ငန်းစဉ်အတွင်း Fission ပြိုကွဲခြင်းကြောင့် နျူထရွန်များ အဆမတန်တိုးပွားလာရာမှ မဟာအင်အားကြီးစွမ်းအင်များ ထွက်ရှိလာခြင်းနှင့် အဆင့်မြင့်ယူရေနီယံ U-၂၃၅ ကို ဖြိုခွဲခြင်းဖြင့် ထင်မှတ်မထားလောက်သော ပေါက်ကွဲ ပေါက်လောင်မှုကြီး ဖြစ်လာခြင်းတို့ကို ပထမဦးဆုံး တွေ့ရှိခဲ့ကြသည်။

အဏုမြူစွမ်းအင်ကို စတင်ဖော်ထုတ်တွေ့ရှိပြီးနောက်ပိုင်းတွင် ဂျာမနီအာဏာရှင် အဒေါ့ဖ်ဟစ်တလာက အဏုမြူသုတေသနလုပ်ငန်းကို ကိုယ်တိုင်ကြီးကြပ် လုပ်ဆောင်ခဲ့သည်။ ထိုသတင်းကို သိပ္ပံပညာရှင်ကြီး ဆာအဲလ်ဘတ်အိုင်းစတိုင်းက ကြားသိရပြီးနောက်ပိုင်း ကမ္ဘာကြီးကို အုပ်စိုးလိုသော ဟစ်တလာ၏ရန်မှ ကြိုတင်ကာကွယ်နိုင်ရန်အလို့ငှာ ဟစ်တလာထက်စောပြီး အဏုမြူလက်နက်ထုတ်လုပ်ရန် အကြံပြုစာကို အမေရိကန်သမ္မတ ဖရန်ကလင်ရုစဗဲ့ထံသို့ ရေးသားပေးပို့ခဲ့သည်။

အမေရိကန်သမ္မတကလည်း အိုင်းစတိုင်း၏ အကြံပြုချက်ကို ခြွင်းချက်မရှိလက်ခံခဲ့ပြီးနောက် ဒေါ်လာနှစ်ဘီလီယံ အကုန်အကျခံကာ မန်ဟက်တန် အဏုမြူစီမံကိန်းကို လုပ်ဆောင်ခဲ့သည်။ ပထမဆုံးသော ယူ-၂၃၅ အဏုမြူဗုံးကို နီဗားဒါးသဲကန္တာရထဲ၌ လျှို့ဝှက်စွာ စမ်းသပ်ဖောက်ခွဲခဲ့သည်။ နောက်ဆုံးတွင် ဟစ်တလာ၏အကြံအစည်ကို လက်ဦးမှုရအောင်လုပ်ဆောင်ခဲ့သော အမေရိကန်တို့၏ အဏုမြူဗုံးထုတ်လုပ်မှုသည် ဂျပန်နိုင်ငံရှိ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့သူမြို့သားတို့အတွက် အဆိပ်လက်နက်ကြီး ဖြစ်ခဲ့ရတော့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက်ပိုင်းကာလမှစ၍ ကုလသမဂ္ဂအဖွဲ့အစည်းကြီးသည် ကမ္ဘာ့နိုင်ငံများ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးမူဝါဒလမ်းစဉ်အရ၊ အဖျက်စွမ်းအားကြီးမားသည့် အဏုမြူလက်နက်များ အထိန်းအကွပ်မဲ့စွာ ထုတ်လုပ်လာမည့်အရေးကို ကာကွယ်တားဆီးနိုင်ရန်အလို့ငှာ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ကို ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ အေဂျင်စီသည် ကမ္ဘာ့အရပ်ရပ်ရှိ အရပ်ဘက်သုံး အဏုမြူစီမံကိန်းများကိုဖြစ်စေ၊ စစ်ဘက်သုံးအဏုမြူစီမံကိန်းများကိုဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရများ၏ခွင့်ပြုချက်ဖြင့် အခါအားလျော်စွာ သွားရောက်စစ်ဆေးပေးလျက်ရှိနေသည်။

ထိုအဖွဲ့အစည်းကြီးသည် အရပ်ဘက်သုံး အဏုမြူစီမံကိန်းကိုအကြောင်းပြပြီး အဖျက်စွမ်းအားကြီးမားသည့် အဏုမြူလက်နက်များ ထုတ်လုပ်ရန် ဦးတည်ချက်ဖြင့် အဆင့်မြင့် ယူရေနီယံသန့်စင်မှုကို လျှို့ဝှက်စွာလုပ်ဆောင်နေသည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက သံသယရှိနေသည့် အဏုမြူစက်ရုံများကို ကွင်းဆင်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးသို့ ပြန်လည် အစီရင်ခံတင်ပြခြင်းများကို ဆောင်ရွက်ပေးလျက်ရှိနေသည်။

အထူးသဖြင့် အကြမ်းဖက်ဝါဒကို စွဲကိုင်ထားလျက်ရှိကြသော နိုင်ငံများရှိ သံသယဖြစ်ဖွယ်အဏုမြူစီမံကိန်းများကို စေ့စေ့ငုငုသေချာစွာ စစ်ဆေးပေးလျက်ရှိနေသည်။

**အဏုမြူလက်နက်များကို အပြိုင်အဆိုင် ထုတ်လုပ် သုံးစွဲလာခဲ့လျှင် အချိန်တိုကာလအတွင်းမှာပင် ကမ္ဘာ့တိုက်ကြီးများအားလုံးသည် စစ်မြေပြင်များအဖြစ်သို့ ရောက်ရှိသွားနိုင်သည့်အရေးကို ကမ္ဘာ့နိုင်ငံအများစုက တွေးတောပြီး စိုးရိမ်ပူပန်လျက်ရှိနေကြသည်။ အထူးသဖြင့် ဒုစရိုက်ဝင်ရိုးတန်းနိုင်ငံများဟု သမုတ်ခြင်းခံထားရသည့်နိုင်ငံများက အဏုမြူလက်နက်အများအပြားကို ပိုင်ဆိုင်လာကြမည်ဆိုလျှင် ကမ္ဘာကြီးသည် အကြမ်းဖက်ဝါဒလွှမ်းမိုးသော ဂြိုဟ်ကြီးတစ်လုံးအဖြစ်သို့ ရောက်ရှိသွားနိုင်. . .**

## မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ

**ခင်ဦး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလားရပ်ကွက်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို မြို့မအားကစားကွင်း၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်သန်းသန်းမြင့်က အမှာစကားပြောကြားပြီး ပြိုင်ပွဲများ စတင်ယှဉ်ပြိုင်ကြရာ The Moon အသင်းက ကိုလူချောအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ပညာရေးအသင်းက ဟိန်းဟိန်းတောက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲသို့ ခင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးမှ ကလပ်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

# အသင်းကြီးတွေ ပွဲကျပ်မယ့် ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ်ပွဲစဉ် (၇)

မိုးမြင့်လင်းလက်



ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၇)ကို စက်တင်ဘာ ၂၆ ရက်နဲ့ ၂၇ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ကြားရက်တွေမှာ ကတ်ပီတယ်ဝမ်းဖလားပွဲစဉ်တွေ နွှဲထားရလို့ ပင်ပန်းနေပေမယ့် အဓိက ပြိုင်ပွဲဖြစ်တဲ့ ပရီမီယာလိဂ်ပွဲစဉ်ကို အသင်းတိုင်း အကြိတ်အနယ် ယှဉ်ပြိုင်ဦးမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ စပါးနဲ့ မန်စီးတီး၊ လက်စတာနဲ့ အာဆင်နယ်၊ မန်ယူနဲ့ ဆန်းဒါးလန်းပွဲတွေက ပရိသတ်ရင်ကို လှုပ်ခါစေဦးမှာ ဖြစ်ပါတယ်။

**စပါးနှင့် မန်စီးတီး**

စပါးကွင်းမှာ မန်စီးတီးတို့ ရှုံးပွဲကြုံဖူးတာမို့ သတိထားရမယ့် ပွဲပါပဲ။ နိုင်ပွဲတွေ ဖန်တီးလာနိုင်တဲ့ စပါးဟာ ဒီနှစ် ပရီမီယာလိဂ်မှာ အိမ်ကွင်းမှာတော့ နိုင်ပွဲရယူနိုင်ရေးအတွက် ဒီပွဲကို အနိုင်ကစားမှာဖြစ်ပါတယ်။ နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ မန်စီးတီးဟာ စပါးကွင်းမှာ ခက်ခက်ခဲခဲ ကစားပြီးမှ နိုင်ပွဲရမယ့် အနေအထားပါပဲ။

**မန်ယူနှင့် ဆန်းဒါးလန်း**

မန်ယူတို့ဟာ အိမ်ကွင်းမှာ ကစားတိုင်း ဆန်းဒါးလန်းကို အနိုင်ရလေ့ရှိပါတယ်။ ဆန်းဒါးလန်းဟာ မန်ယူကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ နှစ်ဂိုးပြတ် ရှုံးထားတာမို့ အခုပွဲမှာလည်း ရှုံးကန်ရဦးမှာဖြစ်ပါတယ်။ ရလဒ်တွေ ဆိုးရွားနေပြီး ဒီနှစ်ပရီမီယာလိဂ်မှာ နိုင်ပွဲမရသေးတဲ့ ဆန်းဒါးလန်းဟာ အခုပွဲ အိုးထရက်ဖို့ဒ်ကွင်းမှာ ကစားရမှာမို့ အမှတ်ရဖို့ဆိုတာ မျှော်မှန်းလို့ မရနိုင်သေးတဲ့ အခြေအနေဖြစ်ပါတယ်။

**လက်စတာနှင့် အာဆင်နယ်**

လက်စတာကွင်းမှာကစားတိုင်း အာဆင်နယ်တို့ နိုင်ပွဲမရတာ များပါတယ်။ အာဆင်နယ်ကို ဘယ်လိုကစားရမယ်ဆိုတာသိနေတဲ့ လက်စတာတို့က ဒီနှစ်မှာ အကောင်းဆုံး ခြေစွမ်းလည်း ရရှိနေပြီး ရှုံးပွဲလည်း မရှိသေးတာမို့ ဒီပွဲမှာ အာဆင်နယ်တို့က အမှတ်ရဖို့ ခြေကုန်ထုတ်ရမှာပါ။ လက်စတာရဲ့ အိမ်ကွင်းခြေစွမ်းပြသနိုင်မှုကို အာဆင်နယ်တို့ ရင်ဆိုင်ရဖွယ်ရှိပြီး တစ်မှတ်ရရင် ဒီပွဲရလဒ်က ကျေနပ်စရာလို့ ခံယူရမှာဖြစ်ပါတယ်။

**နယူးကာဆယ်နှင့် ချယ်လ်ဆီး**

နယူးကာဆယ်ကွင်းမှာ နောက်ဆုံးပွဲ ကစားခဲ့ရာမှာ ရှုံးပွဲ ကြုံတွေ့ခဲ့ရတဲ့ ချယ်လ်ဆီးတို့ဟာ အခုပွဲမှာလည်း မှတ်တမ်းဆိုးက ရုန်းထွက်နိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ပွဲတွေ ပြန်လည်ဖော်ထုတ်နိုင်နေပြီဖြစ်တဲ့ ချယ်လ်ဆီးတို့ကလည်း အမှတ်လိုအပ်ချက်တွေ ပြင်းပြနေတာမို့ ဒီပွဲကို အနိုင်ရအောင်ကစားပြီး ရလဒ်ဆိုးတွေကို ချေဖျက်ဖို့ ကြိုးစားလာမှာပါ။ ဒီပွဲမှာ အိမ်ရှင်ရဲ့ စွမ်းဆောင်မှုအပေါ် ယုံကြည်မှုပေးရမှာ ဖြစ်ပါတယ်။

**လီဗာပူးနှင့် ဗီလာ**

အိမ်ကွင်းမှာ ကစားရမယ့် လီဗာပူးအတွက် ဒီပွဲဟာ အမှတ်ပြည့်ရနိုင်မယ့် ပွဲပါပဲ။ လီဗာပူးဟာ ကစားအားကောင်းလာတာမို့ ဗီလာတို့အတွက် ခက်ခဲတဲ့ပွဲဖြစ်သွားပါလိမ့်မယ်။ ပွဲရလဒ်တွေ ကမောက်ကမဖြစ်နေတဲ့ လီဗာပူးအတွက် ဒီပွဲဟာ ဖိအားနဲ့ ဝေဖန်ပြစ်တင်မှုတွေကို ဖယ်ရှားဖို့ အခွင့်အရေးဖြစ်တာမို့ နိုင်ပွဲဆိုတာ အိမ်ရှင်တို့အတွက်ပဲ ဖြစ်မှာပါ။


**ဆောက်သမ်တန်နှင့် ဆွမ်ဆီး**

ဆောက်သမ်တန်တို့ဟာ အိမ်ကွင်းမှာ ခြေစွမ်းမာကျောပေမယ့် ဆွမ်ဆီးနဲ့ နောက်ဆုံး ငါးပွဲတွေ့ခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် သုံးပွဲနိုင်ထားပြီး တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ ဆောက်သမ်တန်ဟာ ဒီနှစ်ခြေစွမ်းပုံမှန်မရသေးတာမို့ အခုပွဲမှာ ဆွမ်ဆီးရဲ့ ဖိအားပေးမှုကို ကြုံတွေ့ရမှာပါ။ ဒီနှစ်အဝေးကွင်း နိုင်ပွဲမရသေးတဲ့ ဆွမ်ဆီးကို ဆောက်သမ်တန်တို့ အမှတ်ပြည့်ရအောင် ကျော်ဖြတ်ပါလိမ့်မယ်။

**စတုတ်နှင့် ဘုန်းမောက်**

ဒီနှစ်မှာနိုင်ပွဲဈေးဦးမပေါက်သေးတဲ့ စတုတ်အတွက်တော့ ဒီပွဲမှာအစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ ဘုန်းမောက်ဟာအဝေးကွင်းမှာ နိုင်ပွဲရအောင်ကစားနိုင်တဲ့အတွက် စတုတ်တို့ သတိထားရပါလိမ့်မယ်။ ဒါပေမယ့် စတုတ်ရဲ့ နိုင်ပွဲရလိုစိတ် ပြင်းထန်မှုက ဒီပွဲရလဒ်ကို ပီပြင်အောင် ဖော်ဆောင်ပါလိမ့်မယ်။

# ဘိုင်ယန်ကစားသမားများ စိတ်ဓာတ်ပြင်းပြရန်လို



ဘိုင်ယန်မြူးနစ် အသင်းဟာ လက်ရှိ ခြေစွမ်းအရ ဘွန်ဒက်လီဂါ ဖလားကို ကာကွယ်ရန် လိုအပ်ချက်များရှိနေဆဲဖြစ်ပြီး အထူးသဖြင့် ကစားသမား အနိုင်ရလိုစိတ်ဓာတ် ပြင်းပြရန်လိုကြောင်း ဘိုင်ယန်မြူးနစ် တောင်ပံကစားသမား ရော်ဘင်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အသက်အရွယ် ရလာပေမယ့် ခြေစွမ်းပြ ဂိုးတွေ သွင်းယူနေဆဲဖြစ်တဲ့ ရော်ဘင်ဟာ အသင်းအောင်မြင်မှုတွေရရှိဖို့ ကစားသမားတွေရဲ့ အောင်နိုင်မှုစိတ်ဓာတ် ဒီထက် ပိုမိုမြင့်မားစွာ ထားရှိဖို့ လိုအပ်တယ်လို့ ရော်ဘင်က သတိပေးပြောကြားလိုက်ခြင်း ဖြစ်ပါတယ်။

ဘိုင်ယန်နည်းပြ ဂွာဒီယိုလာကတော့ တစ်ဦးချင်း စွမ်းဆောင်ရည် လက်ရှိထက် ပိုမိုမြင့်မားဖို့လိုအပ်နေဆဲဖြစ်တယ်လို့ပြောဆိုနေပြီး တိုက်စစ်မှူးတွေဟာ ဂိုးတွေသွင်းယူနိုင်ရေးမှာအားနည်းနေဆဲဖြစ်တယ်လို့လည်း ထောက်ပြပြောဆိုနေပါတယ်။

တောင်ပံကစားသမား ရော်ဘင်ဟာ ဘိုင်ယန်မြူးနစ်မှာ ခြေစွမ်းပြကစားနေပြီး အသင်းအောင်မြင်မှုအတွက် အကောင်းဆုံး ပေးဆပ်နေသော်လည်း အသင်းအောင်မြင်မှုရရှိရေးမှာ အသင်းတွင် ပါဝင်နေသူတွေ အားလုံး လက်တွဲညီမှုဖြစ်နိုင်မှာဖြစ်တယ်လို့ ရော်ဘင်က ပြောကြားနေပါတယ်။

ဘိုင်ယန်မြူးနစ် ကစားသမားများ အနက် တိုက်စစ်မှူး သောမတ်မူလာနှင့် ဂေါ့ဇီ အပါအဝင် ကစားသမားများမှာ ခြေစွမ်းကျဆင်းမှု ကြုံတွေ့နေရပြီး ယင်းတို့ လုပ်အားနှုန်းမှာ သာမန်ဖြစ်နေကြောင်း ပရိသတ်များရဲ့ ဝေဖန် ပြစ်တင်မှုတွေ ထွက်ပေါ်လာပြီးနောက်မှာ ဝါရင့်ကစားသမား ရော်ဘင်က သတိပေးပြောကြားခြင်းဖြစ်ပါတယ်။

# မန်ယူ အောင်မြင်ခဲ့ခြင်းအကြောင်းရင်းကို ဖာဂူဆန်ပြောကြား

မိမိဟာ ကမ္ဘာ့အဆင့်မီ အကောင်းဆုံး ဘောလုံးသမားလေးဦးနဲ့အတူ အလုပ်တွဲလုပ်ခဲ့ပြီး အောင်မြင်မှုတွေ ရယူနိုင်ခဲ့သူဖြစ်တယ်လို့ မန်ယူနည်းပြဟောင်း ဖာဂူဆန်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

မန်ယူနည်းပြအဖြစ် ၂၆ နှစ်တာ တာဝန်ယူခဲ့စဉ် ကာလအတွင်းမှာ ကမ္ဘာ့အဆင့် ထိပ်တန်းကစားသမားလေးဦးဖြစ်တဲ့ ပေါလ်စခိုး၊ အဲရစ်ကန်တိုနာ၊ စီရော်နယ်ဒိုနဲ့ ရိုင်ယံဂစ်နဲ့အတူ မန်ယူအသင်းကို အောင်မြင်မှုတွေရအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့လို့ သူ့ဘဝမှာတော့ အကောင်းဆုံး ကစားသမားလေးဦးပဲဖြစ်တယ်လို့ ဖာဂူဆန်က ဆိုခြင်းဖြစ်ပါတယ်။

သူတို့ဟာ မတူညီတဲ့ အရည်အချင်းတွေနဲ့ ထူးခြားတဲ့ စွမ်းဆောင်မှုတွေကို အသင်းအောင်မြင်မှုအတွက် ပေးဆပ်ခဲ့သူတွေ ဖြစ်ပါတယ်လို့ အသက်၇၃ နှစ်အရွယ်ရှိ ဖာဂူဆန်က ပြောပါတယ်။ ကင်တိုနာဟာ ၁၉၉၂ခုနှစ် နိုဝင်ဘာလက လိဒ်ယူနိုက်တက်အသင်းက မန်ယူအသင်းကို ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး မန်ယူအသင်းကို အောင်မြင်မှုတွေရရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်ပါတယ်။ ရိုင်ယံဂစ်နဲ့ ပေါလ်စခိုးတို့ကတော့ ငယ်စဉ်ကတည်းက မန်ယူအတွက် ရှင်သန်ခဲ့သူတွေဖြစ်ပြီး သူတို့နှစ်ဦးရဲ့ စွမ်းဆောင်မှုတွေက မန်ယူအသင်းအောင်မြင်မှုအတွက် အဓိကနေရာက ပါဝင်ခဲ့ပါတယ်။ ပင်ကိုပါရမီရှိပြီး ထူးခြားတဲ့ စွမ်းဆောင်မှုတွေ ရှိကြတဲ့သူတွေဖြစ်ပါတယ်လို့ ဖာဂူဆန်က ပြောပါတယ်။ စီရော်နယ်ဒိုကလည်း တိုက်စစ်မှူးအနေနဲ့ရော တောင်ပံကစားသမားတစ်ဦးအနေနဲ့ရော ပြီးပြည့်စုံတဲ့ ကစားသမားတစ်ဦးလို့ ဖာဂူဆန်က ပြောပါတယ်။ ရွှန်းနေ၊ ဒေးဗစ်ဘက်ခမ်း၊ ရွိုင်ကိန်း၊ ကားလို့တီဗက်ဇ်၊ ဖာဒီနန်နဲ့ ပီတာရှမိုက်ကယ်တို့လည်း ထိပ်တန်းကစားသမားတွေပါပဲလို့ ပြောပါတယ်။



# ကစားသမားများ အပြောင်းအလဲ လုပ်မည်ဟု လီဗာပူး နည်းပြ ရော်ဂျာပြောကြား

"ဒီပွဲမှာ ကျွန်တော်တို့ အမှတ်ပြည့်ရရှိမယ်လို့ ယုံကြည်ခဲ့တာပါ"ဟု နော့ဝှစ်ချ်အသင်းနှင့် သရေပွဲဖြစ်ခဲ့သည့်ပွဲအပြီး လီဗာပူးနည်းပြ ရော်ဂျာက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ လီဗာပူးဟာ ရလဒ်တွေ ဆိုးရွားနေတာနဲ့ ပတ်သက်ပြီး နော့ဝှစ်ချ်နဲ့ ပွဲမှာ အနိုင်ရှိရေး ကြိုးစားခဲ့ပေမယ့် တစ်မှတ်သာ ရယူနိုင်ခဲ့တဲ့အတွက် စိတ်ပျက်နေခြင်းဖြစ်ပါတယ်။

ဒီပွဲစဉ်မှာ ကစားသမားတွေကို အပြစ်တင်စရာ မရှိပေမယ့် သူတို့တွေဟာ ကိုယ်စီစွမ်းရည်ပြသနိုင်ဖို့ အင်တိုက်အားတိုက် ကြိုးစားနေရမှာ ဖြစ်သလို ပွဲတိုင်းပါဝင်ကစားခွင့်ရဖို့ဆိုတာ တစ်ဦးချင်းစီရဲ့ စွမ်းရည်တိုးတက်နေဖို့ လိုပါတယ်လို့ နည်းပြရော်ဂျာက ဆိုနေပါတယ်။

လာမယ့် ပရီမီယာလိဂ်ပွဲစဉ်မှာ ကစားသမားအပြောင်းအလဲ ပြုလုပ်မှာဖြစ်ပြီး အသင်းအောင်မြင်မှု ရရှိရေးအတွက်ကိုပဲ အာရုံစိုက်သွားမယ်လို့ ရော်ဂျာက ပြောနေပါတယ်။ လက်ရှိနည်းဗျူဟာပိုင်းနဲ့ ကစားသမား အခင်းအကျင်းကိုလည်း ပြောင်းလဲသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။ ဒီနှစ်ကုန်မှာ မိမိတို့အသင်းဟာ စတုတ္ထနေရာကို ပစ်မှတ်ထားနေပြီး အဲဒီ ရည်မှန်းချက်ကို အောင်မြင်အောင်ကြိုးစားသွားမှာဖြစ်ပေမယ့် အခက်အခဲတွေ အများကြီး ကြုံတွေ့နိုင်တယ်ဆိုတာလည်း မျှော်လင့်ထားပါတယ်လို့ သူက ပြောကြားနေပါတယ်။

ကောင်းမြတ်သူ ➤➤ စုစည်းသည်။

# အခြားသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ပေးရန် ငရုတ်စိုက်တောင်သူများ ဆန္ဒရှိနေ

**ညောင်ဦး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ရွာသစ်ကုန်းကျေးရွာမှ ငရုတ်နှင့် အခြားသီးနှံစိုက်တောင်သူများ အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးပေးရာတွင် အခြားသီးနှံများကိုလည်း စပါးကဲ့သို့ တစ်ဧက ကျပ်တစ်သိန်းနှုန်းအထိ ထုတ်ပေးရန် ဆန္ဒရှိနေကြကြောင်း သိရသည်။

ရွာသစ်ကုန်းကျေးရွာမှ တောင်သူများသည် လက်ပန်ခြေပေါ်မြစ်ရေတင်ကို အမှီပြု၍ စပါးစိုက်ပျိုးကြပြီး အချို့မှာ မိုးကိုမျှော်လင့်ပြီး မိုးရွာလျှင်ငရုတ်နှင့် အခြားသီးနှံများ စိုက်ပျိုးကြသည်။ ရွာသစ်ကုန်းကျေးရွာမှ ငရုတ်စိုက်တောင်သူ ဦးအောင်ရှင်းက "ကျွန်တော်တို့ တောင်သူတွေလည်း အရင်းအနှီးနည်းတော့ လုပ်ရတာမလွယ်ဘူး။ အဆင်မပြေပေမယ့် ကျန်အလုပ်လည်းမလုပ်တတ်တော့ တောင်သူလုပ်ငန်းကိုပဲ လုပ်နေရတယ်။ နိုင်ငံတော်အစိုးရက စပါးသီးနှံ တစ်ဧကကို တစ်သိန်းထုတ်ပေးပြီး အခြားသီးနှံ တစ်ဧကကို နှစ်သောင်းပဲ ထုတ်ပေးတယ်။ တစ်ကယ်တမ်း အခြားသီးနှံစိုက် တောင်သူတွေအနေနဲ့ ထုတ်ပေးတာနည်းလွန်းတယ်။ အခြားသီးနှံ စိုက်တောင်သူတွေကိုလည်း တစ်ဧကတစ်သိန်းနှုန်းလောက် ထုတ်ပေးစေချင်ပါတယ်"ဟု ပြောသည်။

ငရုတ်နှင့် အခြားသီးနှံစိုက်ပျိုးမှုအတွက် ကုန်ကျစရိတ်နှင့် အခက်အခဲများနှင့် ပတ်သက်၍ ငရုတ်စိုက်တောင်သူ ဒေါ်ယဉ်ဌေးက "ကျွန်မတို့ကျေးရွာက ငရုတ်စိုက်တောင်သူ များပါတယ်။ အခုအချိန်မှာ ငရုတ်စိုက်တောင်သူတွေအနေနဲ့ အလုပ်သမားခေါ်ရတာ မလွယ်ဘူး။ ဒါကြောင့် သုံးလေးရက်ကြာအောင် စိုက်နေရပြီး မြေကြီးက ခြောက်လာတယ်။ နောက်လေးငါးရက်မှ မိုးမရွာရင် ရေတွင်းကရေကိုစုပ်ပြီး ရေသွင်းပေးရမယ်။ ကျွန်မစိုက်ပျိုးတာ ငါးဧကပါ။ တစ်ဧကစိုက်ရင် ပျိုးပင်ဖိုး နှစ်သိန်းလောက်ကုန်ပါတယ်။ လူငှားခနဲ့ဆိုရင် တစ်ဧကကို သုံးသိန်းလောက် ကုန်ကျပါတယ်"ဟု ပြောသည်။ ရွာသစ်ကုန်းကျေးရွာမှ တောင်သူများသည် ယခု စက်တင်ဘာ ၁၈ နှင့် ၁၉ ရက်များက ရွာသောမိုးဖြင့် ငရုတ်များ စတင်စိုက်ပျိုးလျက်ရှိရာ ကုန်ကျစရိတ်နှင့် ရာသီဥတု အခြေအနေများကြောင့် ချေးငွေများ ပိုမိုလိုအပ်လျက်ရှိကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**




# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** အဖွဲ့အစည်း၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ **ကမ္ဘောဇဘဏ်လီမိတက်** အား

**" Best Bank in Myanmar - 2015 "**

ဆုနှင့်

**"Euromoney Achievement Award for Corporate Social Resposibility (CSR)"**

ဆုတို့ကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုထက်ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက်လည်း ပိုမိုထောက်ကူအကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

EUROMONEY AWARDS FOR EXCELLENCE 2015

EUROMONEY ACHIEVEMENT IN CSR 2015

ဦးအောင်မြတ်
အုပ်ချုပ်မှုဒါရိုက်တာ
**Mother Trading & Construction Co.,Ltd.**

# Horizon ကျောင်းများ၏(၁၁)ကြိမ်မြောက် သင်္ချာဉာဏ်စမ်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ




**မန္တလေး စက်တင်ဘာ ၂၃**

ကျောင်းသား ကျောင်းသူများ၏ ဆန်းစစ် ဝေဖန်ပိုင်းခြားနိုင်သော စွမ်းရည် တိုးတက်လာစေရန်နှင့် သင်္ချာဘာသာရပ်အား စိတ်အားထက်သန်မှု မြင့်မားလာစေရန် ရည်ရွယ်၍ Horizon ကျောင်းများ၏ သင်္ချာဌာနက ကြီးမှူး၍ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ တောင်ကြီးနှင့် မူဆယ်မြို့များ၌ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် သင်္ချာဉာဏ်စမ်းပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ မြို့ပတ်လမ်းရှိ ဟိုတယ်ရွှေပြည်သာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြားသည်။

အဆိုပါ သင်္ချာဉာဏ်စမ်းပြိုင်ပွဲ မန္တလေးစာဖြေဌာနတွင် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၃၆၇ ဦး၊ အလယ်တန်းအဆင့်တွင် ၄၂၇ ဦး၊အထက်တန်းအဆင့်တွင် ၁၇၂ဦး၊ စစ်ကိုင်းစာဖြေဌာနတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆၄ ဦး ၊အလယ်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၃၃၆ ဦး၊ အထက်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ၁၇၉ ဦး၊ မူဆယ်စာဖြေဌာနတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၉၇ ဦး၊ အလယ်တန်းအဆင့် ၁၀၃ ဦး၊ အထက်တန်းအဆင့် ၅၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အဆင့်တစ်ခုစီမှ ပထမ၊ ဒုတိယ၊ တတိယဆုရသူများနှင့် အဆင့်(၁၅) အထိ အထူးဆုရရှိသူများကို မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးရဲအောင်မြင့်၊ Horizon ကျောင်းအုပ်ကြီး Mr. Zefar Suslu နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့် ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

---


# ဂုဏ်ယူဝမ်းမြောက်ခြင်း

အမေရိကန်နိုင်ငံ Microsoft Corporation နှင့်

မြန်မာနိုင်ငံ **KBZ Bank, KBZ Group** တို့သည်

IT နည်းပညာများ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်တင်နိုင်ရန်နှင့်

ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်၊

စက်တင်ဘာ (၁၈)ရက်နေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌

နှစ်ဖက်သဘောတူ စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက်

**KBZ Bank, KBZ Group** အတွက်သော်လည်းကောင်း၊

မြန်မာနိုင်ငံအတွက်သော်လည်းကောင်း အထူးဂုဏ်ယူ

ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးအောင်မြတ်
အုပ်ချုပ်မှုဒါရိုက်တာ
**Mother Trading & Construction Co.,Ltd.**

## လက်ဆေးခြင်း၏အကျိုးကျေးဇူးများအကြောင်း ချစ်သုဝေက UNGA တွင် သွားရောက်ဆွေးနွေးမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

လက်ဆေးခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာမြှင့်တင်မှုများကို Lifebuoy ဆပ်ပြာ၏ သံတမန်ဖြစ်သော သရုပ်ဆောင်ချစ်သုဝေက အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ စက်တင်ဘာ ၂၅ မှ ၂၇ ရက်အထိ ကျင်းပမည့် United Nations General Assmebly(UNGA)သို့ တက်ရောက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

UNGA သည် ကုလသမဂ္ဂခေါင်းဆောင်များစုဝေး၍ ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ရေးရည်မှန်းချက်များကို ဆွေးနွေးကြသော အစည်းအဝေးဖြစ်ရာ Lifebuoy နှင့် ချစ်သုဝေတို့ကလည်း ဆပ်ပြာအသုံးပြု၍ လက်ဆေးခြင်းသည် ကလေးသူငယ်များ အသက်ဆုံးရှုံးမှုကို လျှော့ချနိုင်ခြင်းကြောင့် အဆိုပါအလေ့အကျင့်ကို ထိရောက်သောကာကွယ်ရေးနည်းလမ်းတစ်ခုအဖြစ် တိုးမြှင့်လုပ်ဆောင်ရန် အကြံပြုဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှာရှိတဲ့ ကလေးငယ်တွေက ကာကွယ်ကုသနိုင်တဲ့ ရောဂါတွေဖြစ်တဲ့ အဆုတ်ရောင်ရောဂါနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေကြောင့် သေဆုံးနေကြရတာကို မြင်တွေ့ရတဲ့အတွက် ထိရောက်စွာကာကွယ်နိုင်ဖို့ လက်သန့်ရှင်းရေး အသိပညာပေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်ဟု ချစ်သုဝေက ပြောသည်။




ချစ်သုဝေသည် UNGA သို့ မြန်မာနိုင်ငံမှ ပထမဆုံး ကိုယ်စားပြုသွားရောက်ဆွေးနွေးခြင်းဖြစ်ကြောင်းလည်း သိရသည်။

**သွန်းဝသန်**

## တရားမဝင်သယ်ဆောင်လာသော တမလန်းသစ်များ ဖမ်းမိ

**ကသာ စက်တင်ဘာ ၂၃**

တမလန်းခားရွေတုံး ရှစ်တုံးကို တရားမဝင်သယ်ဆောင်လာသည့် ယာဉ်တစ်စီးအား စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ပင်လည်ဘူး-ဝန်းသို-ကောလင်း ကားလမ်းပေါ်ရှိ (၅)မိုင်ဆောက်လုပ်ရေးမောင်းတံဂိတ်၌ စက်တင်ဘာ ၁၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဝန်းသိုမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဟိန်းထက်ကျော်နှင့် သစ်တောဝန်ထမ်းများက ဝန်းသိုမြို့မရဲစခန်းမှူးနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်လင်းထွန်းအဖွဲ့နှင့်ပူးပေါင်းပြီး သက်သေများနှင့်အတူ (၅)မိုင်ဆောက်လုပ်ရေး မောင်းတံဂိတ်တွင် စစ်ဆေးနေစဉ် မောင်းနှင်လာသော အဖြူရောင်ဒိုင်နာကားတစ်စီးပေါ်မှ တရားမဝင် တမလန်းသစ် ခားရွေတုံးများ အလေးချိန် ၀ ဒသမ ၇၅၂၄ တန်(ကာလတန်ဖိုးကျပ်နှစ်သိန်းနီးပါး)ကို သိမ်းဆည်းရမိ၍ ယာဉ်မောင်းသူမှာ ထွက်ပြေးသွားခဲ့သည်။

ထို့နောက် စက်တင်ဘာ ၂၀ ရက်တွင် ဝက်လက်မြို့နယ် တကောင်းဒေါင့်ကျေးရွာနေ ဦးဇော်မင်းလတ်(၄၂နှစ်)က ယာဉ်နှင့် တရားမဝင် တမလန်းသစ်များမှာ ၎င်းပိုင်ပစ္စည်းများဖြစ်ကြောင်း လာရောက်ရှင်းလင်း ပြောပြခဲ့သဖြင့် ဝန်းသိုမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးနေမျိုးက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဝန်းသိုမြို့မရဲစခန်း၌ အမှုဖွင့်ခဲ့ပြီး ဒုရဲမှူးတင်မောင်ဝင်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**


# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄-၉-၂၀၁၅ ရက်နေ့ "Kempinski Hotel - Naypyitaw" ၌ ကျင်းပပြုလုပ်သည့် အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် "Euromoney"၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ "ကမ္ဘောဇဘဏ်လီမိတက်" အား

EUROMONEY AWARDS FOR EXCELLENCE 2015

"Best Bank in Myanmar -2015"

EUROMONEY ACHIEVEMENT IN CSR 2015

"Euromoney Achievement Award For Corporate Social Responsibility"

ဆုများကိုပေးအပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် ယခုထက်ပိုမို ထမ်းဆောင်နိုင်ပြီး နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

## ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ

JASMINE PALACE HOTEL YANGON - MYANMAR | Jasmine Palace Construction Co., Ltd | Cloud Trading Co.,Ltd | Myanmar Alinkar Hotel Group Co., Ltd

# သစ်ပင်ဒါယကာ ဦးငွေအထိမ်းအမှတ် အရိပ်ရသစ်ပင် ၃၀၀ ကျော်စိုက်ပျိုး

**မန္တလေး စက်တင်ဘာ ၂၃**

အသက်ထက်ဆုံး ဆိုက်ကားတစ်စီးဖြင့် မန္တလေးမြို့ အနှံ့သွားကာ အရိပ်ရသစ်ပင်များ စိုက်ပျိုးခဲ့သော သစ်ပင်ဒါယကာ ဦးငွေအမှတ်တရ ပဉ္စမအကြိမ်မြောက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇာတိမာန်လူငယ်စာဖတ်အသင်းက ကြီးမှူး၍ မန္တလေးမြို့မှ လူမှုရေးအသင်းများစုပေါင်းကာ စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

ဇာတိမာန်လူငယ်စာဖတ်အသင်းနှင့်အတူ နန်းရှေ့ကုသိုလ်၊ နိဗ္ဗာန်သုခအသင်း(မန်း)၊ ကျန်းမာ ပျော်ရွှင်အဖွဲ့၊ ဝေနေယျသုခအသင်း၊ စိမ်းရောင်စိုအဖွဲ့နှင့် အခြားအဖွဲ့အစည်းများစုပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

ကာဗွန်လျှော့ချရေး လှုပ်ရှားမှုအနေဖြင့် စက်တပ်ယာဉ်များမသုံးဘဲ စက်ဘီး၊ ဆိုက်ကားများစီးကာ မန္တလေးမြို့ ၂၆ ဘီလမ်း၊ အထက ၂၁ ကျောင်းရှေ့မှ မဟာအောင်မြေမြို့နယ် အောင်သစ္စာလမ်းသွယ်ရှိ အမှတ်(၄)အလယ်တန်းကျောင်းခွဲသို့ သွားရောက်၍ ကျောင်းဝင်းအတွင်း၌ ပိတောက်၊ တမာ၊ မဲဇလီ၊ ကုက္ကို၊ သရက်စသည့် အရိပ်ရပင်နှင့် စားပင် ၃၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကျောင်းဝင်းအတွင်း အရိပ်ရပင်များ စိုက်ပျိုးရုံသာမက စိုက်ပျိုးထားသည့်အပင်များ ရှင်သန်ရေးအတွက်လည်း လူမှုရေးအသင်း ငါးသင်းတို့က တာဝန်ယူစောင့်ရှောက်မည်ဖြစ်ကြောင်း သိရသည်။ အပင်များကြီးထွားရှင်သန်ရေးအတွက် နှစ်လတစ်ကြိမ် ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အရိပ်ရပင်များ ရှင်သန်ရေးအတွက် ထွန်းဦးစာပေမှ ဦးထွန်းဦးကလည်း ပါဝင်ကူညီ မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျောင်းဝင်းအတွင်း အရိပ်ရပင်များ စိုက်ပျိုးခဲ့သည့်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေမည့်အပြင် ကျောင်းသူကျောင်းသားများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စိတ်ဝင်စားမှုရှိလာစေမည်ဖြစ်ကြောင်း ကျောင်းအုပ်ကြီးက ပြောသည်။

**တင်မောင်(မန္တလေး)**




# ဂုဏ်ယူဝမ်းမြောက်ခြင်း

အမေရိကန်နိုင်ငံ Microsoft ကုမ္ပဏီနှင့်
မြန်မာနိုင်ငံ KBZ Bank, KBZ Group တို့သည်
IT နည်းပညာများ ကမ္ဘာ့အဆင့်မီ အဆင့်မြှင့်တင်နိုင်ရန်နှင့်
ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်
စက်တင်ဘာလ (၁၈)ရက်နေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌
နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက်
**KBZ Bank, KBZ Group**
တို့အတွက်သော်လည်းကောင်း၊
မြန်မာနိုင်ငံအတွက်သော်လည်းကောင်း အထူးဂုဏ်ယူ
ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ

JASMINE PALACE HOTEL
YANGON - MYANMAR

Jasmine Palace Construction Co., Ltd

Cloud Trading Co.,Ltd

Myanmar Alinkar Hotel Group Co., Ltd




## ဦးသန်းဇော်ထွန်းနှင့် အများသိစေရန်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁ လမ်း၊ အမှတ် ၈၇ နေ ဒေါ်စန်းနွဲ့(ခ)မလုံး ၁၂/ကမတ(နိုင်)၀၄၅၄၂၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၏သမီး ဒေါ်မျိုးမျိုး ၁၂/ကမတ(နိုင်)၀၀၁၀၈၇ ကို ဦးသန်းဇော်ထွန်းနှင့် အိမ်ထောင်မပြုမီကတည်းက အမှတ် (၃၀)၊ သစ်ခွလမ်း၊ တော့ပ်စတား၊ ဥယျာဉ်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ် မြေကွက်နှင့် သာယာရွှေပြည်အိမ်ရာ၊ ၂½ အာစီတိုက်နှင့်မြေကွက်၊ ဗဟန်းမြို့နယ်၊ ရတနာလမ်းရှိမြေကွက်တို့ကို ဒေါ်မျိုးမျိုးအမည်ဖြင့် ဘီနာမီ (အမည်ခံဝယ်ယူသည့်စနစ်)ဖြင့် ဝယ်ယူခိုင်းထားခြင်းဖြစ်၍ အဆိုပါမြေကွက်များသည် ဒေါ်မျိုးမျိုးနှင့် မသက်ဆိုင်ပါကြောင်းနှင့် ထိုမြေကွက်များနှင့်ပတ်သက်ပြီး ကျွန်ုပ်အမှုသည် မသိရှိဘဲ ဦးသန်းဇော်ထွန်းနှင့်တကွ အများသည် ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ်ထားရှိခြင်းအပြင် အခြားနည်းတစ်နည်းနည်းဖြင့် ပြုလုပ်ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်ပြီး တစ်နည်းနည်းဖြင့် ပြုလုပ်ဆောင်ရွက်ထားမှုများရှိပါက ပြုလုပ်ဆောင်ရွက်ကြသူများ၏ တာဝန်သာဖြစ်ကြောင်း ဦးသန်းဇော်ထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်မြတ်စိုး (စဉ်-၇၄၆၇) (တရားလွှတ်တော်ရှေ့နေ)**
**ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၂၅၄၂၁၄၄၂၉၊ ၀၉-၇၈၂၁၆၁၅၉၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/9895 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၉၃၉၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၂၂၃၈ ယာဉ်လက်ဝယ်ရှိသူ ဦးရန်လင်းအောင် ၉/ညဥန(နိုင်)၁၄၇၅၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၅၀၃၀၇ Yamaha F2, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူဝင်း ၉/ပသက(နိုင်)၀၇၉၅၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## "မသန်းဝင်းနွယ် ၁၂/ရကန(နိုင်)၀၈၅၅၆၀ နှင့် အများသိစေရန်ကြေညာခြင်းနှင့်ပတ်သက်၍ မမှန်ကန်ကြောင်း ပြန်လည်ရှင်းလင်းကြေညာခြင်း"

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် ကျိုက္ကဆံရဲရိပ်သာ၊ တိုက်အမှတ် (၂၆)၊ အခန်းအမှတ် (ဃ) နေ မသန်းဝင်းနွယ် ၁၂/ရကန(နိုင်)၀၈၅၅၆၀ ၏ ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းလိုက်သည်။

မသန်းဝင်းနွယ်သည် စာချုပ်အလွတ်တွင် လက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ကာ ဒေါ်မြင့်မြင့်မှတစ်ဆင့် ဒေါ်ဇာဇာချစ်ထံငွေချေးခဲ့ကြောင်း၊ ထိုစာချုပ်ကို မထက်ထက်အောင်နှင့် ဒေါ်မြင့်မြင့်တို့က မသန်းဝင်းနွယ်ကို အသိမပေးဘဲ ၃၀-၂-၂၀၁၅ ရက်တွင် Probox ကား BB-9744 ကို အရောင်းအဝယ်လုပ်ထားသည်ဟု မမှန်မကန်ပြုလုပ်ခြင်း၊ ၃၀-၁-၂၀၁၅ ရက်တွင် ကားစရန်ပေးစာချုပ်အရ မသန်းဝင်းနွယ် လက်ဗွေနှင့်လက်မှတ်ကို မမှန်မကန်ပြုလုပ်ခြင်းများ ပြုလုပ်ကြောင်း ပြောဆိုသိရှိရပါသည်။

မသန်းဝင်းနွယ်သည် မိမိပိုင်ကား မိမိလက်ဝယ်၌သာထားရှိပြီး မူလကပင် ငှားစားနေခြင်းဖြစ်ကြောင်း မထက်ထက်အောင်ကို မည်သည့်အခါကမျှ ငှားရမ်းခြင်းမရှိကြောင်း သိရှိရပါသည်။

၃၀-၁-၂၀၁၅ ရက်စွဲပါ စရန်ပေးစာချုပ်နှင့် ၃၀-၂-၂၀၁၅ ရက်စွဲပါ ကားအရောင်းအဝယ်ဟူသောစာချုပ်များနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် စီစဉ်ထားပါသည်။

၁၂-၉-၂၀၁၅ ရက်စွဲပါ ကြော်ငြာပါစကားရပ်များမှာ လုံးဝမှန်ကန်မှုမရှိပါကြောင်း၊ အဖြစ်မှန်နှင့်ပတ်သက်၍ လူသက်သေ၊ အသံဖမ်း CD ပြားနှင့် အထောက်အထားများ အခိုင်အမာရှိပါကြောင်းနှင့် တာဝန်ရှိသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **မသန်းဝင်းနွယ်** | **ဦးရွှေလှိုင်တင်** |
| **၁၂/ရကန(နိုင်)၀၈၅၅၆၀** | **BA, HGP, Post Graduate Dip- in Law, DBL** |
| | **(စဉ်-၅၉၇၈)** |
| | **ရှေ့နေနှင့်စီးပွားရေးလုပ်ငန်းများဥပဒေအကြံပေး** |
| | **အမှတ် (၃၆) ငါးလွှာ၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊** |
| | **ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၉၇၅၂၀၇၀၉၇** |
| | **E-mail : shwehlaingtin@gmail. com** |

## ကန်ထရိုက်တာ ဦးလှမောင် (TME ၀၃၇၃၂၄)နှင့် အများသိစေရန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ် ၁၁ နေ ဦးဇေယျာလင်း ၁၂/သဃက(နိုင်)၁၇၃၀၅၃ ၏ညွှန်ကြားချက်အရ

ဦးကြည်ရှိန်ပိုင်ဆိုင်သော သဃ်န်းကျွန်းမြို့နယ် (င/က)ရပ်ကွက်၊ မာဃလမ်း အမှတ်(၁)ရှိ အိမ်ဟောင်းကို ဖြိုဖျက်၍ သုံးခန်းတွဲ ၃½ ထပ်တိုက်သစ်ဆောက်လုပ်ရန် ကန်ထရိုက်တာ ဦးလှမောင်သို့ အပ်နှံခဲ့ပါသည်။

ဦးလှမောင်သည် သုံးခန်းတွဲ ၃½ ထပ်တိုက်၏ (မျက်နှာမူဘယ်ဘက်ခြမ်း) မြေညီထောင့်ခန်းကို ဦးဇေယျာလင်းသို့ တန်ဖိုးငွေ (၁၁၅၀၀၀၀၀/-တစ်ရာတစ်ဆယ့်ငါးသိန်း)တိတိဖြင့် ရောင်းချခဲ့ရာ အရောင်းအဝယ်စာချုပ်တွင် မြေပိုင်ရှင် ဦးကြည်ရှိန်မှ အသိအမှတ်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

အဆိုပါအခန်းကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇေယျာလင်းမှအပ မည်သူမှ ရောင်းချ ပေါင်နှံပေးကမ်း တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း ကျူးကျော်ဝင်ရောက်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။ **ဦးဇေယျာလင်း ညွှန်ကြားချက်အရ-**

**ဦးလှသိန်း (ဥပဒေအကျိုးဆောင်ရှေ့နေ)**
**အမှတ် (၉၇)၊ ၁၀၁ လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/7247 Toyota Kluger ACU 25 , S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးမြင့် ၅/ရဥန(နိုင်)၀၈၇၁၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၉၀၇၆၆ Zong Shen 110 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေယျထွန်း ၉/ခမစ(နိုင်)၀၁၆၉၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၇၇၉၁၆ Jian-she 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူသွယ် ၉/မနတ(နိုင်)၀၄၇၂၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းအော့(ဖ်)ဖစ်တာဝါ၊ ၇ လွှာ၊ အမှတ် ၁၈၉/၁၉၅ နေ ဦးအေးမြင့် ၁၂/လမန(နိုင်)၁၁၈၅၃၅ ကို ကျွန်ုပ်ပေးအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာ (အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၈၂၈၈/၂၀၁၄) အား အလုပ်ပြီးဆုံးသွားပြီဖြစ်၍ ၁၇-၉-၂၀၁၅ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကျင်ရီ ၁၂/မရက(နိုင်)၁၀၉၅၈၆**
**အမှတ် ၁၄၄၊ ကန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ် (၆၉၂) ဦးချစ်ညွှန့်အမည်ပေါက် ဂရန်မြေကွက် မြေဧရိယာအကျယ် (ပေ ၄၀× ပေ ၆၀)အတွင်းမှ ခြေရင်းဘက်ခြမ်း (ပေ၂၀× ပေ၆၀) အား ကျွန်ုပ်၏မိတ်ဆွေ ဦးချစ်စမ်းမောင်မှ ဝယ်ယူရန် ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နွယ်နီ LL.B (အထက်တန်းရှေ့နေ) (စဉ်-၂၈၆၇၂)**
**ဖုန်း-၀၉-၂၅၂၂၁၀၈၀၇**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဗိုလ်ချုပ်လမ်းအနောက်၊ ၂၇၆၊ ပန်းတနော်မြို့နယ်၊ ဦးအေးချို-ဒေါ်ခင်မြင့်တို့၏သား မောင်တင်နိုင်ဦးသည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**မိခင် - ဒေါ်ခင်မြင့်**
**ဖခင် - ဦးအေးချို**

Mingalar Cinemas www.facebook.com/mingalarcinemas Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | ဝင်းလိုက်(မန္တလေး) ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ(မန္တလေး) ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ |

ကြိုတင်လက်မှတ်ရောင်းပြီ

၂၅ ၊ ၉ ၊ ၂၀၁၅ ရက်မှစတင်၍ တစ်ပြိုင်တည်းပြပြီ။




Mingalar Cinemas www.facebook.com/mingalarcinemas Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | ရွှေဆောင် ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၁၄ ၀၁-၃၇၀၇၈၇ | မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ |
| | | | | | မြို့မ ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ |
| မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၃၉၀၁၁၅၅ ၀၉၂၆၁၃၉၀၁၁၆၆ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာဒိုင်းမွန်း ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ |

**အသက် ကိုအသက်ထက်ပို၍ချစ်သည်**
ရန်ကုန်
သမ္မတ ၊ သွင် ၊ မင်္ဂလာ(သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ
TOP ROYAL(ပါရမီ-စိန်ဂေဟာ)
မန္တလေး
ဝင်းလိုက် ၊ မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ

**MAZE RUNNER THE SCORCH TRAILS (3D)**
ရန်ကုန်
ရွှေဆောင်(၁)
မင်္ဂလာဒဂုံစင်တာ(၂)
မင်္ဂလာစံပြ
မန္တလေး
မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

**THE MAN FROM U.N.C.L.E**
ရန်ကုန်
နေပြည်တော်(၁)
မင်္ဂလာစံပြ
မန္တလေး
မင်္ဂလာဒိုင်းမွန်း

**THE TRANSPORTER REFUELED**
ရန်ကုန် - နေပြည်တော်(၃)
မန္တလေး - မင်္ဂလာဒိုင်းမွန်း

**HITMAN-Agent 47**
ရန်ကုန် - ရွှေဆောင်(၂)

**ဤအရာကိုအချစ်ဟုခေါ်သလား**
မင်္ဂလာဝဇီရာ (လှိုင်သာယာ)

**POLTERGEIST(3D)**
ရန်ကုန်-နေပြည်တော်(၂)

၂၅ • ၉ •၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ

ပွဲချိန်သတိပြု - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ















ဗုဒ္ဓံ ဓမ္မံ သံဃံ

# အားမာန်
## အမြန်ယာဉ်ငယ်အသင်း

မန္တလေး ⇌ ပြင်ဦးလွင် ⇌ မိုးကုတ် ⇌ ပုဂံညောင်ဦး ⇌ တောင်ကြီး

သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်ဆရာလေးများအားမည်သည့်ခရီးစဉ်မဆို မော်တော်ယာဉ်စီးနင်းခအထူးနှုန်းအဖြစ်သတ်မှတ်ဈေးနှုန်း၏ တစ်ဝက်လျှော့ချပြီး "အားမာန် အမြန်ယာဉ်ငယ်အသင်း" မှ ကုသိုလ်ပြုမည်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်။

(၂၆-၉-၂၀၁၅)တော်သလင်းလဆန်း(၁၃)ရက်၊ စနေနေ့တွင်တောင်ကြီး ခရီးစဉ်အားတိုးချဲ့ဖွင့်လှစ် စတင်ပြေးဆွဲပါမည်။

၁။ အားမာန်အမြန်ယာဉ်ငယ်အသင်းမှခရီးစဉ်အားလုံးအတွက်(Toyota Corolla-FIELDER)မော်တော်ယာဉ်များဖြင့် Full Aircon အသုံးပြုပြီး ခရီးသည်များသက်တောင့်သက်သာစီးနင်းနိုင်ရန် အမြဲဝန်ဆောင်မှုပေးခြင်း။
၂။ အားမာန်အမြန်ယာဉ်ငယ်အား စီးနင်းလိုက်ပါသောခရီးသည်များအတွက် အပိုကုန်ကျငွေမရှိပဲ 'အသက်အာမခံ' နှင့် 'အလုံးစုံအာမခံ' ကို အာမခံကုမ္ပဏီနှင့်စနစ်တကျချိတ်ဆက်၍အားမာန်အမြန်ယာဉ်ငယ်အသင်းမှ တာဝန်ယူထားပေးခြင်း။
၃။ အားမာန်အမြန်ယာဉ်ငယ်အသင်းမှ ခရီးသည်များ ယာဉ်အန္တရာယ်ကင်းဝေးစေရေးကိုအထူးအလေးထားပြီး ကျွမ်းကျင်ယာဉ်မောင်းများမှ သတ်မှတ်မိုင်နှုန်းဖြင့်သာအထူးဂရုပြုမောင်းနှင်စေခြင်း။
၄။ မန္တလေး-မိုးကုတ်-ပုဂံညောင်ဦး-တောင်ကြီး သွား/ပြန်ခရီးစဉ် လက်မှတ်ဝယ်ယူသူများအတွက် တစ်ဦးလျှင် သွား/ပြန်ကျသင့်ငွေမှ (၁၀၀၀)လျှော့ပေးခြင်း။
၅။ ဖုန်းဖြင့်လက်မှတ်မှာယူပါက အိမ်တိုင်ယာရောက်အခမဲ့ လက်မှတ်ပို့ဆောင်ပေးခြင်း။
၆။ ခရီးစဉ်အားလုံးအတွက် လက်မှတ်ခငွေများကို သတ်မှတ်နှုန်းထားဖြင့်သာ (အားမာန်-လက်မှတ်ရောင်းဌာနများတွင်) ရောင်းချပေးခြင်း။
၇။ စင်းလုံးငှား ခရီးစဉ်များအတွက် အထူးသက်သာသော နှုန်းထားများဖြင့်ဝန်ဆောင်မှုပေးခြင်း။

မန္တလေး ➡ အမှတ်(၁၃၀)၊ ၃၂ × ၇၇ ထောင့်၊ မန္တလေးမြို့။ ☎ ၀၉-၂၅၀၀၉၀၀၈၈၊ ၀၉-၃၃၈၈၅၅၀၀၊ ၀၉-၂၅၉၄၃၃၃၃၄၊ ၀၉-၇၈၁၀၁၀၁၀၂ ချမ်းမြေ့ရွှေပြည်ကားဝင်း(ကျွဲဆည်ကန်)။ ☎ ၀၉-၂၅၉၄၃၂၂၂၂၊ ၀၉-၂၅၉၄၃၂၂၂၃
ပြင်ဦးလွင် ➡ အမှတ်(D1,D2)၊ ပြင်ဦးလွင်အားကစားကွင်းအရှေ့ဘက်၊ လွှတ်လပ်ရေးကျောက်တိုင်အနား။ ✆ ၀၈၅-၂၁၇၂၄၊ ☎ ၀၉-၃၃၈၈၃၃၀၀၊ ၀၉-၂၀၂၈၃၃၃၅၊ ၀၉-၇၈၁၀၁၀၁၀၃
မိုးကုတ် ➡ အမှတ်(၈/၅၀)၊ ကြာပြူကန်ရှေ့ဆင်ဖြူရှင်လမ်း၊ ရွှေဘုံသာရပ်။ ✆ ၀၈၆-၂၀၂၁၃၊ ☎ ၀၉-၄၇၁၃၉၅၅၉၊ ၀၉-၇၈၁၀၁၀၁၀၄
ပုဂံညောင်ဦး ➡ အမှတ်(D-31)၊ ပုဂံရွှေပြည်ကားဝင်း၊ ☎ ၀၉-၂၅၀၉၅၈၈၈၁၊ ၀၉-၃၂၂၂၂၅၇၄၊ ၀၉-၇၈၁၀၁၀၁၀၆
တောင်ကြီး ➡ အမှတ်(၁၆၉)၊ နဂါးပွက်ကျောင်းလမ်း၊ ကန်အောက်ရပ်ကွက်။ ☎ ၀၉-၂၀၁၅၃၈၁၊ ၀၉-၂၅၉၄၈၃၃၃၇၊ ၀၉-၃၆၆၄၃၆၆၂၊ ၀၉-၇၈၁၆၀၉၀၆၀

**အမည်ပြောင်း**
ဦးလင်းဖြိုးအောင်၏သမီး ဒဂုံမြို့နယ် အထက(၁)၊ သတ္တမတန်း(င) တွင် ပညာသင်ကြားနေသော မချစ်လွန်းပုံအား မရှင်မိုးပွင့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။
မရှင်မိုးပွင့်

**ပျောက်ဆုံးကြောင်း**
ကျွန်မ မိအေးသူဇာဝင်း ၁၀/ခဆန(နိုင်)၁၃၂၂၀၆ ၏ Passport (No.မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၂၀၅၇

**ပျောက်ဆုံးကြောင်း**
ကျွန်မ ဒေါ်ကြူကြူခိုင် ၁၀/မဒန(နိုင်)၁၃၃၄၁၂ ၏ Passport (No.မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၀၀၄၂၀

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးမောင်ကျော်(ငြိမ်း) အသက်(၉၁)နှစ်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး-ဒေါ်သက်ထားတင်တို့၏ဖခင်၊ ရန်ကုန်မြို့၊ ပြည်သာယာဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်တင်အေး၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးမောင်ကျော်(ငြိမ်း) အသက်(၉၁)နှစ်သည် ၁၉-၉-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးတင်ဌေးနှင့်ဇနီး ဒေါ်ခင်မြချစ်**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## လူပိန်ချူး(ခ)ဦးမောင်စိန် အသက်(၉၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀လမ်း၊ အမှတ် ၁၈ (ပထမထပ်)နေ ဒေါ်မြမြရီ၏ခင်ပွန်း၊ ဦးစိုးလွင်၊ ဦးစိုးအောင်၊ ဦးစိုးနိုင်(Director, GEG Co., Ltd.)၊ ဦးစိုးမင်း၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ခင်ချိုဝင်းတို့၏ဖခင်သည် ၂၃-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးကွမ်တုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ ပထမနှစ် ဘီဒီအက်စ် (၁၂/၂၀၁၄) သင်တန်းမှ ကျောင်းသား စိုင်းဆိုင်ဟန်ဖသည် ၂၁-၉-၂၀၁၅ရက် ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်ဆရာ/ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား/သူများ**
**သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်**

## ဦးတင်ဝင်း(ဗဟန်း) အသက်(၆၇)နှစ်
### ဒုကြီးကြပ်ရေးမှူး(အချိန်)၊ အမှတ်(၂)အထပ်သားစက်ရုံ(ငြိမ်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်း၊ အမှတ် ၅၁၊ ဂန္ဓမာတိုက် ၃၊ အခန်း(၆-စီ)နေ (ဦးကံညွန့်-ဒေါ်သင်း)တို့၏သား၊ ဒေါ်ဌေးဌေးမြင့်၏ခင်ပွန်း၊ ဦးမင်းဟန်-(ဒေါ်နုနုငယ်)၊ ဦးဉာဏ်ဝင်း(အမှတ်-၄၊ ပရိဘောဂစက်ရုံ)-ဒေါ်ချိုချိုလတ် (အငယ်တန်းလက်ထောက် သစ်အခြေခံရုံးချုပ်)၊ ဦးကျော်ကျော်ဝင်း-ဒေါ်နှင်းနှင်းခိုင်တို့၏ဖခင်၊ မောင်ချမ်းငြိမ်းသူ၊ မောင်သော်ဇင်ထွဋ် (Victoria University College)၊ မဆုဝေနှင်းတို့၏အဘိုးသည် ၂၂-၉-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၄း၄၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း(ဗဟန်း) အသက်(၆၇)နှစ်
### ဒု-ကြီးကြပ်ရေးမှူး(အချိန်)၊ အမှတ်(၂)အထပ်သားစက်ရုံ(ငြိမ်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းသစ်၊ အမှတ် ၅၁၊ ဂန္ဓမာတိုက် ၃၊ အခန်း ၆-စီနေ ဒေါ်ဌေးဌေးမြင့်၏ခင်ပွန်း၊ (ဦးမှတ်-ဒေါ်ခင်ကြူ)၊ (ဦးသာဉာဏ်)-ဒေါ်တင်အေး၊ ဦးသိန်းဝင်း-(ဒေါ်စုစု)တို့၏မောင်/အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဦး(မော်လမြိုင်)-ဒေါ်သန္တာမောင်မောင်၊ ဦးနေမျိုးအောင်၊ ဦးဝင်းမျိုးအောင်၊ ဦးစည်သူအောင်၊ ဒေါ်ဇာခြည်အောင်၊ ဗိုလ်ကြီးတေဇာအောင်၊ ဒေါ်နုနုဝင်း၊ ဒေါ်ချိုသန့်လှိုင်ဝင်း၊ ဒေါ်ဝတ်ရည်ဝင်း၊ ကိုဖြိုးကိုကိုဝင်း၊ ကိုဖြိုးညီညီဝင်း၊ မသက်စုစုနိုင်တို့၏ဦးလေး/ဘကြီး၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၂-၉-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄း၄၅နာရီတွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍၂၄-၉-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Pa Neng Cin Lien အသက်(၅၁)နှစ်

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ဖိုင်သူရွာနေ (Pu Let Khan Thang-Pi Nieng Za Mang) တို့၏သား၊ Pa Kham En Thang-Nu Cing En Mang, Pa. Kam Cin Pau တို့၏ညီ၊ Nu Ciin Lum Cing(ဩစတြေးလျ)၊ Nu Ciin Lun Nieng-Pa Siang Lian Mung, Nu Cing Nuam Mang (USA)-Pastor Lian Sa, Tg. Kham Lien Khai(USA), Pastor Pum Lien Pau(N.Z)-Nu Nieng Hau Dim, Nu Ciin Lien Cing(ဩစတြေးလျ)-ဦးမောင်ထွန်း၊ Nu Ciin Za Lien(USA)-ဦးလင်းရန်နောင်၊ Pa Mang En Khup(မလေးရှား)-Nu Ciin Khan Huai, Tg. Kham Lien Tuang(ဩစတြေးလျ)တို့၏အစ်ကို၊ Nu Kap Ngaih Dim ၏ခင်ပွန်း၊ Tg. Thang Sien Dal(မလေးရှား)၏ဖခင်သည် ၂၁-၉-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၆း၃၅နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၉-၂၀၁၅ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [မြောက်ဒဂုံ၊ (၂၉)ရပ်ကွက်၊ မြောက်ဒဂုံ ၇/၈လမ်းဆုံ၊ အောင်သစ္စာလမ်း၊ အမှတ် ၇၈၂ နေအိမ်နှင့် ဇမာနွေလဘုရားကျောင်းရှေ့(ဆူးလေ)တို့မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## မသန္တာညွန့်တင်
### (နဝမတန်း-က၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း)
### အသက်(၁၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ကျုံရှုရွာနေ (ဦးတင်မြင့်)-ဒေါ်သိန်းတင်၊ မန္တလေးမြို့၊ စိန်ပန်းသရဲကျော်ရပ်၊ အကွက်(၃၆၁)နေ (ဦးညွန့်တင်)-ဒေါ်မင်းတို့၏မြေး၊ လားရှိုးမြို့နေ ဦးတင်ထွန်း - ဒေါ်မြင့်မြင့်သန်း၊ မန္တလေးမြို့နေ ဦးသိန်းထွန်း-ဒေါ်မိုးမိုးဌေး၊ ဦးသိန်းဌေး-ဒေါ်မြင့်မြင့်အေး၊ ဦးကိုကိုနိုင်-ဒေါ်ခင်ဆွေဝင်း၊ ဦးမြင့်ဆွေ-ဒေါ်မြသီတာ၊ ဦးစိုးမင်းဇော်-ဒေါ်မြသီဂီ၊ ဦးထွန်းဌေး-ဒေါ်မြနီလာ၊ ဦးစိန်ဝင်း - ဒေါ်သန်းသန်းဦးတို့၏တူမ၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ နမ့်ခိုက်တိုးချဲ့နေ ဦးထွန်းထွန်း - (ဒေါ်နီနီညွန့်တင်)တို့၏ သမီးသည် ၂၁-၉-၂၀၁၅ရက်(တနင်္လာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ နမ့်ခိုက် တိုးချဲ့နေအိမ်မှ ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၂၅-၉-၂၀၁၅ရက် (သောကြာနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးသီဂီဦး
### DIRECTOR, GOLDEN DEER PTE. LTD.
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မေခလမ်း၊ (၆၃)ရပ်ကွက်၊ စက်မှုဇုန်(၂)၊ အမှတ် ၂၈၀၅/၂၈၀၆/၂၈၀၇နေ ဦးအောင်မြင့်ဦး-ဒေါ်ခင်နွဲ့ကြည်(ရွှေသမင် ပလတ်စတစ်လုပ်ငန်း)တို့၏သမီး၊ (ဦးချစ်ညွန့်)-ဒေါ်ကျင်သိန်းတို့၏သမီးချွေးမ၊ စင်ကာပူနိုင်ငံ JURONG WEST နေ ဦးညွန့်ဝေ၏ချစ်လှစွာသောဇနီး၊ မောင်ထိန်လင်းဝေ ($1^{st}$ YEAR, NTU)၏မိခင်၊ ဦးကျော်မိုးလွင်-ဒေါ်မြမခ္ခုဦး၊ ဦးနိုင်ဝင်းအောင်-ဒေါ်မိုးဥမ္မာဦး၊ ဒေါက်တာမျိုးပပဦး (ကထိက၊ ဓာတုဗေဒဌာန၊ ပခုက္ကူတက္ကသိုလ်)တို့၏အစ်မ၊ မယွန်းပွင့်သူသူ၊ မောင်ထက်အောင်လင်း၊ မောင်သုတအောင်တို့၏ အဒေါ်သည် ၂၃-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)စင်ကာပူ စံတော်ချိန် ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၅ရက်(သောကြာနေ့)တွင် စင်ကာပူနိုင်ငံရှိ MANDAI, CRE MATO-RIUM ၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ကြည်ကြည် အသက်(၉၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ပါရမီလမ်းမကြီး၊ မေလိခလမ်း၊ အမှတ်(၇-က)နေ (ဦးဖိုးမှိန်-ဒေါ်ကျင်စိန်)တို့၏သမီး၊ (ဒုတိယဗိုလ်မှူးကြီး ဇေယျကျော်ထင် သူရဦးအေးသိန်း)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးဘရီ-(ဒေါ်မေမေသန်း)၊ (ဦးမြင့်သန်း-ဒေါ်ရင်နု)၊ (ဦးလှခင်)-ဒေါ်တင်ဆင့်တို့၏အစ်မ၊ ဒေါ်မေစီသိန်း(စီးပွား/ကူးသန်း၊ ငြိမ်း)၊ ဦးခင်မောင်သိန်း-ဒေါ်သိန်းသိန်းရီ၊ ဦးချစ်ကိုကို-ဒေါ်စောနွဲ့နွဲ့ဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်)၊ ဦးအောင်မြတ်ထွန်း(Ex-FRANBO,Co.)-ဒေါ်နီလာသိန်း (စီးပွား/ကူးသန်း၊ MIRT)တို့၏မိခင်ကြီး၊ ကိုစံလင်း (Uniteam Marine)၊ မချစ်စုစံ(မေခွန်းချို)(မဟာဥပဒေနောက်ဆုံးနှစ်)၊ မောင်နေအောင်လွင်(စတုတ္ထနှစ်၊ Naval Architecture, MMU)တို့၏အဘွား၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေတံခွန်တောင်မုနိအောင်မြေကျောင်းအမကြီးသည် ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၉း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၉-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်ရွှေ(ခ)ဒေါ်ရှု
### (မင်းဘူး)
### အဓိပတိ ဗီဒီယိုငှားရမ်းပြသရေး
### အသက်(၈၀)

မင်းဘူးမြို့၊ (၂)ရပ်ကွက်၊ ဆေးရုံလမ်း၊ အမှတ် ၁၆နေ (ဦးဂုဏ်စန်း-ဒေါ်ကြင်ဆိုင်)တို့၏သမီး၊ [ဦးမြင့်အောင်(ခ)ဦးကြူကွမ်း]၏ဇနီး၊ ဦးခင်မောင်သန်း-ဒေါ်မေဝါဦး၊ ဦးမြင့်နိုင်-ဒေါ်ခင်မာဦး၊ ဒေါက်တာမေသွယ်ဦး၊ ဦးကျော်ကျော်လတ် - ဒေါ်မေနွယ်ဦး၊ ဦးတိုးလှိုင်ဦး(ခ)မြင့်နိုင်-ဒေါ်အမာချို၊ ဦးအောင်ကျော်စိုး - ဒေါ်မေလှဲ့ဦးတို့၏မိခင်၊ မြေး ၁၃ယောက်တို့၏ အဘွားသည် ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် မကွေးဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် မင်းဘူးမြို့ ကျောက်တံခါးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသိန်းဝင်း (သံတွဲ)
### အသက်(၆၅)နှစ်

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ဂေါင်းကျေးရွာအုပ်စု၊ အင်တိုင်းကြီးကျေးရွာနေ ဒေါ်ကျန်သိန်း၏ချစ်လှစွာသောခင်ပွန်း၊ မြောက်ဒဂုံနေ ဦးတင်လှ-ဒေါ်ညွန့်ရီတို့၏ညီ၊ ဆင်ခေါင်းကျေးရွာနေ ဦးသိန်းရွှေ-ဒေါ်တင်လှ၊ ပုလဲမြို့သစ်နေ ဦးသိန်းဝေ-ဒေါ်စိန်ညွန့်၊ ဂျီဝကျေးရွာနေ ဦးသိန်းလှိုင်-ဒေါ်ခင်စိုးရီတို့၏အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ မခင်စန်းလွင်-ကိုဇေယျာထွန်း၊ မောင်ကျော်မင်းသိန်း၊ မဇင်မာလွင်၊ မောင်မြင့်အောင်-မစန္ဒာလင်းတို့၏ဖခင်ကြီး၊ မရွှန်းလဲ့ရည်ထွန်း၊ မယုယုအောင်တို့၏အဘိုးသည် ၂၃-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၅ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။[မြောက်ဒဂုံ၊(၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ 'ခနေအိမ်' အိမ်ဆောက်ပစ္စည်းဆိုင်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မြောက်ဒဂုံ၊ (၄၈)ရပ်ကွက်၊ ခေမာမှတ်တိုင်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်ဝင်းဝင်းမော် B.A, (Geog:)
### လယ်/ပြ၊ အမက(၂၅)
### မူလွန်တောင်ဒဂုံ
### အသက်(၅၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၃၀၊ သုံးလွှာ (B)၊ ဓမ္မစိန္တာလမ်းနေ (ဦးစံဌေး - ဒေါ်တင်ရီ)တို့၏ သမီး၊ ဦးမောင်ဦးကြည် - (ဒေါ်လှဲ့လှဲ့မြင့်)၊ ဦးသိန်းထွန်း-ဒေါ်သီသီမြင့်တို့၏ ညီမ၊ ဦးရဲဝင်း-ဒေါ်ကေသီမိုး၊ (ဦးရဲမင်းတင်)-ဒေါ်နုနုရီတို့၏အစ်မ၊ မောင်ကျော်ကျော်-မဆုနန္ဒာထက်၊ မောင်အောင်ဖြိုးသက်၊ မောင်ကုဋေထူးအောင်၊ မရတီမိုးစက်၊ မောင်လင်းရောင်ခန့်တို့၏အဒေါ်သည် ၂၃-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၅၀နာရီတွင် ဗဟိုရုံစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍၂၅-၉-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အတင်(ခ)
## ဒေါ်တင်တင်အောင်
### (အလုံ၊ ရွှေပြည်သာ)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊အမှတ် ၄၄၊ လေးလွှာ(ခေါင်းရင်းခန်း)၊ ဆင်ရေကန်လမ်းနေ (ဦးစာဦး-ဒေါ်ကလေးမ)တို့၏သမီး၊(ဦးကျင်ချို-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ ဦးရဲအောင် (ဂိတ်မှူး) - ဒေါ်မြတ်မော်ဦး၊ ဦးကျော်သူ(ကားဘော်ဒီ၊ ဆေးမှုတ်လုပ်ငန်း)-ဒေါ်ငွေဘော်၊ (ဦးသိန်းစိုး)-ဒေါ်သင်းသင်းအောင်၊ (ဦးခင်စိုး)-ဒေါ်စိုးစိုးအောင်၊ ဦးတင်ကိုကို-ဒေါ်ဥမ္မာရီ၊ ဦးမြင့်အေး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးမြင့်ဇော် - ဒေါ်ထွေးထွေးလွင်တို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ် ၁၄ယောက်တို့၏ ဘွားဘွားကြီး၊ (ဦးအောင်သန်း)၏ ချစ်လှစွာသောဇနီးသည် ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၂၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်မင်းသန်း
### လက်ထောက်မန်နေဂျာ
### ဗန္ဓုလသယ်ယူပို့ဆောင်ရေး
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ သိန္ဓုလမ်း၊ အမှတ် ၇၆၁နေ (ရပ်ရှင်မင်းသားကြီး ဦးကျော်သန်း - ဒေါ်ခင်ရီ)တို့၏သား၊ (ဦးတင်မောင်) - ဒေါ်တင်ကြိုင်တို့၏သားသမက်၊ ဒေါ်မြင့်မြင့်အေး၏ခင်ပွန်း၊ ဇော်ပြီကိုကိုအောင် (မြန်မာနိုင်ငံရဲတပ်ဖွဲ့)-မေဇွန်ပွင့်၊ နိုဝင်ဘာညီညီအောင်တို့၏ဖခင်၊ မောင်သီဟစစ်နိုင်၏အဘိုးသည် ၂၂-၉-၂၀၁၅ရက် ည ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်ဟန်သိန်း (စစ်တွေ)
### အထပြ၊ ထ-ခွဲ(၃)၊
### ဘူးသီးတောင်မြို့
### အသက်(၅၁)နှစ်

စစ်တွေမြို့၊ မွေး/ကုဦးစီးဌာနရုံးဝင်းနေ (ဦးကျော်ထွန်းအောင်)-ဒေါ်မသိန်းခိုင်တို့၏သား၊ စစ်တွေမြို့၊ ရွှေပြားရပ်ကွက်နေ (ဦးမောင်အုံး-ဒေါ်မကျော့သာ)တို့၏သားသမက်၊ ဒေါ်မစံသိန်း (အထပြ၊ အထက-၂၊ စစ်တွေ)၏ခင်ပွန်း၊ ဒေါ်ခင်သက်ဆွေ(အလပြ၊ မောင်တော)၊မစုလင်းမောင်(ပထမနှစ်၊ ရက္ခဗေဒ၊ စစ်တွေတက္ကသိုလ်)တို့၏ဖခင်၊ ဒေါ်မေနန်းနွယ်-ဦးစောသိန်းတို့၏ညီ/မောင်၊ ဦးခင်မောင်ဌေး-မရီရီသန်းတို့၏အခင်ထွီး၊ (ဦးအောင်သိန်း)-ဒေါ်စိန်ရွှေမြ၊ဒေါ်မြစိန်၊(ဦးအေးမောင်)၊ ဒေါ်လှခင်၊ ဒေါ်လှမြိုင်၊ ဒေါက်တာဒေါ်ငွေတင်၊ ဒေါ်မအေးချို-ဦးဦးအေးဇော်တို့၏ အစ်ကို/ညီ/မောင်၊ ဒေါ်ခင်စန်းဦး-ဦးအေးမောင်၊ မောင်သန်းထိုက်ဇော်တို့၏ဦးလေး၊ မအေးမြတ်စံ၏အဘိုးသည် ၁၆-၉-၂၀၁၅ရက် ည ၁၁း၁၅နာရီတွင်ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၇-၉-၂၀၁၅ရက်တွင် ဘူးသီးတောင်မြို့၌ သင်္ဂြိုဟ်ပြီးစီးပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နုနုကြည်(ဒေါ်လေး)
### ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ ထွေ/အုပ်(ငြိမ်း)
### အသက်(၉၄)နှစ်

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၃)ရပ်ကွက်၊စိန်ပန်းမြိုင်လမ်း၊အမှတ် ၃၇နေ (ဦးဘိုးလွန် - ဒေါ်ဒေါ်ကြည်) တို့၏သမီး၊ (ဦးကျော်ဇေယျ)၏ဇနီး၊ (ဦးဟန်လွင်)၊(ဦးသန်းလွင်)တို့၏ညီမ၊ (ဒေါ်ထိန်)၊ (ဗိုလ်မှူးအရှိန်)၊ ဗိုလ်မှူးညီညီတို့၏အစ်မ၊ တူ၊တူမ ၂၂ယောက်တို့၏အဒေါ်၊ မြေး ၂၁ယောက်တို့၏အဘွားသည် ၂၃-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၉-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)
### ဂုဏ်ထူးဆောင်နာယက
## ဒေါ်ကြည်ကြည်
### ရာသက်ပန်အသင်းဝင်အမှတ်(၆၆၂)
### အသက်(၉၀)

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၇) ရပ်ကွက်၊ ပါရမီလမ်းမကြီး၊ (မေလိခလမ်း)၊ အမှတ် (၇/က)နေ (ဦးဖိုးမှိန်-ဒေါ်ကျင်စိန်)တို့၏သမီး၊ (ဒုတိယဗိုလ်မှူးကြီး ဇေယျကျော်ထင် သူရအေးသိန်း)၏ဇနီး၊ ရာသက်ပန်အသင်းဝင်များဖြစ်ကြသော ဒေါ်မေစီသိန်း (စီးပွား/ကူးသန်း၊ ငြိမ်း)၊ ဦးခင်မောင်သိန်း(တွဲဖက်အတွင်းရေးမှူး-၁)-ဒေါ်သိန်းသိန်းရီ၊ ဦးချစ်ကိုကို-ဒေါ်စောနွဲ့နွဲ့ဝင်း (ဒုတိယညွှန်ကြားရေးမှူး)၊ ဦးအောင်မြတ်ထွန်း(Ex. ERANBO, Co.,) - ဒေါ်နီလာသိန်း (စီးပွား/ကူးသန်း MIRT)တို့၏မိခင်ကြီးသည် ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဦးစိုးဝင်း
### မြေစာရင်းဦးစီးဌာန(ငြိမ်း)
### ဘိုကလေးမြို့နယ်အသင်းဝင်
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ မြို့ပတ်လမ်း၊ အမှတ် ၇ နေ ဒေါ်ခင်စောမြင့်၏ခင်ပွန်း၊ ကိုဇော်မြင့် - မနီနီစိုး (ခေတ္တ-စင်ကာပူ)၊ ကိုသန့်စင်ဦး-မအေးအေးစိုး (Rainbow Bridge Distribution Co., Ltd.)၊ မနှင်းဖြူဖြူစိုး(ခေတ္တ-ဟောင်ကောင်)၊ မထွေးအိအိစိုးတို့၏ချစ်လှစွာသောဖခင်၊ မခါဝသုန်၊ မယွန်းဝတီ၊ မောင်ရဲရင့်ဝင်းတို့၏အဘိုးသည် ၂၃-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၅-၉-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Pi Tum Par
### Mualkai Khuami
### အသက်(၅၅)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ Mualkai ကျေးရွာနေ (Pu Ral Mawng- Pi Thlia Ngen) တို့၏သမီး၊ Pi Ni Cia-Pu Tluang Chan, Pi Buan Thluai-Pu Chan Lian, Pi Sung Khun-Pu Lian Peng, Pi Ngun Bor-Pu Lai Ceu တို့၏ညီမ၊ Pu Thong Cung-Pi Ngun Thluai, Pu Sang Kep-Pi Tial Ki, Pu Hrang Cuan-Pi Ly Ly Par တို့၏ညီမ၊ (Pu Van Lal Thla Muan) ၏ချစ်လှစွာသောဇနီး၊ Pi Rebecca-Rev. Thang Kio, Val Kenedy Van Lal Pek Lian တို့၏ချစ်လှစွာသောမိခင်၊ Joy Ni Tha Par ၏အဘွားသည် ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့) ည ၇နာရီတွင် ရွှေပေါက်ကံမြို့နယ်၊(၁၁/၂)ရပ်ကွက်၊ချမ်းသာခြင်းလမ်း၊ အမှတ် ၂၃၉ နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၉-၂၀၁၅ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ယုဇနဥယျာဉ်မြို့တော်၊ ၇လမ်းထိပ်၊ ဘီဘီလောက်၊ မြောက်ဒဂုံ(မြို့သစ်)၊ (၄၆)ရပ်ကွက်၊ အအေးဆိုင်မှတ်တိုင်၊ လှိုင်မြို့နယ်၊ လှိုင်သီရိအိမ်ရာနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တမဏ္ဍလ (မဟာဒွါရ)
### သိမ်ကျောင်း၊ မဟာညောင်ကုန်းကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ်
### သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊မဟာညောင်ကုန်းကျောင်းတိုက်၊ သာသနာလင်္ကာရသိမ်ကျောင်း၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တမဏ္ဍလ မဟာထေရ်သည် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၁၀ရက်) ၂၃-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၄း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၁၄ရက်) ၂၇-၉-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (မဟာညောင်ကုန်းကျောင်းတိုက် သိမ်ကျောင်းမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တနန္ဒိယ
### သက်တော်(၈၁)၊ သိက္ခာတော်(၅၇)ဝါ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊မြသီတာရပ်ကွက်၊ မြစန္ဒာ ၂လမ်း၊ ပန်းတစ်ပွင့်တောင်တိုက်ခွဲ ခမည်းတော် ဦးဖိုးထောင်-မယ်တော် ဒေါ်လှဝင်းတို့၏သား၊ ပန်းတစ်ပွင့်တောင်ဆရာတော်ကြီး၏ဘကြီး ဘဒ္ဒန္တနန္ဒိယ ဆရာတော်ကြီးသည် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၁၀ရက်) ၂၃-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၁၂ရက်) ၂၅-၉-၂၀၁၅ရက်(သောကြာနေ့)ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇော်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (စုရပ်)ကားများသည် မင်္ဂလာဒုံ ပန်းတစ်ပွင့်တောင်တိုက်ခွဲရှိကျောင်းသို့ မွန်းလွဲ ၂း၃၀နာရီအရောက်လာကြပါရန်။ [ဆရာတော်အားရည်စူး၍ (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၁၄ရက်) ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ဈာပနဖြစ်မြောက်ရေးကော်မတီ

### ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တံတိုင်း ဒါယကာကြီး
## ဒေါက်တာ ဦးလေးရွှေ (ကန်တော့ခံဆရာဝန်ကြီး)
### အငြိမ်းစားဆေးရုံအုပ်၊ ဖြူးမြို့
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၄၆၆နေ (ဦးလှအောင်-ဒေါ်အုန်းခင်)တို့၏သား၊ (ဆားမင်းကြီး ဦးမြ၊ ငြိမ်း-ဒေါ်ညွန့်)တို့၏သားသမက်၊ ဒေါ်သောင်းသောင်းမြ(အထက၊ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ရွှေ-ဒေါ်မိမိရွှေ (အလက-၃၊ မ/ဒဂုံ)၊ ဦးတင်ထွန်းအောင်(မန်နေဂျာ၊ ကမ္ဘာ့ရတနာဘဏ်) - ဒေါက်တာမိုးမိုးရွှေ (ပါမောက္ခ၊ ဌာနမှူး၊ ရက္ခဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၊ (ဦးသာထွန်းရွှေ-ဒေါ်ခင်ပြုံးဝင်း)၊ (ဦးလှဖြိုးရွှေ-ဒေါ်ထားထားခိုင်)၊ ဒေါ်တိုးမာရွှေ၊ ဒေါ်စိုးမာရွှေ (TTAS Co., Ltd.)တို့၏ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၈း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၅ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးဟာနစ်(ခ)
## ဦးစောမြင့် (မအူပင်)
### စာပေနှင့်စာနယ်ဇင်း
### မအူပင်မြို့နယ်ရာသက်ပန်အသင်းဝင်
### အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အောင်ဇေယျလမ်း၊ အမှတ် ၄၈နေ (ဦးမိုဟာမက်ရဖီး - ဒေါ်စိန်နု)တို့၏သား၊ ဒေါ်ချိုလေးမာ၏ခင်ပွန်း၊ သားသမီး ခုနစ်ယောက်၊ မြေးခုနစ်ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘိုးသည် ၂၁-၉-၂၀၁၅ရက် (တနင်္လာနေ့)တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၂-၉-၂၀၁၅ရက် မွန်းလွဲ ၁း၃၀နာရီတွင်ဒါဖွာနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရားဒါယိကာကြီး
## ဒေါ်မြညွန့် (တိုက်ကြီး)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊အရှေ့ရွှေဂုံတိုင်လမ်းနှင့် ဗိုလ်စိန်မှန်လမ်းထောင့်၊ အောင်သိဒ္ဓိကုန်းပိုင်ရှင် (ဘုရားဒါယကာကြီး ဦးမင်းအောင်)၏ဇနီး၊ ဦးအောင်ဝင်း၊ (ဦးကျော်ဝင်းထွဋ်) - ဒေါ်ဝင်းမြင့်အောင်တို့၏မိခင်၊ ကိုကောင်းဆက် (ရွှေမြန်မာ ဒံပေါက်ဆိုင်)၏ အဘွားသည် ၂၂-၉-၂၀၁၅ရက်(အင်္ဂါနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးထန်အင်းဟန်
### (Phaitu- Man Tuong Be)
### တပ်ခွဲတပ်ကြပ်ကြီး
### အသက်(၅၃)နှစ်

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ဖိုင်တူကျေးရွာနေ (Pu Khup Za Kham- Pi Vung Khuo Nieng)တို့၏သား၊ (အရာခံဗိုလ်ဦးထန်ဆွင်းဟောက် ၉၆၀ B.E တပ်)-ဒေါ်ဖန်ဆီး(ခ)ဟန္နာ၊ Pa Thang Gin Mang- Nu Nieng Hau Neel, (Nu Man Lun Cing)- Pa Kham Khan Mang, Pa Thang Suon Lien-Nu Cin Khuo Nieng တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကုန်းထိပ်၊ ပျဉ်းမပင် ၇လမ်းနေ Nu Nieng Khuo Lun (ခ) ဒေါ်အေမီဟန်၊Pa Kham Sien Mung (ခ)နေအောင်-ဒေါ်ခင်မိုးဦးတို့၏ဖခင်၊ မောင်ကာရန်မင်းဟန်၏အဘိုး၊ အမှတ် (၁) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်၊ သန်လျင်သည် ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၅၅နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၉-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံ တပ်မတော်ခန်းမဆောင်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်ပါမည်။ (သုဝဏ္ဏ၊ ယုဇန၊ ၇/၈လမ်းဆုံ၊မြောက်ဒဂုံ၊လှိုင်သာယာ၊ ပုလဲ-ပတ္တမြားမြို့သစ်နှင့်နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မမြတ်နိုးဝေ(ခ)ယွန်း(ခ)
## Monica
### COUNTRY MANAGER (ALLIANZ INSURANCE GROUP)
### CII (LONDON), BUSINESS ADMINISTRATION (UNIVERSITY Of LONG BEACH, CALIFORNIA)
### အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ် (၁၃၁/F)နေ (ဒုတိယဗိုလ်မှူးကြီး ဝေဖြိုးသိန်း) - ဒေါ်ခင်သူဇာဝင်းတို့၏သမီး၊မောင်သက်ဇော်၏အစ်မ၊(ဗိုလ်မှူး ဖေသိန်း)-ဒေါ်ခင်ခင်အေး (မိတ္ထီလာ)၊ ဦးခင်မောင်ဝင်း - ဒေါ်မြတ်မြတ်လွင်၊ ဦးဆွေ - ဒေါ်ခင်သက်မော်တို့၏ မြေး၊ ဦးဇော်မင်းဇင် - ဒေါ်တင်သီတာတို့၏တူမ၊ ကိုသန့်ဇော်ဝင်း(Dexter)၏ညီမ၊ မခိုင်ဇင်ဝင်း(Stephanie)၊ မမေသဲဇင် (Cr-ystal)တို့၏အစ်မသည် ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့) ည ၇း၃၈နာရီတွင် Bangkok Hospital ၌ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် Bangkok မြို့၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၉- ၂၀၁၅ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု




ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာ ရို အာစို တို့ ဦးဆောင်သော နှစ်ဖက်ကိုယ်စားလှယ်များက သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်စီမံကိန်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# ရေရှည်တည်တံ့သည့် တာဝန်သိ ရင်းနှီးမြှုပ်နှံမှုအားလုံးကို တံခါးဖွင့်ကြိုဆိုလျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်

**ရန်ကုန် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော် ရန်ကုန်မြို့နှင့် ကီလိုမီတာ ၂၀ အကွာအဝေးတွင် တည်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သီလဝါအထူးစီးပွားရေးဇုန်၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာ ရို အာစို တို့တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး မစ္စတာ ယိုစုကီ တာကာကီနှင့် တာဝန်ရှိသူများ၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိဟိဂုချိနှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာ-ဂျပန် စီးပွားရေး လုပ်ငန်းရှင်များ၊ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ●

## ဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့်အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## ရန်ကုန်အသင်း ပထမဆုံးအကြိမ် အိမ်ကွင်း၌ နှစ်ပွဲဆက်ရှုံးနိမ့်

**သတင်း-ညီမြတ်သော်တာ ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် စက်တင်ဘာ ၂၃**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ( ၁၉ ) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ကျင်းပရာ မကွေး၊ ရတနာပုံနှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

ဆားဘီးယားလူမျိုးနည်းပြ ဂျီဆစ်နှင့် လမ်းခွဲအပြီး ဦးတင်မောင်ထွန်းနှင့် ပြည်တွင်းနည်းပြများ တာဝန်ယူကိုင်တွယ်နေသည့် ရန်ကုန်အသင်းမှာ မကွေးအသင်းကို အိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် ထပ်မံရှုံးနိမ့်ခဲ့သည်။ ရန်ကုန်အသင်းမှာ အိမ်ကွင်း၌ ရတနာပုံနှင့် မကွေးအသင်းတို့ကို အရှုံးပေးခဲ့ရပြီး အသင်း သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် အိမ်ကွင်းနှစ်ပွဲဆက် ရှုံးနိမ့်မှုဖြစ်ခဲ့သည်။ သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးထားသည့် မကွေးအသင်းမှာ နိုင်ပွဲ ပြန်ရှာတွေ့ခဲ့ပြီး ပထမအကျော့က ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❖

**ရန်ကုန်နှင့်မကွေးတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။**




ချင်းပြည်နယ်မှ သဘာဝဘေးသင့်ပြည်သူများ၏ စကားသံ စာ - ၄

မြစ်ရေနှစ်ကြိမ်ကြီးမှုကြောင့် ပြောင်းရွှေ့ကျေးရွာများ ဆက်လက်နေထိုင်လျက်ရှိ စာမျက်နှာ-၈

ပုဂံရှေးဟောင်း ဒေသကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်လာမည် စာမျက်နှာ-၁၂




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS




## မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးပြည့်ပြည့်ဝဝ ပေးနိုင်ရန် မဲစာရင်းဖြည့်သွင်းရေး ပို့ချဆွေးနွေး

**ရေစကြို စက်တင်ဘာ ၂၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းမှ မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးနိုင်ခွင့် အခွင့်အရေးများ မဆုံးရှုံးစေဘဲ ပြည့်ပြည့်ဝဝ အခွင့်အရေးရရှိစေရန်အတွက် အခြေခံမဲစာရင်းဖြည့်သွင်းရေးဆိုင်ရာ လုပ်ငန်းများ ထပ်ဆင့်ပို့ချဆွေးနွေးပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၈၉အုပ်စုမှ ရပ်/ ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ စုံညီစွာတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး (ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး)ဦးရန်နောင်ကျော်စွာက မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်အတွက် တင်ပြလာသောဖြည့်စွက်၊ ကန့်ကွက်၊ ပယ်ဖျက်၊ ပြင်ဆင်ရေးကို အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်စွာ ဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများကိုလည်းကောင်း၊ မဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ မကျန်ရှိရေးနှင့် မဲစာရင်း မှန်ကန်ရေးကို အလေးထားဆောင်ရွက်ကြရေး၊ စက်တင်ဘာ ၂၇ ရက်အတွင်း မဲစာရင်းလာရောက်ကြည့်ရှုကြရန်၊ ဖြည့်စွက်စရာ၊ ကန့်ကွက်စရာ၊ ပြင်ဆင်စရာ ကိစ္စများရှိပါက ဆောင်ရွက်နိုင်ရန် နှေ့စဉ် ကြေညာ အသိပေး ဆောင်ရွက်ကြရန်တို့ကို မှာကြားဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# အရှိုချင်းအမျိုးသားပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၃

**အရှိုချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဆလိုင်းဟန်ကြည်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၃ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား- ကျွန်တော်ကတော့ အရှိုချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဆလိုင်းဟန်ကြည်ဖြစ်ပါတယ်။**

အရှိုချင်းအမျိုးသားပါတီကို ၂၀၁၂ ခုနှစ် ဇွန်လ ၅ ရက်နေ့မှာ တရားဝင်ပါတီအဖြစ် ထူထောင်ခဲ့ပါတယ်။ ပါတီရဲ့စည်းရုံးရေးနယ်မြေများဖြစ်ကြတဲ့ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၉ ခုမှာ မြို့နယ်ပါတီရုံးများ၊ ကျေးရွာပါတီရုံးများဖွင့်လှစ်ပြီး လှုပ်ရှားစည်းရုံးလျက်ရှိပါတယ်။

ကျွန်တော်တို့ပါတီဟာ ချင်းတိုင်းရင်းသားလူမျိုးအခြေပြု နိုင်ငံရေးပါတီတစ်ခုဖြစ်လင့်ကစား မိမိတို့နေထိုင်ရာဒေသ၊ မိမိတို့ပါဝင်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်မြေများအတွင်းမှာရှိကြတဲ့ တိုင်းရင်းသားပြည်သူလူထုအားလုံးတို့ရဲ့ အကျိုးစီးပွားကိုဖော်ဆောင်ဖို့ ဦးတည်ချက်အခိုင်အမာထားရှိထားပါတယ်။

**ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရသည့် ရည်ရွယ်ချက်**

(က) ချင်းတိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ်များတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး တာဝန်များကိုရယူကာ ချင်းလူမျိုးများ၏ လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန်။

(ခ) ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များတွင် မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားလုပ်သားပြည်သူအပေါင်းကို အလုပ်အကျွေးပြုနိုင်သည့် ဥပဒေများပြဋ္ဌာန်းနိုင်ရန်။

(ဂ) ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီပြီး တိုင်းရင်းသားလူနည်းစုများ၏ တန်းတူအခွင့်အရေးကို အာမခံသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်ရန်။

(ဃ) ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး နိုင်ငံတော်အာဏာ (၃)ရပ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တော်တည့်မှန်ကန်နေအောင် အပြန်အလှန်ထိန်းကျောင်းပေးရန်တို့ဖြစ်ပါတယ်။

ဖော်ပြပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ဖို့ အရှိုချင်းအမျိုးသားပါတီဟာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ယှဉ်ပြိုင်အရွေးချယ်ခံမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးနှင့် ချင်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း နှစ်ဦး၊ ရခိုင်ပြည်နယ်မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးနှင့် ချင်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတို့ဖြစ်ပါတယ်။

**ပါတီမူဝါဒနှင့် လုပ်ငန်းစဉ်များ**

**အရှိုချင်းအမျိုးသားပါတီမှာ အခြေခံမူဝါဒ(၃)ရပ်ရှိပါတယ်။**

(က)နိုင်ငံရေးတွင် ဒီမိုကရေစီစနစ်ဖော်ဆောင်ကျင့်သုံးရေး၊ (ခ) စီးပွားရေးတွင် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ကျင့်သုံးရေးနှင့် (ဂ) တိုင်းရင်းသားလူမျိုးတိုင်း တန်းတူအခွင့်အရေးရရှိသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးတို့ ဖြစ်ပါတယ်။

နိုင်ငံများအဖို့ ကျင့်သုံးရန်အကောင်းဆုံးသော နိုင်ငံရေးစနစ်ဟာ ဒီမိုကရေစီကျင့်စဉ်တရားများကိုအခြေခံပြီး စီမံခန့်ခွဲအုပ်ချုပ်မှုပြုသောစနစ်ဖြစ်ပါတယ်။ ပြည်သူလူထုက ဒီမိုကရေစီကျင့်စဉ်တရားများနှင့်အညီ ရွေးကောက်တင်မြှောက်သော အစိုးရအဖွဲ့၊ ဥပဒေပြုပုဂ္ဂိုလ်များနှင့် တရားစီရင်ရေးပုဂ္ဂိုလ်များက နိုင်ငံကိုစီမံအုပ်ချုပ်ပြီး တိုင်းရင်းသားလုပ်သားပြည်သူအပေါင်း၏ လွတ်လပ်မှုနှင့်တရားမျှတမှုကို အာမခံဖော်ဆောင်ပေးနိုင်မှသာ ကျွန်ုပ်တို့လူ့အဖွဲ့အစည်းသည် ငြိမ်းချမ်းမှုနှင့် စိတ်ချမ်းမြေ့မှုများကို အမှန်တကယ်ခံစားနိုင်မယ်လို့ ယုံကြည်ပါတယ်။

အဲသည်လို ယုံကြည်တာနဲ့အညီ အရှိုချင်းအမျိုးသားပါတီဟာ ပြည်သူလူထုများရဲ့ နိုင်ငံရေးဘဝ၊ စီးပွားရေးဘဝနှင့်လူမှုရေးဘဝအခြေအနေများ အစဉ်တိုးတက်ကောင်းမွန်နေအောင် အားထုတ်ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပါတယ်။

**(က) နိုင်ငံရေး**

ယနေ့မြန်မာနိုင်ငံဟာ ပြည်သူလူထုက မဲပေးရွေးချယ်သော လွှတ်တော်(၃)ရပ် မှတစ်ဆင့် ဖွဲ့စည်းပေါ်ပေါက်လာတဲ့ အစိုးရအဖွဲ့အားဖြင့် စီမံအုပ်ချုပ်ပြီး ဒီမိုကရေစီနိုင်ငံအသွင်ဆောင်ယူထားတာကို တွေ့မြင်ရမှာဖြစ်သော်ငြားလည်း ဒီမိုကရေစီစံနှုန်းများနှင့်ပြည့်ဝတဲ့ နိုင်ငံအဖြစ်တည်ဆောက်ဖို့များစွာလိုအပ်နေသေးတယ်လို့ အရှိုချင်းအမျိုးသားပါတီက ရှုမြင်ပါတယ်။ အဆိုပါလိုအပ်ချက်များပြည့်စုံလာအောင် ဖြည့်ဆည်းပေးရန် နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလုပ်သား ပြည်သူအပေါင်းတို့က နိုင်ငံရေးအသိ၊ နိုင်ငံရေးရင့်ကျက်မှုတို့ဖြင့် ပူးပေါင်းလုပ်ဆောင်ကြရမယ်လို့ ယုံကြည်ထားပါတယ်။ အရှိုချင်းအမျိုးသားပါတီဟာ ဒီယုံကြည်ချက်အပေါ် ခိုင်မာစွာရပ်တည်ပြီး လွှတ်တော်(၃)ရပ်မှာ ပါဝင်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုပုံစံ တည်ဆောက်ခြင်းသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအကြား ညီညွတ်ရေး၊ ချစ်ကြည်ရေးနှင့် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးတို့အတွက် အဖြေဖြစ်ပါတယ်။ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား အပစ်အခတ်ရပ်စဲရေး စာချုပ်လက်မှတ်ရေးထိုးပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပကာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလိုအပ်သလို ပြင်ဆင်ရေးသည် လက်တွေ့အလုပ်ဖြစ်နိုင်တဲ့ နည်းလမ်းတစ်ခုဖြစ်တယ်လို့ ရှုမြင်သုံးသပ်ပါတယ်။

အရှိုချင်းအမျိုးသားပါတီအနေနဲ့ လွှတ်တော်(၃) ရပ်အတွင်း နိုင်ငံရေးပါတီအသီးသီးက လွှတ်တော်ကိုယ်စားလှယ်များနဲ့ လက်တွဲ၍လည်းကောင်း၊ လွှတ်တော်ပြင်ပ၌ ကျင်းပပြုလုပ်ရန်ရှိတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှာ အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ လက်တွဲ၍လည်းကောင်း၊ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှုလုပ်ငန်းစဉ်မှာ တက်ကြွစွာပါဝင်သွားမှာဖြစ်ပါတယ်။

**(ခ)စီးပွားရေး**

အရှိုချင်းအမျိုးသားပါတီရဲ့ စီးပွားရေးဆိုင်ရာ အခြေခံမူဝါဒကတော့ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဖို့ဖြစ်တယ်။ ဈေးကွက်စီးပွားရေးစနစ်ဖြစ်ထွန်းတည်ရှိရေးကို ဦးတည်တဲ့ အခြေခံအဆောက်အအုံတွေ၊ ဥပဒေတွေကို နိုင်ငံတကာအတွေ့အကြုံများနဲ့ နမူနာကောင်းများအပေါ် အခြေခံပြီး တည်ဆောက်ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ နိုင်ငံသားအားလုံးမှာ စီးပွားရေးလုပ်ငန်းတွေကိုလုပ်ကိုင်နိုင်တဲ့ အခွင့်အရေးတန်းတူရှိရမယ်လို့ အရှိုချင်းအမျိုးသားပါတီက ယုံကြည်ပါတယ်။ နိုင်ငံသားအားလုံးက စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ဖို့လိုအပ်တဲ့ မတည်ရင်းနှီးငွေကို ချေးယူသုံးစွဲနိုင်တဲ့ ဘဏ်စနစ်တည်ရှိအောင် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ယနေ့အချိန်အခါတွင် အလုပ်အကိုင်အခွင့်အလမ်းများကိုဖန်တီးပေးနိုင်တဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစားများ တည်ထောင်လုပ်ကိုင်နိုင်ရေးကို အားပေးရန် လိုအပ်ပါတယ်။ ပြည်ပလုပ်ငန်းရှင်တွေ လာရောက်ရင်းနှီးမြှုပ်နှံကာ စီးပွားရေးလုပ်ငန်းများ တည်ထောင်လုပ်ကိုင်နိုင်အောင် ဆွဲဆောင်နိုင်တဲ့ စီးပွားရေးဝန်းကျင်မျိုးဖန်တီးပေးရမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ စီးပွားရေးလက်ဝါးကြီးအုပ်စိုးမှု မရှိအောင် ထိန်းကျောင်းပေးမယ့် ဥပဒေများ (Anti-trust Law)ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။




**(ဂ)ပညာရေး**

မြန်မာနိုင်ငံပညာရေးစနစ် ခေတ်မီအဆင့်မြင့်ကောင်းမွန်နေရေးအတွက် ပညာရေးကဏ္ဍမှာ နိုင်ငံတော်ဘဏ္ဍာငွေပိုမိုသုံးစွဲဖို့ လိုအပ်တယ်လို့ယုံကြည်ပါတယ်။

မြန်မာနိုင်ငံသားများ အသက်မွေးဝမ်းကျောင်းပညာရပ်များကို အတန်းပညာနဲ့ ဉာဏ်ရည်ဉာဏ်သွေးအလိုက်သင်ကြားနိုင်ဖို့ နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

**(ဃ) ကျန်းမာရေး**

နိုင်ငံသားများကို ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍမှာ နိုင်ငံတော်ဘဏ္ဍာငွေ ပိုမိုသုံးစွဲရေးကို အရှိုချင်းအမျိုးသားပါတီက လွှတ်တော်တွင်အဆိုပြုတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးအာမခံစနစ် (Health Insurance Service)ကို ပီပြင်စွာတည်ထောင်ရန် အရှိုချင်းအမျိုးသားပါတီက ကြိုးပမ်းဆောင်ရွက်မှာဖြစ်ပါတယ်။ တစ်မျိုးသားလုံးဝင်ငွေနှင့် အခွန်အတုတ်များ တိုးတက်များပြားစွာရရှိမှုအပေါ် မူတည်ပြီး အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုများအား အခမဲ့ဆေးဝါးကုသမှုပေးသည့်စနစ်ကိုကျင့်သုံးရန် လွှတ်တော်တွင်အဆိုပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

**(င) လယ်ယာမြေအသုံးချမှု**

တောင်သူလယ်သမားတွေ မြေပိုင်ဆိုင်ခွင့် ခိုင်မာမှုရရှိရေးအတွက် အစိုးရက အားပေးကူညီမှု၊ ကာကွယ်စောင့်ရှောက်မှု ပြုရမှာဖြစ်တယ်လို့ အရှိုချင်းအမျိုးသားပါတီက အလေးအနက်ယုံကြည်ပါတယ်။ နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ပိုင်ခွင့်နဲ့အသုံးပြုခွင့်ပေးနေမှုတွေအပေါ် ပြန်လည်စိစစ်သုံးသပ်ဖို့နဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူတွေက အမှန်တကယ်လုပ်ငန်းများ လုပ်ဆောင်ခြင်းရှိမရှိကို ထိရောက်စွာ ကြပ်မတ်အရေးယူမှုများပြုလုပ်ဖို့ လွှတ်တော်တွင်အဆိုပြုတိုက်တွန်းသွားမှာ ဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြတဲ့ ကျေးလက်ဒေသနေ တောင်သူလယ်သမားများ မြေမဲ့ယာမဲ့ဘဝရောက်ရှိသွားခြင်းမျိုး မဖြစ်ရလေအောင် အရှိုချင်းအမျိုးသားပါတီက လွှတ်တော်တွင်တင်ပြဆွေးနွေးကာကွယ်သွားမှာ ဖြစ်ပါတယ်။

**နိဂုံးချုပ်အနေနဲ့**

အရှိုချင်းအမျိုးသားပါတီမှ လွှတ်တော်ကိုယ်စားလှယ်များဟာ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များကို ကောင်းစွာရှုမြင်သုံးသပ်ပြီး အချိန်အခါ အခြေအနေနဲ့ လိုက်လျောညီထွေတဲ့မေးခွန်းတွေ၊ ဆွေးနွေးမှုတွေ၊ ထောက်ခံမှုတွေ၊ ကန့်ကွက်မှုတွေနဲ့ အဆိုတင်သွင်းမှုတွေကို ပါတီရဲ့မူဝါဒတွေအပေါ်အခြေခံပြီး မေးမြန်းပြောဆို လုပ်ဆောင်သွားမယ်ဆိုတာ တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။

မြန်မာနိုင်ငံသူနိုင်ငံသားအပေါင်း လိုအင်ဆန္ဒများပြည့်ဝကြပါစေ-

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်အတွင်းရှိနိုင်ငံရေးပါတီများတွေ့ဆုံ

**မတ္တရာ စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့်တွေ့ဆုံပွဲကို စက်တင်ဘာ ၂၁ ရက်က မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက မိတ်ဆက်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ညွှန်ကြားချက်အမှတ် (၁/၂၀၁၄)နှင့် နိုင်ငံရေးပါတီများလိုက်နာရမည့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများမှ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက အသီးသီး ရှင်းလင်းဖြေကြားခဲ့ကြကြောင်းသိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



# ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၃

**ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းနော်ခေးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၃ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီ အစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မိုင်ဆုန်ခ (မင်္ဂလာပါခင်ဗျား)**

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဟာ ရှမ်းပြည်နယ်နဲ့ရှမ်းတိုင်းရင်းသားအားလုံးကို အခြေခံပြီးဖွဲ့စည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုပါတီတစ်ခုဖြစ်ပါတယ်။ စတင်တည်ထောင်ခဲ့တဲ့ ၁၉၈၈ ခုနှစ်ကစပြီး ကနေ့ထိတိုင် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးစတဲ့ တာဝန်များကို ကျရာကဏ္ဍကနေ မဆုတ်မနစ် မယိမ်းမယိုင်ကြံ့ကြံ့ခိုင်ရပ်တည်ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ သက်သေအထင်အရှားရှိပါတယ်။ ရှမ်းအမျိုးသားတို့ရဲ့ သမိုင်းမှာ ရင့်ကျက်၊ တည်ငြိမ်၊ ရိုးသားရဲရင့်သော နိုင်ငံရေးပါတီတစ်ခုအဖြစ်လည်း ရပ်တည်မြဲရပ်တည်လျက်ရှိပါတယ်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ ငြိမ်းချမ်းခြင်းတို့အတွက် မည်သူ့မျက်နှာကိုမျှမထောက်ထားဘဲ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား လျှောက်လှမ်းနေတဲ့ ပါတီတစ်ခုဖြစ်တာနဲ့အညီ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံတဲ့စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ပေါက်လာရေးဟူသော သမိုင်းပေးတာဝန် တစ်ရပ်ကို မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်ရင်း အနာဂတ်တွင်လည်း အားမာန်အပြည့်ဖြင့် ဆက်လက်ချီတက်မည့်ပါတီဖြစ်တယ်ဆိုတာကို ဦးစွာပဏာမ မိတ်ဆက်လိုပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်လျက်ရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး အင်္ဂလိပ် ကိုလိုနီလက်အောက်ကနေ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေးရရှိခဲ့ပါတယ်။ ၎င်းလွတ်လပ်ရေးဟာ တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာလက်တွဲပြီး နယ်ချဲ့ဖက်ဆစ်နဲ့ ကိုလိုနီစနစ်တို့ကို အတူတကွစုပေါင်းတွန်းလှန်ပြီး ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဗမာပြည်မခေါင်းဆောင်တွေနဲ့ တောင်တန်းဒေသခေါင်းဆောင်များဟာ လွတ်လပ်ရေးကိုအတူတကွ ရယူကြမယ်၊ ပြည်ထောင်စုနိုင်ငံကြီးတစ်ခုထူထောင်ကြမယ်၊ ၎င်းပြည်ထောင်စုဟာ နိုင်ငံရေးအရတန်းတူမှုရှိရမယ်၊ တိုင်းရင်းသားလူမျိုးတိုင်း ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ရှိရမယ်ဆိုတဲ့ ကတိကဝတ်ကိုအခြေခံပြီး ၁၉၄၇ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အဲဒီပင်လုံစာချုပ်ကနေ ပြည်ထောင်စုမြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့တာ အားလုံးအသိပါ။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပင်လုံမူ၊ ပင်လုံကတိကဝတ်နှင့် ပင်လုံသဘောတူညီချက်များအပေါ်အခြေခံပြီး မိမိရဲ့နိုင်ငံရေးလမ်းစဉ်ကို ပြတ်ပြတ်သားသားချီတက်လျက်ရှိပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်ကာလမှာ ဒေသတွင်းနိုင်ငံများအကြားသာမက အာရှအဆင့်မှာပါ ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာမြင့်မားစွာရပ်တည်နိုင်ခဲ့ပါတယ်။ ထိုစဉ်အခါမှာ ရန်ကုန်တက္ကသိုလ်ဟာ အဆင့်မြင့်ဆုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဟာ အကောင်းမွန်ဆုံး၊ မင်္ဂလာဒုံလေဆိပ်ဟာ အကြီးကျယ်ဆုံးဖြစ်ခဲ့သလို ရန်ကုန်မြို့တော်ဟာလည်း အသန့်ရှင်းဆုံးအဖြစ် ရပ်တည်ခဲ့ပါတယ်။

လက်ရှိမှာ ၂၀၁၄ ခုနှစ် ကိန်းဂဏန်းများအရ နိုင်ငံသားတစ်ဦးချင်းစီရဲ့ ဝင်ငွေဟာ တစ်နှစ်မှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ခန့်သာရှိပြီး နိုင်ငံ့လူဦးရေရဲ့ ၃၆. ၇ရာခိုင်နှုန်းဟာ ဆင်းရဲမွဲတေမှုမျဉ်းအောက်ရောက်ရှိနေပါတယ်။ ခေတ်စနစ်တွေပြောင်းလဲလာတာ ခဲ့ဝေမှု မညီမျှတဲ့အတွက် ဆင်းရဲချမ်းသာကွာဟမှုပြဿနာဟာ အချိန်နဲ့အမျှ ကြီးမားကျယ်ပြန့်လျက်ရှိပါတယ်။ လက်တစ်ဆုပ်စာ လူတန်းစားတစ်ရပ်ကထားစရာမရှိလောက်အောင်အလွန်အမင်းချမ်းသာ ကြွယ်ဝနေချိန်မှာအများစုသောပြည်သူလူထုဟာ အလွန်အမင်းဆင်းရဲတဲ့ဘဝမှာ ရောက်ရှိနေကြပါတယ်။ ထို့အတူပျမ်းမျှလူ့သက်တမ်းဟာလည်း ၆၃. ၃၉နှစ်အထိ ကျဆင်းရောက်ရှိနေပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံမှာကျင့်သုံးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်မယ်ဆိုရင် တိုင်းရင်းသားပြည်သူ လူထုအများစုရဲ့ ဆန္ဒသဘောထားများနဲ့အညီ ဖော်ဆောင်နိုင်ခြင်းမရှိတဲ့အတွက် တိုင်းရင်းသား သွေးစည်းညီညွတ်မှု လျော့ရဲပြိုကွဲလာတဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း အကြိမ်ကြိမ်ပျက်စီးခဲ့ရပါတယ်။ တိုင်းပြည်ဟာ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံအဖြစ်သို့ကျဆင်းခဲ့ပြီး ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနဲ့ လူနေမှုအဆင့်အတန်းများ နိမ့်ကျသထက် နိမ့်ကျလျက်ရှိနေပါတယ်။ ညံ့ဖျင်းတဲ့ခေါင်းဆောင်မှုနဲ့ လူထုဆန္ဒနဲ့ တစ်ထပ်တည်းမကျတဲ့အခြေခံဥပဒေတွေကြောင့် တိုင်းရင်းသားပြည်သူအများစုဟာ စစ်မှန်တဲ့ပညာသင်ကြားရေးနဲ့လည်း အလှမ်းဝေး၊ ထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း မခံစားရ၊ စစ်ပွဲများရဲ့ ဆိုးရွားတဲ့ရိုက်ခတ်မှုဒဏ်ကိုလည်း နှစ်ပေါင်းများစွာကြုံဆုံနေခဲ့ရပါတယ်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးခံစားနေရတဲ့ ဆင်းရဲဒုက္ခများ၊ ပူပင်သောကများ၊ လျော့ပါးချုပ်ငြိမ်းနိုင်ဖို့ ရင်ဆိုင်ဖြေရှင်းရေးဟာ ပြည်သူတွေနဲ့တစ်သားတည်းဖြစ်တဲ့ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မဖြစ်မနေသယ်ပိုးထမ်းဆောင်ရမယ့် သမိုင်းပေးတာဝန်ပဲလို့ ရှုမြင်ခံယူထားပါတယ်။ အဲဒီသမိုင်းပေးတာဝန်ကို ထမ်းဆောင်ဖို့အတွက် လွှတ်တော်အတွင်းဝင်ရောက်ပြီး ကြိုးပမ်းဖြေရှင်းခြင်းဟာလည်း လက်ခံကျင့်သုံးသင့်တဲ့ နိုင်ငံရေးနည်းလမ်းတစ်ခုအဖြစ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်လက်ခံထားပါတယ်ခင်ဗျား။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

အလျဉ်းသင့်တုန်း ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နိုင်ငံရေးဆောင်ရွက်မှုသမိုင်းအကျဉ်းကိုအနည်းငယ် တင်ပြလိုပါတယ်။ ကျားခေါင်းပါတီခေါ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ကို ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့မှာ တရားဝင်စတင်တည်ထောင်ခဲ့ပါတယ်။ ၁၉၉၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ မြန်မာတစ်နိုင်ငံလုံး ရွေးကောက်ခံကိုယ်စားလှယ် ဒုတိယအများဆုံး ရရှိခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာ စတင်ကျင်းပတဲ့ အမျိုးသားညီလာခံကြီးကို တက်ရောက်ခဲ့ပါတယ်။ ၎င်းအမျိုးသားညီလာခံကြီးဟာ တိုင်းရင်းသားလူမျိုးများ အတူစုပေါင်းနေထိုင်တဲ့ စစ်မှန်တဲ့ပြည်ထောင်စု ကြီးတည်ဆောက်ရေးကို ဖော်ဆောင်ပေးနိုင်လိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ တက်ရောက်ခဲ့ပေမယ့် အထင်နဲ့အမြင်လွဲခဲ့လို့ ၂၀၀၄ ခုနှစ်မှာ ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံကြီးကို ကျော်ခိုင်းခဲ့ရပါတယ်။ တစ်ဆက်တည်းမှာ ၂၀၀၈ ဖွဲ့စည်းပုံ




အခြေခံဥပဒေအရကျင်းပတဲ့ ၂၀၁၀ အထွေထွေရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုတဲ့အတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တရားဝင်ရပ်တည်မှုကို စွန့်လွှတ်ခဲ့ရသလို ပါတီခေါင်းဆောင်ကြီးများဟာလည်း နှစ်ရှည်ထောင်ချမှတ် ခံခဲ့ရပါတယ်။ ၂၀၁၂ ခုနှစ်မှာ ခေါင်းဆောင်ကြီးများ ပြန်လည်လွတ်မြောက်လာပြီး ပါတီကိုပြန်လည်မှတ်ပုံတင်ခဲ့ပေမယ့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကိုတော့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ပါဘူး။ ပါတီတရားဝင်ရပ်တည်ခွင့် ပြန်လည်ရရှိတာနဲ့ တစ်ပြိုင်နက် တိုင်းပြည်အတွက်အရေးကြီးဆုံး ဖြေရှင်းရမယ့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စကို အထောက်အကူပြုနိုင်ဖို့အတွက် ရှမ်းတိုင်းရင်းသားများအချင်းချင်းကြား ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်းညီလာခံကို ရန်ကုန်မြို့တွင်လည်းကောင်း၊ တိုင်းရင်းသားအင် အားစုအချင်းချင်းကြား ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း ညီလာခံကို လားရှိုးမြို့နှင့်တောင်ကြီးမြို့တို့မှာ တစ်ကြိမ်စီအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်တွင်းတိုင်းရင်းသားနိုင်ငံရေးလှုပ်ရှားမှုတွင် ဦးဆောင်မှုအခန်းကဏ္ဍကနေ ပြီး စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ (UNA) ကိုဦးဆောင်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ UNA ဟာ တိုင်းရင်းသားပါတီများ၊ တိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီပါတီများ၊ ဒီမိုကရက်တစ်အင်အားစုများနှင့် လူမှုအခြေပြုအဖွဲ့အစည်းများကို ဖိတ်ခေါ်စုစည်းပြီး မျက်မှောက်ကြုံတွေ့နေရတဲ့ နိုင်ငံရေးပြဿနာများကို ဝိုင်းဝန်းအဖြေရှာ နိုင်ဖို့အတွက် UNA နှင့် မိတ်ဖက်အဖွဲ့အစည်းများညီလာခံကို သုံးကြိမ်တိုင်တိုင်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်တဲ့ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့ကို အာမခံတဲ့စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရန်အတွက် လွှတ်တော်တွင်း လွှတ်တော်ပ နည်းလမ်းနှစ်ရပ်လုံးနဲ့ ဟန်ချက်ညီစွာ ကြိုးပမ်း ဆောင်ရွက်သွားမယ့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ကျားခေါင်းပါတီကို တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိ၏အသည်းကြားမှ မဲတစ်ပြားကို ယုံကြည်စွာ အပ်နှံဆန္ဒပြုကြပါရန် အလေးအမြတ်ပြု တိုက်တွန်းနှိုးဆော်အပ်ပါတယ်ခင်ဗျား။

## မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ အသိပညာပေးသင်တန်းဖွင့်

**ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၂၃**

ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်၌ မြို့နယ်အဆင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ အသိပညာပေးနည်းပြသင်တန်းကို စက်တင်ဘာ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့ကရိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးအောင်မြင့်က မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်၊ မဲရုံပုံစံချမှတ်ခြင်းနှင့် ကြိုတင်ပြင်ဆင်မှုများ၊ ကြိုတင်မဲပေးခြင်း၊ ခိုင်လုံမဲများနှင့် ပယ်မဲများစသည့်တို့ကို ခေါင်းစဉ်အလိုက် သင်ကြားပို့ချသည်။

အဆိုပါ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၁၅ ဦးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အထောက်အကူပြုအဖွဲ့ဝင် ၁၂ ဦး စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

## ကော့သောင်းခရိုင် အထွေထွေရွေးကောက်ပွဲ မဲရုံသုံးပစ္စည်းများ ရောက်ရှိ

**ကော့သောင်း စက်တင်ဘာ ၂၃**

ကော့သောင်းခရိုင်အတွင်း မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာများရှိမဲရုံများတွင် ထွေထွေရွေးကောက်ပွဲကြီးတွင် အသုံးပြုရန် မဲရုံသုံးပစ္စည်းများ စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ တောင်ကြီးသင်္ဘောဖြင့် ကော့သောင်းမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါမဲရုံသုံးပစ္စည်းများအဖြစ် ဆန္ဒမဲပုံးများ၊ မဲရေတွက်ခြင်းများ၊ မဲရုံဝန်ထမ်းများ ဝတ်ဆင်အသုံးပြုရန် အင်္ကျီများ၊ မဲရုံသုံး စာရွက်စာတမ်းများ၊ ပုံစံများ၊ စာရေးကိရိယာပစ္စည်းများဖြစ်ပြီး ရောက်ရှိလာသည့် မဲရုံသုံးပစ္စည်းများကို ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများ ပြည့်စုံမှန်ကန်မှုရှိမရှိ စိစစ်လက်ခံပြီးလုံခြုံစိတ်ချရသည့် ခရိုင်ကော်မရှင်ရုံးစတိုခန်းအတွင်း စနစ်တကျထားသိုသိမ်းဆည်းကာ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာမဲရုံများသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ပြန်/ဆက်)**



## အခြေခံမဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားမှု ကြည့်ရှုစစ်ဆေး

**မြင်းမူ စက်တင်ဘာ ၂၃**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူများဆန္ဒမဲပေးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာပေးလျက်ရှိရာ စက်တင်ဘာ ၂၃ရက်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် (စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ) ဦးဝင်းကြည်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် မြင်းမူမြို့ မြောက်ပိုင်းရပ်ကွက်နှင့် အနောက်ပိုင်း ရပ်ကွက်တို့၌ ထုတ်ပြန်ကြေညာထားသည့် အခြေခံမဲဆန္ဒရှင်စာရင်းများနှင့် သတ်မှတ်ပုံစံများဖြင့် ပြင်ဆင်လျှောက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြင်းမူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့်အတွင်းရေးမှူး ဦးတင်အောင်ဝင်းတို့က မြို့နယ်အတွင်း အခြေခံမဲဆန္ဒရှင်စာရင်းများ ကြေညာထားမှုနှင့် ကော်မရှင်လုပ်ငန်း များဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**

# ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၃

**ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ ဗဟိုကော်မတီအတွင်းရေးမှူး ဦးကိုကိုက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၃ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော မြန်မာနိုင်ငံသူ/ နိုင်ငံသား၊ မိဘပြည်သူများခင်ဗျား-**

ကောင်းကျိုးလိုရာဆန္ဒနဲ့ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်. . .။ ကျွန်တော်ကတော့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP) မှ ဗဟိုကော်မတီအတွင်းရေးမှူး ဦးကိုကိုဖြစ်ပါတယ်။

ဒီကနေ့ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံထုတ်လွှင့်မှုအစီအစဉ်မှာ မြန်မာနိုင်ငံသူ/ နိုင်ငံသားများသိရှိနိုင်ရန် ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP) ၏ မူဝါဒရှေ့လုပ်ငန်းစဉ်များကို တင်ပြသွားမှာဖြစ်ပါတယ်။ ပဏာမအနေနဲ့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP) အကြောင်းကို အကျဉ်းမျှတင်ပြပါရစေ။

ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP) ဟု အမည်ပြုထားသော်လည်း ရှေးပဝေသဏီခေတ်မှ ယနေ့မျက်မှောက် ခေတ်ကာလအထိ အတူနေတိုင်းရင်းသားများအားလုံးရဲ့အကျိုးကို ကျောသားရင်သားမခွဲခြားဘဲ အေးအတူပူအမျှ တန်းတူညီမျှသောအကျိုးကို ဆောင်ကြဉ်းပေးလိုတဲ့အတွက် ဒီနာမည်ကို ရွေးချယ်ထားခြင်းဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှာလည်း ပအိုဝ်းလူမျိုးကိုယ်စားလှယ်၊ တောင်ရိုးလူမျိုးကိုယ်စားလှယ် စသည်ဖြင့်ပါဝင်နေပြီး ဒေသအကျိုးအတွက် ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ပါတယ်။

**လေးစားအပ်ပါသော မြန်မာနိုင်ငံသူ/နိုင်ငံသား၊ မိဘပြည်သူအပေါင်းနှင့် ဓနုတိုင်းရင်းသားအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီကို ၂၀၁၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲအပြီး ၂၀၁၂ ခုနှစ် (မေ)လမှာ စတင်တည်ထောင်ခဲ့ကြတာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၂ ခုနှစ် (ဇူလိုင်)လ ၃ ရက်နေ့မှာ တရားဝင်ပါတီတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ မှတ်ပုံတင်အမှတ်က (၅၇) ဖြစ်ပါတယ်။ကျွန်တော်တို့ပါတီရဲ့အလံဟာ အနီရောင် ထောင့်မှန်စတုဂံပုံအလယ်တည့်တည့်မှာ အဖြူရောင် အဝိုင်းတစ်ခုပါရှိပြီး အဖြူရောင် အဝိုင်းအတွင်းမှာ ဓနုအိုးစည်ပုံပါရှိပါတယ်။ ဓနုအိုးစည်ပုံပါတဲ့ အဖြူရောင်အဝိုင်းကို အရွယ်တူ ရွှေဝါရောင်ကြယ် ၁၄ လုံးက ဝန်းရံထားတဲ့ပုံဖြစ်ပါတယ်။ အဓိပ္ပာယ်ကို ရှင်းလင်းတင်ပြရရင် "ပြည်ထောင်စုထဲက ဓနုလူမျိုး" ဟူ၍ ရည်ညွှန်းလိုခြင်းဖြစ်ပါတယ်။ ပါတီ၏ အမှတ်တံဆိပ်ကတော့ အနီရောင်အောက်ခံရဲ့ ဘယ်ဘက်ထိပ်မှ ဓနုအိုးစည်ပုံပါ အဖြူရောင်အဝိုင်းပါရှိပြီး အဝိုင်းရဲ့နံဘေးဘက်နဲ့ အောက်ဘက်တွေမှာ ပါတီရဲ့အမည်ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ထင်ရှားစွာဖော်ပြထားပါတယ်။ ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီရဲ့ အောင်နိုင်ရေးဆောင်ပုဒ်ကတော့ အင်္ဂလိပ်ဘာသာအားဖြင့် "EQUALITY"၊ မြန်မာဘာသာဖြင့် "တန်းတူညီမျှဖြစ်စေမည်" ဖြစ်ပါတယ်။ ဓနုလူမျိုးရဲ့သမိုင်းကြောင်းကိုတင်ပြရင် အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွေမှာ နိုးကြားတက်ကြွစွာပါဝင်ခဲ့ကြပြီး မြန်မာ့လွတ်လပ်ရေးပန်းတိုင်တစ်ခုဖြစ်တဲ့ ပင်လုံစာချုပ်မှာ တိုင်းရင်းသားကိုယ်စားလှယ်အဖြစ် ဓနုလူမျိုး ဦးခွန်စောက ပါဝင်လက်မှတ် ရေးထိုးခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP) ရဲ့ ရည်ရွယ်ချက်အချုပ်ကို တင်ပြရရင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး တန်းတူရည်တူအပြန်အလှန်လေးစားတန်ဖိုးထားရေး၊ စစ်မှန်သောမျိုးချစ်စိတ်ကို ထာဝရရှင်သန်စေပြီး ဥပဒေဘောင်အတွင်းအတူတကွ နေထိုင်နိုင်ရေး၊ မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ရာတွင် ဟန်ချက်ညီညီ တိုးတက်လာနိုင်စေရေး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအား ငြိမ်းချမ်းပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရာတွင် အခြားအခြားသော တိုင်းရင်းသားများနှင့်အတူ လက်တွဲပူးပေါင်းပါဝင်ရေးနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်နေခဲ့သော နောင်ချိုမြို့နယ်အား ပါဝင်သတ်မှတ်နိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းလှုပ်ရှားရေးတို့ ဖြစ်ပါတယ်။

**ဆက်လက်ပြီး ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP) ရဲ့ ရှေ့လုပ်ငန်းစဉ်အကြောင်းကို တင်ပြလိုပါတယ်။**

၁။ နိုင်ငံသားတိုင်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ လွတ်လပ်စွာရေးသားဟောပြောခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းပြုပိုင်ခွင့်များကို တရားဥပဒေနှင့် သော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးနှင့် သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် လွတ်လပ်စွာပြုမူဆောင်ရွက်နိုင်သော အခြေခံရပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းသွားမည်။

၂။ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ တိုင်းရင်းသားအားလုံး နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနယ်ပယ်အသီးသီးတွင် တန်းတူရည်တူ လုပ်ပိုင်ခွင့်များရရှိစေရေး ကြိုးပမ်းသွားမည်။

၃။ တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့၏စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို စောင့်ရှောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခွင့်များရရှိစေရေး ဆောင်ရွက်သွားမည်။

၄။ နှစ်ပေါင်း(၆၀) ကျော်တိုင်အောင် မပြီးဆုံးသေးသော ပြည်တွင်းစစ်ကို ရပ်စဲစေပြီး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်။

၅။ ဓနုဒေသအတွင်း စီးပွားရေးတိုးတက်မြင့်မားလာစေရန် ပြည်တွင်း၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ၊ ချေးငွေများနှင့် ထောက်ပံ့ငွေများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဖွဲ့အစည်းကြီးများ၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ဒေသဆိုင်ရာများနှင့် အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူရေး၊ ချစ်ကြည်ရေးမူများဖြင့် ဆက်ခံ၊ လက်ခံဆောင်ရွက်သွားမည်။

၆။ ဓနုဒေသအတွင်း အရင်းအနှီးဖူလုံစေရန်၊ တိုင်းရင်းသားတို့၏ စုဆောင်းမှုမြင့်မားလာစေပြီး စုဆောင်းသမျှ တိုးပွားမှုရှိစေရန်နှင့် တစ်ဖက်တွင် စီးပွားရေးလုပ်ငန်းများအတွက် ချေးယူနိုင်သော ရန်ပုံငွေပမာဏပေါ်များလာစေရန်အတွက် ပြည်ထောင်စုအတွင်းရှိဘဏ်များ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်အကူအညီရယူပြီး ကျယ်ပြန့်နက်ရှိုင်းစွာ ဖော်ဆောင်သွားမည်။

၇။ ကျေးလက်နေပြည်သူတို့ဘဝ တိုးတက်မြင့်မားလာစေရေးအတွက် စီးပွားရေးအထောက်အကူပြု အစီအစဉ်များ၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုအစီအမံများ ဆောင်ရွက်သွားမည်။

၈။ ဒေသတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်မီး စသည့်လူ့အဖွဲ့အစည်း၏ အခြေခံလိုအပ်ချက်များ ပြည်စုံကုံလုံမှုရှိအောင် ဆောင်ရွက်သွားမည်။

၉။ သစ်တောပြုန်းတီးခြင်း၊ မြေပြိုခြင်း၊ ချောင်းမြောင်းများ တိမ်ကောလာခြင်း၊ ရာသီဥတုဖောက်ပြန်လာခြင်းစသော သဘာဝဘေးအန္တရာယ်များကို လက်တွေ့ကျသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများ ချမှတ်ပြီး တားဆီးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ၏ အကူအညီရယူကာ ဒေသအတွင်း ကြိုးပမ်းဆောင်ရွက်သွားမည်။



**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍစတဲ့ လူမှုရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခံလိုက်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကြိုးစားအားထုတ်မှုကြောင့် အခန်းကဏ္ဍပေါင်းစုံမှာ တိုးတက်လာနေပြီဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ သက်တမ်းကာလမှာလည်း ကြိုးစားဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီမှ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရရှိလာသည့်အကျိုးကျေးဇူးများကိုလည်း ဓနုလူမျိုးတစ်မျိုးတည်းသာကွက်ပြီး ခံစားရခြင်းမဟုတ်ဘဲ ဒေသအတွင်းမှာ အတူယှဉ်တွဲနေထိုင်ကြတဲ့ ညီနောင်တိုင်းရင်းသားများအားလုံးဟာလည်း အတူတကွ ခံစားရရှိနေကြပြီ ဖြစ်ပါတယ်။

ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP)ဟာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မှတ်ပုံတင်ထားခြင်းမဟုတ်ဘဲ ဒေသဆိုင်ရာ ပါတီတစ်ခုအဖြစ် မှတ်ပုံတင်ထားခြင်းသာဖြစ်ပါတယ်။ သို့ဖြစ်သည့် အားလျော်စွာ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်အတွင်းမှာသာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ပင်းတယမြို့နယ်နဲ့ ရွာငံမြို့နယ်မှာ ခုနစ်ဦး၊ နောင်ချိုမြို့နယ်နဲ့ ကလောမြို့နယ်တွေမှာ လေးဦးစီနဲ့ ရပ်စောက်မြို့နယ်နဲ့ တောင်ကြီးမြို့နယ်တွေမှာ နှစ်ဦးစီအားလုံးပေါင်း ၁၉ ဦး ယှဉ်ပြိုင်စေမှာ ဖြစ်ပါတယ်။

လွှတ်တော်အဆင့်အနေနဲ့တင်ပြရင် ပြည်သူ့လွှတ်တော်အတွက်ငါးဦး၊ အမျိုးသားလွှတ်တော်အတွက် သုံးဦးနဲ့ ပြည်နယ်လွှတ်တော်အတွက် ၁၁ ဦးဖြစ်ပါတယ်။ ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (DNDP) မှ ကိုယ်စားလှယ်များအနိုင်ရရှိပါက တိုင်းရင်းသားများရသင့်ရထိုက်သည့် တန်းတူညီမျှအခွင့်အရေးများကို လွှတ်တော်ထဲမှာ ကြိုးစားဆောင်ရွက်ပေးသွားမှာဖြစ်သကဲ့သို့ အမိမြန်မာပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်း အခြားလွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အထူးလေးစားရပါသော မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

မိဘပြည်သူများအားလုံးကို ပန်ကြားမေတ္တာရပ်ခံလိုတာကတော့ ၂၀၁၅ ခုနှစ် (နိုဝင်ဘာလ) ၈ ရက်နေ့မှာ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးမှာ ကျွန်တော်တို့ပါတီ ဝင်ရောက်ယှဉ်ပြိုင်မယ့် မဲဆန္ဒနယ်တွေမှာ ကျွန်တော်တို့ ကိုယ်စားလှယ်များကို မဲပေးကြဖို့အတွက် မိဘပြည်သူများရဲ့ မေတ္တာ၊ စေတနာတွေကိုခံယူပါရစေ။

နိဂုံးချုပ်အနေဖြင့် နောင်လာမည့်အနာဂတ်ကာလတွင် တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီမျှဖြစ်စေဖို့၊ တန်းတူညီမျှ တိုးတက်စေဖို့ EQUALITY ဖြစ်စေဖို့ ၂၀၁၅ ခုနှစ် (နိုဝင်ဘာလ) ၈ ရက်နေ့မှာကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ မိမိတို့အသည်းကြားက မဲတစ်ပြားကို မှန်ကန်သောအတွေးအခေါ်၊ ပြည့်ဝသောခံယူချက်၊ ထက်သန်သော စိတ်စေတနာတို့ဖြင့် ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (DNDP)ရဲ့ လွှတ်တော်အဆင့်ဆင့် မဲပုံးများထဲသို့ မဲထည့်ပေးကြပါရန် လေးစားစွာဖိတ်ခေါ်ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**"တိုင်းရင်းသားတိုင်း တန်းတူညီမျှဖြစ်စေဖို့ အိုးစည်ပုံကိုမဲထည့်ကြစို့"**

အားလုံးကိုကျေးဇူးတင်ပါတယ်။

## ကျောက်မဲမြို့နယ်ကော်မရှင်အဖွဲ့မှ မဲစာရင်းကပ်ထားမှုများ ကြည့်ရှုစစ်ဆေး

**ကျောက်မဲ စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်အတွင်းရှိ ရပ်ကွက်ကိုးခုနှင့် ကျေးရွာများသို့ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ ကပ်ထားမှုအခြေအနေကို ကျောက်မဲမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ လိုက်လံကြည့်ရှုခဲ့သည်။ ကျောက်မဲမြို့နယ်ကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးမြို့ဆောင်က မဲဆန္ဒရှင်စာရင်းတွင် မဲပေးပိုင်ခွင့်ရှိသူများမကျန်ရှိစေရေး ကျေးရွာအုပ်စုရုံးများတွင်သာမက အလှမ်းဝေးသည့်ကျေးရွာများတွင်ပါ မဲစာရင်းကြေညာထားခြင်းများ ဆောင်ရွက်ရန်မှာကြား ခဲ့သည်။

ကျောက်မဲမြို့နယ်အနေဖြင့် မဲဆန္ဒနယ်မြေနှစ်ခု၊ မဲရုံပေါင်း ၁၀၉ ရုံ၊ မဲပေးပိုင်ခွင့်ရှိသူ ၁၂၃၅၉၅ ဦးရှိပြီး မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းမကျန်ရှိစေရေး၊ မဲစာရင်းတွင် မိမိအမည်ပါ/မပါ၊ အချက်အလက်များမှန်ကန်မှုရှိ/မရှိလာရောက်ကြည့်ရှုရေးအတွက် ကျေးရွာရှိဆယ်အိမ်မှူးများက တစ်အိမ်တက်ဆင်း မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သိန်းသန်း(ပြန်/ဆက်)**

## မုံ့ရွာခရိုင်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၃ ဦး ယှဉ်ပြိုင်မည်

**မုံရွာ စက်တင်ဘာ ၂၃**

ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီးတွင် မုံရွာခရိုင်အတွင်းရှိ မြို့နယ်(၄)ခုမှ လွှတ်တော်ကိုယ်စားလှယ်(၁၃)နေရာအတွက် နိုင်ငံရေးပါတီ(၅)ခုမှ ကိုယ်စားလှယ်လောင်း(၅၃)ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ မုံရွာခရိုင်အတွင်းမှာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၄)နေရာ၊ တစ်ခရိုင်လုံးအတွက် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်(၁)နေရာ၊ မုံရွာမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ်(၁)နှင့် (၂)၊ ချောင်းဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)နှင့် (၂)၊ အရာတော်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)နှင့် (၂)၊ ဘုတလင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)နှင့် (၂)နေရာတွေကို စုစုပေါင်းကိုယ်စားလှယ်လောင်း ၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။ **(ဖိုးချမ်း-မုံရွာ)**